# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကုန်ကျစရိတ်တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်

၂၀၂၁ – ၂၀၃၀

၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| | | |
|---|---|---|
| | အတိုကောက်စကားလုံးများ | ၃ |
| | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၅ |
| | ကျေးဇူးတင်လွှာ | ၁၀ |
| ၁ | နိဒါန်း | ၁၁ |
| ၂ | ဆောင်ရွက်ခြင်းအတွက် အစီအစဉ်ရေးဆွဲခြင်း | ၁၂ |
| ၃ | အခြေပြမျဉ်း(အချိန်ကာလ) | ၁၅ |
| ၄ | မဟာဗျူဟာမြောက် ချဉ်းကပ်မှုနှင့် ကုန်ကျစရိတ်များ | ၁၆ |
| ၅ | ရုပ်ဝတ္ထုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ လျာထားချက်များ အကျဉ်းချုပ် | ၁၈ |
| ၆ | အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – မူဝါဒများ၊ ဥပဒေများနှင့် လမ်းညွှန်ချက်များ | ၂၂ |
| ၇ | အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – အဖွဲ့အစည်းများ၏တာဝန်ယူမှု အစီအစဉ် | ၂၇ |
| ၈ | အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – ရလိုမှု ဖြစ်ပေါ်စေခြင်း | ၃၅ |
| ၉ | အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – ပစ္စည်းရရှိမှုနှင့်ဈေးကွက်များ | ၄၁ |
| ၁၀ | အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – ငွေကြေးရရှိမှု | ၄၆ |
| ၁၁ | အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်နှင့် အသိပညာဆိုင်ရာ စီမံခန့်ခွဲခြင်း | ၅၂ |
| ၁၂ | အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – သာတူညီမျှမှု | ၅၈ |
| ၁၃ | တောထိုင်ခလေ့ကင်းစင်သော ကျေးလက်ဒေသ ရပ်ရွာများ | ၆၁ |
| ၁၄ | ကောင်းမွန်သန့်ရှင်းသော အိမ်သာကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း – အိမ်ထောင်စု | ၆၄ |
| ၁၅ | ကောင်းမွန်သန့်ရှင်းသော တစ်ကိုယ်ရေ သန့်ရှင်းရေးကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း | ၇၆ |
| ၁၆ | ကောင်းမွန်သန့်ရှင်းသောအိမ်သာကို လက်လှမ်းမီခြင်းနှင့်အသုံးပြုခြင်း– ကျောင်းများ | ၇၈ |
| ၁၇ | ကောင်းမွန်သောသန့်ရှင်းအိမ်သာကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း – ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ | ၈၂ |
| ၁၈ | အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို လက်လှမ်းမီခြင်း | ၈၄ |

၁၉ အရေးပေါ် အခြေအနေများတွင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်လှမ်းမီခြင်း ၈၈

**အတိုကောက်စကားလုံးများ**

| | | |
|---|---|---|
| BCC | Behaviour Change Communication | အပြုအမူပြောင်းလဲရန်ဆက်သွယ်ခြင်း |
| CATS | Community Approaches to Total Sanitation | ပြည်သူလူထု ချဉ်းကပ်မှုဖြင့် အလုံးစုံ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းစဉ် |
| CLTS | Community Led Total Sanitation | ပြည်သူလူထု ဦးဆောင်သော အလုံးစုံ သန့်ရှင်းရေးလုပ်ငန်းစဉ် |
| CSO | Civil Society Organization | အရပ်ဖက် လူမှုအဖွဲ့အစည်း |
| CSR | Corporate Social Responsibility | လူမှုအဖွဲ့အစည်း အကျိုးပြုလုပ်ငန်း |
| DALY | Disability–Adjusted Life Year | မသန်စွမ်းမှု ညှိနှိုင်းပြီး အသက်နှစ် |
| DHS | Demographic and Health Survey | လူနေမှုဘဝနှင့် ကျန်းမာရေး ဆိုင်ရာအခြေခံ အချက်အလက် စစ်တမ်း |
| EASAN | East Asian Sanitation Network/ Conference | အရှေ့အာရှနိုင်ငံများ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ ဝန်ကြီးများ အဆင့် ညီလာခံ |
| EMIS | Education Management Information System | ပညာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် |
| FSM | Fecal Sludge Management | မိလ္လာအနှစ်နှင့် ချိုးများစွန့်ပစ်မှု စီမံခန့်ခွဲခြင်း |
| GDP | Gross Domestic Product | စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုး |
| GPI | Gender Parity Index | ကျား၊မ ပညာသင်ကြားမှု အညွှန်းကိန်း |
| HCF | Health Care Faciliy | ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ |
| HMIS | Health Management Information System | ကျန်းမာရေး စီမံခန့်ခွဲမှု သတင်း အချက်အလက် စနစ် |
| IA | Implementing Agency | အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်း |
| IDP | Internally Displaced Persons | ဒေသတွင်း ရွှေ့ပြောင်း နေထိုင်ရသူများ၊ |

| | | |
|---|---|---|
| | | စစ်ဘေး ရှောင်သူများ |
| IPC | Inter-Personal Communication | လူအချင်းချင်း ဆက်သွယ်ပြောဆိုခြင်း |
| JMP | Joint Monitoring Program | ပူးတွဲ စောင့်ကြည့် စစ်ဆေးခြင်း အစီအစဉ် |
| M&E | Monitoring and Evaluation | စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း |
| MDG | Millennium Development Goals | ထောင်စုနှစ် ရည်မှန်းချက် ပန်းတိုင်များ |
| MHM | Menstrual Hygiene Management | ဓမ္မတာသန့်ရှင်းရေး အစီအမံ |
| MICS | Multiple indicator Cluster Survey | အုပ်စုလိုက် ဘက်စုံညွှန်ကိန်း စစ်တမ်း ကောက်ယူခြင်း |
| MIS | Management Information System | စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် |
| MoHS | Ministry of Health and Sports | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| MSDP | Myanmar Sustainable Development Plan | မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း |
| NA | Not Applicable | ကိန်းဂဏန်းမရှိ/မရ၊ မရရှိနိုင် |
| NGO | Non-Governmental Organization | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| O&M | Operation & Maintenance | လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း |
| ODF | Open Defecation Free | တောထိုင်ဝေလေ့ကင်းစင်ခြင်း |
| RHC | Rural Health Center | ကျေးလက်ကျန်းမာရေးဌာန |
| S&H | Sanitation and Hygiene | သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး |
| SDG | Sustainable Development Goals | စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ |
| SHG | Self Help Group | ကိုယ့်အားကိုယ်ကိုးအုပ်စုကိုယ်ထူကိုယ်ထအုပ်စု |
| SWA | Sanitation and Water for All | အားလုံးအတွက် သန့်ရှင်းရေးနှင့် ရေကောင်း ရေသန့် ရရှိရေး |
| TWG | Technical working Group | နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ |
| UNICEF | United Nations Children Fund | ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ |
| WASH | Water, Sanitation and Hygiene | ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး |
| WHO | World Health Organization | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ |

## အဓိပ္ပါယ်ဖွင့်ဆိုချက်များ

| | |
|---|---|
| ကုန်ကျစရိတ်တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ် | ကုန်ကျစရိတ်တွက်ချက်ထားသောအကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်တွင် သတ်မှတ်ထားသော အချိန်ကာလအတွင်း သတ်မှတ်ထားသည့် ရည်မှန်းချက်များ ပြည့်မီရန်အတွက် မြန်မာနိုင်ငံကျေးလက်ဒေသသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒကို အကောင်အထည်ဆောင်ရွက်ရန်အတွက် ဗျူဟာမြောက်ချဉ်းကပ်မှုပါဝင်သည်။ ၎င်းတွင် ကျယ်ပြန့်သော ပြောင်းလဲမှုဖြစ်ပေါ်ရန်နှင့် နည်းပညာထောက်ပံ့မှု ဆိုင်ရာလုပ်ငန်းများ (software)နှင့်  အခြေခံအဆောက်အဦ (hardware) တိုးတက်မှုများ ရရှိရန်အတွက် အထောက်အပံ့ ဖြစ်စေ သောဝန်းကျင် အစိတ်အပိုင်းများ ပါဝင်သည်။ ၎င်းအပြင် အသိပညာ မြှင့်တင်ရေး ဆိုင်ရာလုပ်ငန်းများ (software)နှင့် အခြေခံ အဆောက် အဦ (hardware) တိုးတက်မှုများ ရရှိရန်အတွက် (အိမ်ထောင်စုဆိုင်ရာ သန့်ရှင်းရေးကဏ္ဍခွဲ အတွက်) ကုန်ကျစရိတ်လည်း ပါဝင်သည်။ |
| သန့်ရှင်းရေး | သန့်ရှင်းရေးဆိုသည်မှာ လူ့မစင်အညစ်အကြေးများကို အိမ်သာမှ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ မစင်စွန့်သော နေရာတွင် သန့်စင်ခြင်း သို့မဟုတ် သယ်ယူပြီး  သန့်စင်ခြင်းနှင့် အပြီးသတ် အသုံးပြုခြင်း သို့မဟုတ် စွန့်ပစ်ခြင်းတို့အထိ လုံခြုံစိတ်ချရသော စီမံခန့်ခွဲမှုအတွက် အသုံးအဆောင်များ နှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်းကို ဆိုလိုသည်။ ပိုမိုကျယ်ပြန့်စွာဆိုရလျှင် သန့်ရှင်းရေးတွင် အမှိုက်နှင့် တိရစ္ဆာန် အညစ်အကြေးကို လုံခြုံစိတ်ချရသော စီမံခန့်ခွဲမှုတို့လည်း ပါဝင်သည်။ (https://www.who.int/topics/sanitation/en/) |
| သန့်ရှင်းရေးဆိုသည်မှာ | သန့်ရှင်းရေးဆိုသည်မှာ လူတို့၏ကာယစိတ္တ နှစ်ဖြာသောသုခကို နှောင့်ယှက်ဟန့်တားနိုင်သည့် အကြောင်းအချင်းအရာမှန်သမျှ လျော့နည်းသည်မှ လုံးဝပပျောက်သည်အထိ ဆောင်ရွက်ခြင်းဖြစ်သည်။ သန့်ရှင်းရေးသည်မှာ လူ့အဖွဲ့အစည်းတစ်ခုအတွင်းတွင် သပ်ရပ်သန့်ရှင်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ ကျန်းမာခြင်းနှင့် |

| | |
|---|---|
| | ပြည့်စုံသော အလေ့အထများတို့ အားလုံးနှင့် ပြည့်စုံသော ယဉ်ကျေးမှုအဆင့်တစ်ခု ရှိခြင်းဖြစ်ပါသည်။ အဆိုပါယဉ်ကျေးမှုသည် တောရော မြို့ပါ အိမ်များ၊ ကျောင်းများ၊ အဖွဲ့အစည်းများ၊ ခရီးသွားသော နေရာများ စသည့် နေရာအားလုံးတွင် ရှိနေရပါမည်။ သန့်ရှင်းရေး၏ အဓိပ္ပါယ်သည် အိမ်သာရှိခြင်း၊ အိမ်သာသုံးစွဲခြင်းတို့ထက် ပိုပြီး အလုံးစုံ ဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်သော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ကောင်းမွန်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အပြုအမူများသည် လူတိုင်း အရိုးစွဲနေသောအလေ့အကျင့် ဖြစ်ရပါမည်။ ယင်းတို့ မရှိခြင်းသည် လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်း တစ်ခုလုံးကို သက်တောင့်သက်သာနှင့် စိတ်ချမ်းမြေ့မှု မရှိအောင် ပြုလုပ်ခြင်း ဖြစ်ပါသည်။ |
| လက်ဆေးခြင်း | လက်ဆေးခြင်းဆိုသည်မှာ သင့်လက်များသည် အမြင်အရ အညစ်အကြေးများ စွန်းထင်းပေကျံနေပါက သို့မဟုတ် အစာစား/ကျွေးခြင်း၊ အိမ်သာ အသုံးပြုခြင်း၊ ကလေး အညစ် အကြေးများ (ကလေးဖင်ဆေးခြင်း အပါအဝင်) သန့်စင်ဆေးကြောခြင်းနှင့် အခြားလုပ်ဆောင်ချက်များကို မပြုလုပ်မီ/ ပြုလုပ်ပြီးနောက် ရေနှင့် ဆပ်ပြာတို့ဖြင့် သင့်လက်များကို သန့်ရှင်းစေသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ အညစ်အကြေးများ စွန်းထင်းပေကျံခြင်း မရှိပါက ရေနှင့်ဆပ်ပြာ သို့မဟုတ် အရက်ပြန်ပါသော လက်သန့်ဆေးရည်ဖြင့် သင့်လက်များကို သန့်ရှင်းစေသည့် လုပ်ဆောင်ချက် ဖြစ်ပါသည်။ |
| တစ်ကိုယ်ရေသန့်ရှင်းရေး | တစ်ကိုယ်ရေသန့်ရှင်းရေး ဆိုသည်မှာ မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်နှစ်ခုလုံးကို သန့်ရှင်းအောင် ဆောင်ရွက်ထိန်းသိမ်းခြင်းကို ဆိုလိုသည်။ “အထူးသဖြင့် လူတစ်ဦးချင်းစီ၏ သဘောသဘာဝအရလုပ်ဆောင်ချက်အပြုအမူအားဖြင့် ကျန်းမာရေးနှင့် လူမှုဘဝ တိုးတတ် မြင့်မားလာစေခြင်း”ကို ဆိုလိုပါသည်။ ၎င်းသည် ကိုယ်ခန္ဓာ အထူးသဖြင့် လက်များကို သန့်ရှင်းစေသည်။ အစားအစာနှင့် ရေကို လွှမ်းခြုံစေသည်။ ရောဂါပိုးမွှား ကင်းစင်သည့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစေသည်။ |
| ကောင်းမွန်သန့်ရှင်းသော အိမ်သာ | မစင်မှတစ်ဆင့် ပါးစပ်သို့ မစင်ပိုးမွှားများ ရောက်ရှိခြင်းနှင့် ရေထု ညစ်ညမ်းခြင်းကို လက်တွေ့တားဆီးနိုင်သည့်အိမ်သာ အမျိုးအစား |

| | |
|---|---|
| | ဖြစ်ပါသည်။ ယင်ကောင်သည် မစင်အညစ်အကြေးဆီသို့ မရောက် နိုင်ခြင်းနှင့် လူဆီသို့ ပြန်မလာနိုင်ခြင်းကို ဆိုလိုသည်။ အိမ်သာကြောင့် ရေအရင်းအမြစ်များအားလုံးသည် ညစ်ညမ်းမှုမဖြစ်စေရ ဟုဆိုလိုသည်။ |
| အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှု | စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များတွင် ကောင်းမွန်သန့်ရှင်း သောအိမ်သာအတွက် အသုံးပြုသောဝေါဟာရ ဖြစ်သည်။ ကောင်းမွန်သန့်ရှင်းသော အိမ်သာကို အိမ်ဝိုင်းတစ်ခုအတွင်း အခြားအိမ်ထောင်စုများနှင့် မျှဝေသုံးစွဲမှု မပြုခြင်း ဖြစ်ပါသည်။ မစင်မှတစ်ဆင့် ပါးစပ်သို့ မစင်ပိုးမွှားများရောက်ရှိခြင်းနှင့် ရေထုညစ်ညမ်းခြင်းကို လက်တွေ့တားဆီးနိုင်သည့် အိမ်သာ ဖြစ်ပါသည်။ ယင်ကောင်သည် မစင်အညစ်အကြေးသို့ မရောက်နိုင်ခြင်းနှင့် လူဆီသို့ ပြန်မလာနိုင်ခြင်းကို ဆိုလိုသည်။ အိမ်သာကြောင့် ရေအရင်းအမြစ်များအားလုံး ညစ်ညမ်းမှုမဖြစ်စေရဟု ဆိုလိုသည်။ |
| ကောင်းမွန်၍ လုံခြုံစိတ်ချသော သန့်ရှင်းရေး ဝန်ဆောင်မှု | ကောင်းမွန်သန့်ရှင်းသော အိမ်သာကို အိမ်ဝိုင်းတစ်ခုအတွင်း အခြားအိမ်ထောင်စုများနှင့် မျှဝေသုံးစွဲမှု မပြုခြင်း ဖြစ်ပါသည်။ အညစ်အကြေးများကို အိမ်သာတွင် လုံခြုံစိတ်ချစွာ စွန့်ပစ်ခြင်း သို့မဟုတ် အခြားတစ်နေရာသို့ သယ်ဆောင်သန့်စင်စေခြင်း သို့မဟုတ် ပြည့်သွားသောတွင်းကို ဖို့၍ တွင်းအသစ်တူးခြင်းတို့ကို ဆောင်ရွက်ပါသည်။ ကောင်းမွန်သန့်ရှင်းသော အိမ်သာ/အခြေခံ သန့်ရှင်းရေး ဝန်ဆောင်မှုမှ မိလ္လာကို လုံခြုံစိတ်ချရအောင် သိမ်းဆည်း၊ သယ်ဆောင်၊ သန့်စင်၊ စွန့်ပစ်ခြင်း ဖြစ်ပါသည်။ အိမ်သာကို သာမက သန့်စင်ပြီး အညစ်အကြေးများကို အပြီးသတ် စွန့်ပစ်သည်အထိ ပါဝင်သည်။ |
| ပူးတွဲစောင့်ကြည့် စစ်ဆေးခြင်း အစီအစဉ် | စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးတွဲ ဆောင်ရွက်သောနိုင်ငံတကာ စောင့်ကြည့်စစ်ဆေးခြင်းစနစ်။ ကိန်းဂဏန်း အရင်းအမြစ်သည် ပုံမှန်အားဖြင့် လူနေမှုဘဝနှင့် ကျန်းမာရေး ဆိုင်ရာအခြေခံအချက်အလက်စစ်တမ်း၊ အုပ်စုလိုက်ဘက်စုံညွှန်ကိန်း စစ်တမ်းကောက်ယူခြင်း စသည်ဖြင့် နိုင်ငံကို အခြေခံသည့် ကိန်းဂဏန်းစုဆောင်းသည့်စနစ်များ ဖြစ်ပါသည်။ နိုင်ငံတစ်ခု၏ အပြောင်းအလဲပြမျဉ်းကို ကိန်းဂဏန်းမျိုးစုံ စနစ်များအား အခြေခံ၍ ရေးဆွဲသည်။ |

| | |
|---|---|
| ကျောင်းသန့်ရှင်းရေး | ကျောင်းတစ်ကျောင်းရှိ ကျောင်းသားကျောင်းသူများ၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအတွက် သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်/ အိမ်သာ။ ကျား/မ သီးသန့်ခွဲခြားခြင်း၊ လုံခြုံ စိတ်ချရသော သန့်ရှင်းရေး အဆင့်အတန်းများရှိခြင်း၊ အရေအတွက် လုံလောက်ခြင်း (ဆီးသွား ခွက်များ/အိမ်သာများနှင့် ကျောင်းသားကျောင်းသူများနှင့် ဝန်ထမ်းတို့၏ အချိုး)၊ လက်ဆေးရန်နှင့် ဓမ္မတာလာချိန် တစ်ကိုယ်ရေ သန့်ရှင်းရေး အစီအမံ အသုံးအဆောင် ရှိခြင်း။ |
| ဆေးရုံဆေးခန်း သန့်ရှင်းရေး | ဆေးရုံများနှင့်ဆေးခန်းများရှိ သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်/ အိမ်သာ။ဆေးရုံ၏အရွယ်အစား၊ပြင်ပ/အတွင်းလူနာများနှင့်ကျန်းမာရေး ဝန်ထမ်းများ၏ အရေအတွက်အလိုက် အချိုးကိုက်ညီမှု ရှိခြင်း။ |
| ဓမ္မတာလာချိန် တစ်ကိုယ်ရေ သန့်ရှင်းရေး စီမံဆောင်ရွက်မှု | ကျောင်းများတွင် အမျိုးသမီးငယ်များ၏ ဓမ္မတာလာချိန်တွင် အသုံးပြုရန် သီးသန့် အသုံးအဆောင်များထားရှိခြင်း၊ သုံးစွဲပြီးအသုံးအဆောင်များအား လုံခြုံစွာ စနစ်တကျစွန့်ပစ်ခြင်း။ ပုံမှန်အားဖြင့် ကျောင်းများနှင့် အများပြည်သူသုံး အမျိုးသမီးသန့်စင်ခန်းများတွင် အမျိုးသမီးငယ်များ ဓမ္မတာသန့်ရှင်းရေးအတွက် လုံခြုံစွာနှင့် စနစ်တကျ အသုံးပြုနိုင်ရန် ပံ့ပိုးပေးခြင်း။ |
| ဖွံ့ဖြိုးမှု မိတ်ဖက်များ | အလှူရှင်များ၊ ဖွံ့ဖြိုးမှုဘဏ်များနှင့် ဘက်စုံဖွံ့ဖြိုးမှုအဖွဲ့ အစည်းများ။ |
| ပတ်ဝန်းကျင် ပြင်ပ၌ အပေါ့အလေးစွန့်ခြင်း (သို့မဟုတ်) တောထိုင်ခြင်း | မစင်များကို စနစ်တကျစွန့်ပစ်နိုင်ရန်စီမံထားသည့် အိမ်သာတွင် စွန့်ပစ်ခြင်းမှလွဲ၍ အခြားနေရာများတွင် စွန့်ပစ်ခြင်း (လေနှင့် အကာအကွယ်မဲ့ ထိတွေ့အောင် စွန့်ပစ်ခြင်း။ ချုံပုတ်များနောက်တွင် သို့မဟုတ် မြစ်ချောင်းအင်းအိုင်ထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်း။ ယင်ကောင် သို့မဟုတ် ရေနှင့် အကာ အကွယ်မဲ့ ဖြစ်နေသော အဖုံးမရှိသည့် တွင်းအိမ်သာများတွင် မစင်စွန့်ခြင်း) |
| တောထိုင်ဓလေ့ ကင်းစင်ခြင်း | ပတ်ဝန်းကျင်တွင် တောထိုင်ခြင်း မရှိသော အနေအထား |
| ကျယ်ပြန့်သော အစီအစဉ် At-scale program | လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ကျေးရွာ၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး/ ပြည်နယ် အဆင့်ဆင့်ကို လျာထားသော အစီအစဉ်။ |
| စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု | ၂၀၁၅ တွင် အတည်ပြုချမှတ်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက် |

| | |
|---|---|
| ပန်းတိုင်များ၏ လျာထားချက်များ | မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ။ ဖွံ့ဖြိုးမှု လျာထားချက် ၁၇ ခုကို ၁၀၀% လွှမ်းခြုံ/လက်လှမ်းမီခြင်းရရှိရန် ရည်မှန်းသည်။ လျာထားချက် ၆ သည် ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကို လွှမ်းခြုံသည်။ လျာထားချက် ၆.၂ သည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို လွှမ်းခြုံသည်။ “၂၀၃၀ ပြည့်နှစ်တွင် အားလုံးအတွက် လုံလောက်၍ သာတူညီမျှ ဖြစ်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လက်လှမ်းမီ ခြင်းကို ပြည့်မီရန်နှင့် တောထိုင်ခလေ့ကို အဆုံးသတ်ရန်။ အမျိုးသမီးများ၊ မိန်းကလေးများနှင့် ထိခိုက်လွယ်သော အခြေအနေ များတွင် ရှိသောသူများ၏ လိုအပ်ချက်များကို အထူးဂရုပြုရန်။” |

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင် ရေးဆွဲခဲ့ပါသည်။ ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ် ရေးဆွဲခြင်း လုပ်ငန်းစဉ်ကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်း အတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်းနှင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးမှ ဦးဆောင်သည်။ ဤလုပ်ငန်းစဉ်ကို ပတ်ဝန်းကျင်သန့်ရှင်းရေး ဌာနစိတ်၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးငွေးဝင်းက လုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန၊ အခြားနှီးနွယ် ဝန်ကြီးဌာနများမှ အခြေခံပညာဦးစီးဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ အဆောက်အဦ ဦးစီးဌာန၊ ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာ့မီးရထား၊ ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ် (ရန်ကုန်)၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ အခြေခံ ကျန်းမာရေးတက္ကသိုလ် (မကွေး) တို့နှင့် တကွ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့မှ ကျွမ်းကျင်သူများ ပါဝင်သည့် လုပ်ငန်းအဖွဲ့က ဦးဆောင် ညှိနှိုင်းပါသည်။ ကုန်ကျစရိတ် တွက်ချက် ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ် ရေးဆွဲမှု လုပ်ငန်းစဉ်အတွင်း ၎င်းတို့၏ စဉ်ဆက်မပြတ် ဦးဆောင် လမ်းညွှန်မှုများအတွက် လုပ်ငန်းအဖွဲ့ဝင်များကို ကျေးဇူးတင်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ လုပ်ငန်းအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်များ အားလုံး နှင့် ရွေးချယ်ထားသော မြို့နယ်များမှကိုယ်စားလှယ်များသည် ကနဦးအဆင့်၊ မူကြမ်း ရေးဆွဲခြင်း အဆင့်၊ အတိုင်ပင်ခံ အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ပြီး ကုန်ကျစရိတ်တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်ရေးဆွဲရေးအတွက် ကျယ်ကျယ် ပြန့်ပြန့် ဖြည့်ဆည်း

ပေးခဲ့ပါသည်။ ဤအစည်းအဝေးများကို တက်ရောက်ပေးကြသော ကိုယ်စားလှယ်များအားလုံးနှင့် နောက်ကွယ်မှ ဖြည့်ဆည်းပေးကြသူများအားလုံးကို ကျေးဇူးတင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကုန်ကျစရိတ်တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ် ရေးဆွဲပြုစုခြင်းတွင် အကြံပေးပုဂ္ဂိုလ်များ (ဒေါက်တာမင်းသန်းညွန့်နှင့် မစ္စတာအာဂျစ်ကူးမား)ကို ပံ့ပိုးပေးခြင်း အပါအဝင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အခြားဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများကလည်း ကုန်ကျစရိတ်တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ် မူကြမ်းများကို ကိုယ်တိုင်ဖြစ်စေ၊ အင်တာနက်မှဖြစ်စေ ပါဝင်ဖြည့်ဆည်းပေးခဲ့ကြပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဤကုန်ကျစရိတ်တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ် ရေးဆွဲရေးတွင် ပါဝင်ဖြည့်ဆည်းပေးခဲ့ကြသော မိတ်ဖက်အဖွဲ့အစည်းများ အားလုံးကို ကျေးဇူးတင် ပါသည်။

## အကျဉ်းချုပ်

ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်သည် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရ ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒ၏ ရည်မှန်းချက်များ ပြည့်မီရေးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ ရည်ရွယ်ချက်များကို အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းသည် ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး မူဝါဒ၏ ရည်မှန်းချက်ကို ရရှိရန်၊ ၂၀၃၀ ပြည့်နှစ်၌ တောထိုင်ဝလေ့ကင်းစင်သော မြန်မာနိုင်ငံ ကျေးလက်ဒေသ ဖြစ်ပေါ်ရရှိရန်နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀)၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက် အကောင် အထည်ဖော်ရန် ဖြစ်ပါသည်။

ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန် ချဉ်းကပ်လုပ်ကိုင်နည်းတွင် အထောက်အပံ့ဖြစ်စေသော ဝန်းကျင်ကို ပိုမိုကောင်းမွန်ရန် အားဖြည့်ခြင်း၊ ကဏ္ဍ၏လျာထားချက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိအောင်ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ပြင်ပ၌ အပေါ့အလေးစွန့်ခြင်းနှင့် ကောင်းမွန်သန့်ရှင်းမှန်မှု မရှိသော မိလ္လာစနစ်များမှ ကောင်းမွန်၍ လုံခြုံစိတ်ချသော သန့်ရှင်းရေး ဝန်ဆောင်မှုများသို့ အဆင့်မြှင့်တင်ရန် လိုအပ်သော နည်းပညာ ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းများ (software)နှင့် အခြေခံ အဆောက်အဦ (hardware) တိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ အသိပညာ မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို ကဏ္ဍခွဲ များအားလုံးအတွက် တွက်ချက်ထားသော်လည်း အခြေခံ အဆောက်အဦ တိုးတက်မှု လုပ်ငန်းများ ဆိုင်ရာ ကုန်ကျစရိတ် များကို အိမ်ထောင်စုများနှင့် မစင်ချိုး စီမံခန့်ခွဲမှု စက်ရုံများ (faecal sludge management plants) အတွက်သာ ထည့်သွင်း စဉ်းစားထားပါသည်။ အခြားကဏ္ဍခွဲများ၏ ကုန်ကျစရိတ်များကို သက်ဆိုင်ရာဌာနများမှ ၎င်းတို့၏မဟာဗျူဟာနှင့် ကုန်ကျစရိတ် လမ်းညွှန်ချက် များနှင့်အညီ တွက်ချက်မည်ဖြစ်သည်။

### လျာထားချက်များ ၂၀၂၁ - ၂၀၃၀

| | အခြေခံ (၂၀၁၉) | ၂၀၂၂ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|---|
| ပတ်ဝန်းကျင်တွင်အပေါ့အလေး | ၂%[1] | ၂၀% | ၆၀% | ၁၀၀% |

[1] UNICEF internal and partners report 2019

| | | | | |
|---|---|---|---|---|
| သွားမှုကင်းစင်သောရပ်ရွာလူထု | | | | |
| အခြေခံ သန့်ရှင်းရေး ဝန်ဆောင်မှုကို လက်လှမ်းမီခြင်း | ၇၈.၅%[2] | ၈၅% | ၉၅% | ၁၀၀% |
| ကောင်းမွန်ပြီးလုံခြုံစိတ်ချသော သန့်ရှင်းရေး ဝန်ဆောင်မှုကို လက်လှမ်းမီခြင်း | N/A | ၂၀% | ၄၀% | ၇၀%[3] |
| လက်ဆေးခြင်းဆိုင်ရာ အသုံးအဆောင်များကို လက်လှမ်းမီခြင်း | ၇၁%[4] | ၈၀% | ၉၀% | ၁၀၀% |
| ကျောင်းသန့်ရှင်းရေး (အိမ်သာ) | N/A | ၇၀% | ၉၀% | ၁၀၀% |
| ကျောင်း လက်ဆေးစင် | N/A | ၇၀% | ၉၀% | ၁၀၀% |
| ဆေးရုံဆေးခန်းများ သန့်ရှင်းရေး (အိမ်သာ) | | ၇၅% | ၈၅% | ၁၀၀% |
| ဆေးရုံဆေးခန်းများ (လက်ဆေးစင်) | | ၇၅% | ၈၅% | ၁၀၀% |
| အများပြည်သူဆိုင်ရာ နေရာများ သန့်ရှင်းရေး (အိမ်သာ) | N/A | ၆၀% | ၈၀% | ၁၀၀% |
| အများပြည်သူဆိုင်ရာနေရာများ (လက်ဆေးစင်) | N/A | ၆၀% | ၈၀% | ၁၀၀% |

**လိုအပ်သောဘဏ္ဍာရေး ကုန်ကျစရိတ်**

| ငွေလုံးငွေရင်း ကုန်ကျစရိတ် ၂၀၂၁ – ၂၀၃၀ | | ပမာဏ (အမေရိကန်ဒေါ်လာ-သန်း) |
|---|---|---|
| အိမ်ထောင်စုအိမ်သာများ။ ငွေလုံးငွေရင်း 'အိမ်သာမရှိခြင်းမှ အခြေခံ သန့်ရှင်းရေးဝန်ဆောင်မှု | ၁၈၄ | ၂၄၃ |
| အိမ်ထောင်စုအိမ်သာများ။ ငွေလုံးငွေရင်း 'ကောင်းမွန်သန့်ရှင်းမှု မရှိသောအိမ်သာမှ အခြေခံ သန့်ရှင်းရေး ဝန်ဆောင်မှု' | ၆၀ | |

[2] 2019 Intercensal survey, Department of Populations, Ministry of Labour, Immigration and Population, the Government of Myanmar
[3] This envisages a 70% coverage of toilets to be either improved direct pit or leach pit toilets, which are considered in-situ safe sanitation facility. The remaining 30% would be septic tanks or others, which requires off-site treatment, so will require few more years for completion.
[4] 2019 Intercensal survey, Department of Populations, Ministry of Labour, Immigration and Population, the Government of Myanmar

| | | |
|---|---|---|
| အိမ်ထောင်စုအိမ်သာများ။ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း ကုန်ကျစရိတ် | | ၁၅၁၇ |
| မစင်ချိုး စီမံခန့်ခွဲမှု။ မစင်ချိုး စီမံခန့်ခွဲမှု စက်ရုံများ အတွက် ငွေလုံးငွေရင်း | | ၇၀ |

**နည်းပညာ ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းများ (software) ကုန်ကျစရိတ်**

| အညွှန်းကိန်း/ကဏ္ဍခွဲ | ပမာဏ (အမေရိကန် ဒေါ်လာ-သန်း) |
|---|---|
| အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – ဥပဒေများနှင့် လမ်းညွှန်ချက်များရေးဆွဲခြင်း | ၀.၁၈ |
| အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – အဖွဲ့အစည်းများ၏ တာဝန်ယူမှု အစီအစဉ် | ၅၁.၃၁ |
| အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – ရလိုမှု ဖြစ်ပေါ်စေခြင်း | ၄.၂၁ |
| အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – ပစ္စည်းရရှိမှုနှင့် ဈေးကွက်များ | – |
| အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – ငွေကြေးရရှိမှု | ၁.၀၆ |
| အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – စီမံခန့်ခွဲမှု သတင်း အချက်အလက်စနစ်နှင့် အသိပညာဆိုင်ရာ စီမံခန့်ခွဲခြင်း | ၆.၇၈ |
| အထောက်အပံ့ဖြစ်စေသော ဝန်းကျင် – သာတူညီမျှမှု | ၀.၆၀ |
| တောထိုင်ခလေ့ကင်းစင်သော ကျေးလက်ဒေသ ရပ်ရွာများ | ၁၅.၅၃ |
| ကောင်းမွန်သန့်ရှင်းသော အိမ်သာကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း – အိမ်ထောင်စု | ၃၁၃ |
| ကောင်းမွန်သန့်ရှင်းသော တစ်ကိုယ်ရေ သန့်ရှင်းရေးကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း | – |
| ကောင်းမွန်သန့်ရှင်းသောအိမ်သာကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း – ကျောင်းများ | ၂၄.၆၃ |
| ကောင်းမွန်သောသန့်ရှင်းအိမ်သာကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း – ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ | – |
| အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို | ၀.၁၀ |

| | |
|---|---|
| လက်လှမ်းမီခြင်း | |
| အရေးပေါ် အခြေအနေများတွင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်လှမ်းမီခြင်း | - |
| **စုစုပေါင်း** | **၄၁၇.၃၉** |

**နည်းပညာ ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းများ တစ်ခုချင်းစီ ကုန်ကျစရိတ် (ကျေးလက်ဒေသ)**

| | ပမာဏ (အမေရိကန် ဒေါ်လာ) |
|---|---|
| လူတစ်ဦးချင်းစီအတွက် | ၃ |
| ကျေးရွာတစ်ရွာချင်းစီအတွက် | ၁,၆၅၀ |
| မြို့တစ်မြို့ချင်းစီအတွက် | ၃၁၆,၃၂၄ |
| ခရိုင်တစ်ခုချင်းစီအတွက် | ၁,၃၉၁,၈၂၄ |
| တိုင်းဒေသကြီး/ပြည်နယ် တစ်ခုချင်းစီအတွက် | ၆,၉၅၉,၁၁၈ |

## ၁။ နိဒါန်း

(၁) ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်သည် အမျိုးသားအဆင့် မြန်မာနိုင်ငံ ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး မူဝါဒ၏ မျှော်မှန်းချက်ကို ပြည့်မီရန် မဟာဗျူဟာနှင့်အတူ လိုအပ်သော ကုန်ကျစရိတ်များကို တွက်ချက်ထားပါသည်။

(၂) မြန်မာနိုင်ငံ ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒ၏ မျှော်မှန်းချက်

> "သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်နေပြည်သူအားလုံးသည် ပြည်တွင်း၊ ပြည်ပတွင် ပိုမိုတောက်ပသော နိုင်ငံတော်၏ပုံရိပ်ကို ဦးတည်၍ သန့်ရှင်းပြီး လုံခြုံစိတ်ချသော ပတ်ဝန်းကျင်၌ နေထိုင်ခြင်းကို စံပြုထိုက်သောဘဝနေနည်းအဖြစ် ကျင့်သုံးနိုင်ကြစေရန်"

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မူဝါဒသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့် လိုက်လျောညီထွေ ချိတ်ဆက်ပါသည်။ ၎င်းသည် တောထိုင်ခလေ့ ကင်းစင်သော မြန်မာနိုင်ငံ ကျေးလက်ဒေသကို ၂၀၃၀ ခုနှစ်တွင် ဖြစ်ပေါ်စေရန် ရည်မှန်းပါသည်။ ၎င်းတွင် အိမ်ထောင်စုများ၊ ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ အများပြည်သူဆိုင်ရာ နေရာများ (ပွဲလမ်း သဘင်များအပါအဝင်)နှင့် အရေးပေါ် အခြေအနေများအားလုံး၌ အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှု ၁၀၀% လွှမ်းခြုံမှုရှိသော ကျေးလက်ဒေသ ရပ်ရွာများနှင့် မြို့ပြအနီးဝန်းကျင် (peri-urban) နေရာများ ပါဝင်ပါသည်။

(၃) မျှော်မှန်းချက်၏ မဟာဗျူဟာမြောက်ရည်ရွယ်ချက်များမှာ-

- မြို့ပြအနီးဝန်းကျင် )peri-urbanအပါအဝင် ( ကျေးလက်ဒေသများတွင် အမြဲတမ်းနေထိုင်သူများ၊ ကာလတို/ကာလရှည် ဧည့်သည်များ၊ ကာလတို ကာလရှည် ရွှေ့ပြောင်းနေထိုင်သူများ၊ တစ်ရက် သို့မဟုတ် ပိုမိုကြာမြင့်သော ကာလအတွင်း အလုပ်လာလုပ်သူများ အားလုံး တောထိုင်ခလေ့ ကင်းစင်စေရန်

- ကျေးလက်ဒေသများရှိ လူအားလုံးသည် ၂၀၃၀ ခုနှစ်တွင် အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှု လက်လှမ်းမီ ရရှိအသုံးပြုနိုင်ရေးနှင့် ဆပ်ပြာဖြင့် လက်ဆေးနိုင်ခြင်းကို မိမိနေအိမ်၊ စာသင်ကျောင်း၊ အလုပ်နေရာ၊ အများပြည်သူဆိုင်ရာနေရာများ၊ အန္တရာယ်ကျရောက်ချိန် (သို့မဟုတ်) အရေးပေါ် အခြေအနေများနှင့် အခြားလိုအပ်သောနေရာများ စသည်တို့တွင် နေရာမရွေး အချိန်မရွေး လက်လှမ်းမီရရှိရန် ၊ ၄င်းတို့သည်-
    - ၀ လုံခြုံစိတ်ချမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ လူမှုရေး၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီပြီး သုံးစွဲနိုင်သော ကုန်ကျစရိတ်ဖြင့် ဂုဏ်သိက္ခာကို အာမခံချက်ပေးနိုင်သော အသုံး အဆောင်များဖြစ်ရန်
    - ၀ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အချိန်များနှင့် နေ့ည အချိန်မရွေး လွယ်ကူစွာ အသုံးပြုနိုင်ရန်
    - ၀ ကျန်းမာရေးနှင့် ညီညွတ်၍ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရန်
    - ၀ အိမ်သာနှင့်လက်ဆေးရန်နေရာ၊ အစားအသောက်စားသည့်နေရာနှင့် လက်ဆေးရန် နေရာများသည် နီးကပ်ပြီး အချိန်မရွေး လွယ်ကူစွာအသုံးပြုနိုင်ရန်
- အိမ်သာများ၏ အနည်းဆုံး ၇၀% သည် ၂၀၃၀ ခုနှစ်တွင် ကောင်းမွန်ပြီး လုံခြုံစိတ်ချသော သန့်ရှင်းရေး ဝန်ဆောင်မှုကို ပြည့်မီပြီး ကျန် ၃၀ % သည် ၂၀၃၅ ခုနှစ်တွင် ပြည့်မီရန်
- ထိခိုက်လွယ်မှု တစ်ခုခုရှိသူများ အပါအဝင် တစ်ဦးတစ်ယောက်မျှနောက်တွင် မကျန်စေရဘဲ ပြည်သူလူထုအားလုံးသည် တူညီသောခံစားခွင့်ဖြင့် တောထိုင်ခလေ့ ကင်းစင်သည့် ပတ်ဝန်းကျင်နှင့် ပိုမိုကောင်းမွန်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံး အဆောင်များကို ရရှိရန်
- ကလေးမစင် အပါအဝင် မစင်အားလုံးကို အိမ်သာတွင် သို့မဟုတ် အခြား လုံခြုံစိတ်ချရသည့် နည်းလမ်းများဖြင့် စွန့်ပစ်ရန်
- တိရစ္ဆာန်အညစ်အကြေးများ အပါအဝင် အခြားအညစ်အကြေးများကိုလည်း လုံခြုံစိတ်ချရ သည့် နည်းလမ်းများဖြင့် စွန့်ပစ်ရန်
- တောထိုင်ခလေ့ ကင်းစင်ခြင်းနှင့် ကောင်းမွန်သန့်ရှင်းသော အိမ်သာများကို လက်လှမ်းမီမှု သည် ရပ်ရွာလူ့အဖွဲ့အစည်း၏စံ ဖြစ်လာပြီး ၎င်းစံအမူအကျင့်များသည် အနာဂါတ်အတွက် ရေရှည်တည်တံ့မှုကို အာမခံချက်ရှိရန်

- တောထိုင်ခလေ့ကင်းစင်သော မြန်မာနိုင်ငံကျေးလက်ဒေသ မျှော်မှန်းချက် ၂၀၃၀ သည် တောထိုင်ခလေ့ကင်းစင်သော မြန်မာနိုင်ငံဖြစ်ရန် ရည်ရွယ်ပါသည်။

(၄) မဟာဗျူဟာမြောက်ဆောင်ရွက်ခြင်းကို အဆင့်နှစ်ခု ခွဲခြား၍ ဆောင်ရွက်ပါမည်။

- အကျိုးရလဒ်များကို ကြီးမားကျယ်ပြန့်စွာ ရရှိနိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေသော ဝန်းကျင်ကို ဖန်တီးခြင်း။ ရပ်ရွာတစ်ခု သို့မဟုတ် ရပ်ရွာအနည်းငယ်မှ ခရိုင်နှင့် ပြည်နယ်/တိုင်းဒေသကြီးများအထိ အကျိုးရလဒ်များကို ကြီးမားကျယ်ပြန့်စွာ ရရှိနိုင်ရန်အတွက် အထောက်အပံ့ဖြစ်စေသော ဝန်းကျင် ရှိခြင်းသည် အဓိကကျပါသည်။
- အကျိုးရလဒ်များ ရရှိရန်အတွက် နည်းပညာပံ့ပိုးမှုနှင့် ပစ္စည်းထောက်ပံ့မှုဆိုင်ရာ ဆောင်ရွက်မှုများ။ နည်းပညာပံ့ပိုးမှုဆိုင်ရာ ဆောင်ရွက်ခြင်းများသည် ကဏ္ဍခွဲများအားလုံးကို ဦးတည်ပါသည်။ ပစ္စည်းထောက်ပံ့မှုသည် အိမ်ထောင်စုများရှိ အိမ်သာများကိုသာ ရည်ရွယ်ပါသည်။ (ကျောင်းများ၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာ နေရာများ ကဲ့သို့ အဖွဲ့အစည်းများအတွက် ပစ္စည်းကုန်ကျစရိတ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အဖွဲ့အစည်းများက ကျခံမည် ဟုမျှော်မှန်းပါသည်။)

(၅) ထို့ကြောင့် ဤကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖေါ် ဆောင်ရွက်မှု အစီအစဉ်သည် လက်ရှိ အနေအထားကို ကြီးမားစွာ ပြောင်းလဲနိုင်ရန် အတွက်ကဏ္ဍခွဲများအလိုက် အထောက်အပံ့ဖြစ်စေသောဝန်းကျင် (အဖွဲ့အစည်းများ၊ လုပ်နိုင်စွမ်းရည်၊ ငွေကြေး။ စောင့်ကြည့်စစ်ဆေးခြင်း၊ စသည်ဖြင့်) များကို ဖန်တီးပေးရန် ရေးဆွဲထားပါသည်။

**၁.၁။ အခြေခံ အနေအထား**

(၆) ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖေါ် ဆောင်ရွက်မှု အစီအစဉ်သည် ၂၀၂၀ ပြည့်နှစ် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကဏ္ဍခွဲ၏ လက်ရှိနေအထားကို အခြေခံ ရေးဆွဲထားပါသည်။ ထိုအနေအထားကို လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအခြေခံ အချက်အလက် စစ်တမ်း၊ အုပ်စုလိုက်ဘက်စုံညွှန်ကိန်း စစ်တမ်းကောက်ယူခြင်း၊ သန်းခေါင်စာရင်းတို့ အနက် နောက်ဆုံးရရှိသော သတင်းအချက်အလက် အရင်းအမြစ်မှ ရယူပါသည်။

| ညွှန်ကိန်း | အနေအထား | အရင်းအမြစ် |
|---|---|---|
| အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုကို လက်လှမ်းမီခြင်း | ၇၈% | ကြားဖြတ်သန်း ခေါင်စာရင်း ၂၀၁၉ |

| | | |
|---|---|---|
| ကောင်းမွန်သော လက်ဆေးရန်နေရာကို လက်လှမ်းမီခြင်း | ၈၀% | DHS ၂၀၁၇ |
| ကလေးမစင်စွန့်ပစ်ခြင်း | ၅၉% | DHS ၂၀၁၇ |
| တောထိုင်ခလေ့ကင်းစင်သော ရပ်ရွာ အရေအတွက် | ၁၂၄၀ | UNICEF report |
| လုံခြုံစိတ်ချရသောသန့်ရှင်းရေးရှိသည့် ကျောင်းအရေအတွက် | ဆွေးနွေးရန် | DBE |
| လုံခြုံစိတ်ချရသော သန့်ရှင်းရေးရှိသည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အရေအတွက် | ဆွေးနွေးရန် | OEH |

## ၂။ ဆောင်ရွက်ခြင်းအတွက် အစီအစဉ်ရေးဆွဲခြင်း

(၇) **ဆောင်ရွက်ခြင်း၏ လိုအပ်မှုအတိုင်းအတာသည် သတင်းအချက်အလက်၏ အရင်းအမြစ် အလိုက် ပြောင်းလဲပါသည်။ သို့သော် အခြေခံအနေအထားအပေါ် နောက်ဆုံးရရှိသော အချက် အလက်များအရ လုပ်ဆောင်ဖွယ်များ ရှိနေပါသည်။ အဓိကစိန်ခေါ်မှုမှာ လက်ရှိလက်လှမ်းမီနှုန်း ၇၈% ရှိသော** (ကြားဖြတ်သန်းခေါင်စာရင်း ၂၀၁၉) **အိမ်ထောင်စုများ၏ အိမ်သာများ ဖြစ်ပါသည်။ ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီးများအကြား၊ ခရိုင်နှင့် မြို့နယ်များအကြား ကြီးမားသော ကွာဟမှု ရှိပါသည်။ အချို့သောဒေသများတွင် ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ညွှန်ကိန်းများသည် အမျိုးသားအဆင့် ပျမ်းမျှကိန်းထက်နိမ့်သော အခြေအနေတွင် ရှိနေကြပါသည်။**

(၈) **သန့်ရှင်းရေးကို လက်လှမ်းမီမှုတွင် ကောင်းမွန်သောအိမ်သာများနှင့် လုံခြုံစိတ်ချရသော မိလ္လာစနစ်များ တည်ဆောက်ခြင်းနှင့်အတူ ၎င်းတို့ကို အသုံးပြုရန် အပြုအမူ ပြောင်းလဲခြင်းလည်း ပါဝင်ပါသည်။ ၎င်းသည် သတ်မှတ်ထားသော အချိန်အတွင်းတွင် ပြီးစီးရမည့် လုပ်ငန်းကြီး ဖြစ်ပါ သည်။ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများ၌ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ကြီးမားကျယ်ပြန့်သော အကျိုးရလဒ်များ ရရှိလိုပါက အရှိန်အဟုန်မြင့်မားသော လူထုလှုပ်ရှားမှု လုပ်ဟန်ပုံစံတစ်ခုကို လက်ခံကျင့်သုံးရန် လိုအပ်ပါသည်။ ဤလူထု လှုပ်ရှားမှုသည် အကျိုးရလဒ်သို့ ထိရောက်စွာရောက်ရှိရန် သာမက ထာဝရ ရေရှည်တည်တံ့ရန်အတွက် စည်းစနစ် ကျသော အစီအစဉ်ရေးဆွဲခြင်း လိုအပ်ပါသည်။ ပါဝင်သော အချို့အကြောင်းအရာများသည် ဤအစီ အစဉ်၏ အသီးအပွင့်ရရှိမှုအတွက် အရေးပါပါသည်။**

- **အထောက်အထားအခြေပြု ချဉ်းကပ်နည်း။** အခြေခံအဆောက်အဦများနှင့် အပြုအမူ ပြောင်းလဲခြင်းအတွက် အကြောင်းရင်းများသည် လူများ၊ အိမ်ထောင်စုများ၊ ရပ်ရွာများနှင့်

မြို့နယ်/ခရိုင်များအကြား ကွာခြားမှုရှိပါသည်။ ဆောင်ရွက်ခြင်းသည် အခြေအနေနှင့် သင့်လျော်ရပါမည်။ လိုအပ်ချက်အပေါ် အခြေခံ၍ ပြောင်းလဲဆောင်ရွက်ရပါမည်။ မြို့နယ်/ခရိုင် သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်များကဲ့သို့ အကောင်အထည်ဖေါ် ဆောင်ရွက်သော ယူနစ်တစ်ခုစီသည် ခြားနားသော ဝိသေသ လက္ခဏာများ ရှိသည့်အတွက် ချဉ်းကပ်နည်း တစ်ခုသည် နေရာအားလုံးနှင့် သင့်လျော်သည်ဆိုသော အယူအဆကို ဆုပ်ကိုင်မထားရန် အရေးကြီးပါသည်။ ချဉ်းကပ်နည်းတို့ကို ဒေသ၏ဝိသေသ လက္ခဏာ များနှင့် ဆီလျော်အောင် ပြုလုပ်ရပါမည်။ ရုပ်ဝတ္ထုဆိုင်ရာ၊ အာရုံသိမှု၊ လုပ်နိုင်စွမ်းရည်၊ အရင်းအမြစ်များတို့၏ လက်ရှိ အနေအထားကို သိရှိနိုင်ရန် အထောက်အထားများအပေါ် အခြေခံရပါမည်။ ထို့ကြောင့် ဝင်ရောက်ဆောင်ရွက်မှုကို လိုအပ်ချက်များနှင့် အသေးစိတ် ညှိယူရပါမည်။ ၎င်းအထောက် အထားများသည် မရှိ (သို့မဟုတ်) အကန့်အသတ်ဖြင့် ရှိနေပါက လက်ရှိ အခြေအနေ၏ အဆင့်အတန်းကို နားလည်နိုင်စေရန် အနေအထား စိတ်ဖြာလေ့လာခြင်း သို့မဟုတ် ကနဦး သုတေသနကို ပြုလုပ်ရန် လိုအပ်ပါသည်။ ထူးခြားသော အကြောင်း အရာများအလိုက် ၎င်းတို့ကို မည်သည့်အဆင့်တွင်မဆို ဆောင်ရွက်နိုင်ပါသည်။ ဥပမာ - တိုင်းဒေသကြီး/ ပြည်နယ်သည် တစ်ပြေးတည်းတူညီသော နေထိုင်သူများ ရှိပါက တိုင်းဒေသကြီး/ပြည်နယ် အဆင့်တွင် ဆောင်ရွက်ရမည်။ သို့ရာတွင် နေထိုင်သူများသည် မတူရောနှောမှု ရှိပါက ကွဲပြားမှုများကို သိရှိနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ် အောက်အဆင့် မြို့နယ်/ခရိုင်များတွင် လေ့လာမှုများ ပြုလုပ်ရန် အကောင်းဆုံး ဖြစ်ပါသည်။

- **အထောက်အပံ့ဖြစ်စေသော ပတ်ဝန်းကျင်ရှိခြင်း** (စနစ်များဖြင့် ချဉ်းကပ်နည်း)။ စမ်းသပ် ကျေးရွာများ/ ကျေးရွာအနည်းငယ်ကို တောထိုင်ဓလေ့ ကင်းစင်အောင် ပြုလုပ်ခြင်းသည် ပိုမိုရိုးရှင်းသော အလုပ်ဖြစ်ပါသည်။ သို့သော် မြို့နယ်များ/ ခရိုင်များ/ တိုင်းဒေသကြီးများ/ ပြည်နယ်များတွင် တောထိုင်ဓလေ့ ကင်းစင်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ရရှိစေခြင်းအတွက် အထောက်အပံ့ဖြစ်စေသော ဝန်းကျင်တစ်ခုရှိရန် လိုအပ်ပါသည်။ တိုးချဲ့ ဆောင်ရွက်မှုကို လွယ်ကူမှုရှိစေရန် ထိုပတ်ဝန်းကျင်အတွက် လိုအပ်သော စနစ်များသည် နေရာတကျရှိရန် လိုပါသည်။ ၎င်းတို့တွင် လုပ်နိုင်စွမ်းရည် တည်ဆောက်ခြင်းနှင့်အတူ အဖွဲ့အစည်းစနစ်၊ စောင့်ကြည့်စစ်ဆေးခြင်းစနစ်၊ ဘဏ္ဍာရေး စနစ်နှင့် အလားတူစနစ်များ ပါဝင်ပါသည်။ ယင်းစနစ်များရှိခြင်းက လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ရန်အတွက် အဆင်ပြေ ချောမွေ့ပြီးထိရောက်မှုရှိသည်ကို သေချာစေ ပါသည်။ ထို့ကြောင့် အစိတ်အပိုင်း တစ်ခုစီကို အသေးစိတ် အစီအစဉ်ရေးဆွဲပြီး လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ အစတွင် နေရာတကျ စီစဉ်ရန် လိုအပ်ပါသည်။

- **လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကိုအချိန်အပိုင်းအခြားသတ်မှတ်ခြင်း။**

**အကောင် အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကြီးမားပြီး ဆောင်ရွက်ရမည့်အချိန်မှာ အကန့်အသတ်ရှိသောကြောင့်** အကောင်အထည်ဖော်**ဆောင်ရွက်ရေးလုပ်ငန်းများကို ပိုမို အာရုံစူးစိုက်ရန် လိုပါသည်။ နိုင်ငံအဝှမ်း လူထုလှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် အမြန် ဖြန့်ကျက်လိုသောဆန္ဒကို ဖယ်ရှားရပါမည်။ အမျိုးသားအဆင့်** အပြုအမူပြောင်းလဲရန် ဆက်သွယ်**ဆောင်ရွက်ခြင်းကဲ့သို့သော အချို့ လုပ်ဆောင်ချက်များကို နိုင်ငံ အနှံ့ ပြန့်နှံ့အောင် လုပ်ဆောင်ရမည်။ သို့သော် လျာထားဆောင်ရွက်မည့်လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် လူအချင်းချင်း ဆက်သွယ်ပြောဆိုခြင်းကို အဆင့်ဆင့် လုပ်ဆောင်မှ သာပို၍ ကောင်းမွန်ပါသည်။ ယခုနှင့် ၂၀၃၀ ပြည့်နှစ်အတွင်း မြို့နယ်/ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ် ယူနစ်တစ်ခုစီမှ လိုအပ်ချက်စုစုပေါင်းကို အဆင့်လိုက် ခွဲဝေ၍ အလွှာတစ်ခုစီတွင် ဝင်ရောက် ဆောင်ရွက်ခြင်းကို အချိန်ကာလ အပိုင်းအခြားများအလိုက် စတင်ရမည်။ အလွှာ တစ်ခုစီကို သတ်မှတ်ရန်အတွက် ဆုံးဖြတ်ရန် မူအချို့ကို အသုံးပြုရမည်။ ဥပမာ - တောထိုင် ဓလေ့မရှိသော (သို့မဟုတ်) နည်းသော (အိမ်ထောင်စုအားလုံးနီးပါး အိမ်သာရှိကြသော်လည်း အဆင့်မြင့်တင်ရန်လိုသည်) ကျေးရွာများ၊** တစ်သားတည်း ဖြစ်သော **ကျေးရွာ၊** ရောက်ရှိရန် မခက်ခဲ**သော**ဒေသများ (**သို့သော်** ခက်ခဲသောဒေသများသို့ရောက်ရှိရန် အဆုံးတိုင်အောင် **အားလုံးကို** လျစ်လျူရှု**ထားခြင်းကို နှိုင်းချင့်သတိပြုရန်**)။ လာမည့် ဆယ်စုနှစ်အတွင်း **ကျေးရွာ**များ**သို့** တိုးချဲ့**ဆောင်ရွက်**ခြင်းကို အောက်တွင်ဖော်ပြထားသည်။

**ဇယား။ ဆောင်ရွက်မည့် ရပ်ရွာများကို အချိန်အပိုင်းအခြားအလိုက် ခွဲခြားခြင်း၊ ၂၀၂၁–၂၀၃၀**

| | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ |
|---|---|---|---|---|---|---|---|---|---|---|
| **ဆောင်ရွက်မည့် ရပ်ရွာများ၏%** (**အကြံပြု**) → | ၁၅ | ၂၀ | ၂၀ | ၁၅ | ၁၀ | ၅ | ၅ | ၅ | ၅ | ၀ |

**၃။ အချိန်ပြမျဉ်း(အချိန်ကာလ)**

(၉) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် မူဝါဒသည် ၂၀၃၀ ပြည့်နှစ်တွင် သန့်ရှင်းသော မြန်မာ့ကျေးလက်ဒေသ ဖြစ်ပေါ်လာရေး မျှော်မှန်းချက်ကို ချမှတ်ခဲ့ပါသည်။ ၂၀၃၀ ပြည့်နှစ်အထိ ကာလကို အခြေခံနှစ် ၂၀၂၁ ခုနှစ်မှစ၍ အချိန်ကာလအလိုက် ကဏ္ဍခွဲများနှင့် အကြောင်းအရာများအပေါ် အခြေခံ၍ ခွဲခြားထားပါသည်။

- ရုပ်ဝတ္ထုဆိုင်ရာ – ၎င်းသည် နှစ်တစ်နှစ်စီအတွက် ရောက်ရှိရမည့် အိမ်ထောင်စုများရှိအိမ်သာ အရေအတွက်ကဲ့သို့ ရုပ်ဝတ္ထုဆိုင်ရာ ပြည့်မီမှုအတွက် လျာထားချက်များကို ပေးပါသည်။
- ငွေကြေးဆိုင်ရာ – မူဝါဒ ရည်မှန်းချက်များကို ပြည့်မီစေရန်အတွက် လိုက်လျောညီထွေ ရှိသော ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များကို အိမ်ထောင်စုသန့်ရှင်းရေးအတွက် သတ်မှတ်ထားသောပစ္စည်း ကုန်ကျစရိတ်များ အပါအဝင် တွက်ချက်ရပါမည်။ လိုအပ်သော ငွေကြေးဆိုင်ရာ လိုအပ်ချက်ကို ကျယ်ပြန့်စွာစဉ်းစားနိုင်ရန် လူတစ်ဦးချင်းစီ၏ အနီးစပ်ဆုံး ကုန်ကျစရိတ်များကို အခြေခံ၍ တွက်ချက်ရပါမည်။

**ဇယား။ လက်ငင်းရလဒ်များနှင့် ရေရှည်ရလဒ်များ၏ ဦးတည်လမ်းကြောင်း**

| ကိန်းဂဏန်း အားလုံးသည် ရာခိုင်နှုန်းများ ဖြစ်ကြပါသည် | အခြေခံနှစ် ၂၀၂၀ | ၂၀၂၂ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|---|
| တောထိုင်ဝလေ့ကင်းစင်သော ရပ်ရွာများ | ၂ | ၂၀ | ၆၀ | ၁၀၀ |
| အခြေခံ သန့်ရှင်းရေးကို လက်လှမ်းမီမှု | ၇၈.၅ | ၈၅ | ၉၅ | ၁၀၀ |
| ကောင်းမွန်ပြီး လုံခြုံစိတ်ချသော သန့်ရှင်းရေး ဝန်ဆောင်မှုကို လက်လှမ်းမီမှု | | ၂၀ | ၄၀ | ၇၀ |
| လက်ဆေးရန်နေရာကို လက်လှမ်းမီမှု | ၇၁ | ၈၀ | ၉၀ | ၁၀၀ |
| ကလေး မစင်ကို လုံခြုံစိတ်ချစွာ စွန့်ပစ်ခြင်း | ၅၉ | ၇၀ | ၉၀ | ၁၀၀ |
| ကျောင်းများ၏ သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်များ | N/A | ၆၀ | ၈၀ | ၁၀၀ |
| ဆေးရုံဆေးခန်းများ၏ သန့်ရှင်းရေး | N/A | ၆၀ | ၈၀ | ၁၀၀ |
| အများပြည်သူနှင့် ဆိုင်သောနေရာများ၏ သန့်ရှင်းရေး | N/A | ၆၀ | ၈၀ | ၁၀၀ |

- ဤမူဝါဒနှင့် ကုန်ကျစရိတ်ကို အခြေခံ၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသည် ၎င်းတို့၏ ခရိုင်/ မြို့နယ်များအတွက် ရုပ်ဝတ္ထုဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အချိန်ကာလများကို အစိတ်အပိုင်းများအဖြစ် ခွဲခြားတွက်ချက်ရပါမည်။

**~~၄။ ချဉ်းကပ်နည်း~~**

~~(၁၀) ဤမူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အစီအစဉ် ကုန်ကျစရိတ် တွက်ချက်ခြင်းသည် လက်ခံအတည်ပြုထားသော ချဉ်းကပ်နည်းတို့အပေါ် အခြေခံပါသည်။~~

~~လိုက်လျောညီထွေမှု – မူဝါဒနှင့် ကုန်ကျစရိတ်များကို အမြဲတစေအခိုင်အမာ သတ်မှတ်ထားခြင်းမဟုတ်ပါ။ အခြေအနေအလိုက် အပြောင်းအလဲများနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်ပါသည်။~~

- ~~မြန်မာနိုင်ငံတွင်း အစိုးရနှင့် အစိုးရမဟုတ်သော ကဏ္ဍများမှ တာဝန်ရှိသူ အမျိုးမျိုးတို့၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အမူအကျင့်ပြောင်းလဲခြင်း အစီအစဉ်များ အဆင့်မြှင့်တင်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှ ရရှိခဲ့သော သင်ခန်းစာများနှင့် ပြည်ပမှ ရရှိခဲ့သော သင်ခန်းစာများကို အခြေခံပါသည်။~~
- ~~၂၀၃၀ ပြည့်နှစ်တွင် ရရှိရန် မျှော်လင့်ထားသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များများ၏ ရည်ရွယ်ချက်များနှင့် ညီညွတ်သော အပြီးသတ် အကျိုးရလဒ်ရရှိရန် အချိန်အပိုင်းအခြား အလိုက် တိုးမြှင့်ဆောင်ရွက်ခြင်း ချဉ်းကပ်မှုနည်းလမ်းကို လက်ခံဆောင်ရွက်ရပါမည်။~~

**၄။ မဟာဗျူဟာမြောက် ချဉ်းကပ်မှုနှင့် ကုန်ကျစရိတ်များ**

**ကုန်ကျစရိတ်အားလုံးကို အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ထားပါသည်။**

(၁၀) မြန်မာနိုင်ငံ ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကဏ္ဍ၏ လျာထားချက်သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များ ၏ လျာထားချက်များကို ၂၀၃၀ပြည့်နှစ်တွင် ပြည့်မီရပါမည်။ ၂၀၂၀ ပြည့်နှစ်လက်ရှိ အခြေခံအမှတ်မှ အဆင့်လိုက်တိုးမြှင့်ကာ ချဉ်းကပ်ရပါမည်။ ကဏ္ဍခွဲ အမျိုးမျိုးတို့၏ လျာထားချက်များအတွက်အောင်မြင်မှု ညွှန်ကိန်းများ၊ ရွေးချယ်ကျင့်သုံးသော မဟာဗျူဟာမြောက်ချဉ်းကပ်မှု နှင့် ကုန်ကျစရိတ်တို့ကို ထည့်သွင်းစဉ်းစားရပါမည်။

(၁၁) ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်သည် အောက်ဖော်ပြပါ ဝန်ဆောင်မှုပေးသည့် အစိတ်အပိုင်းများ နှင့်ကဏ္ဍခွဲများကို စဉ်းစားပါမည်။

ဝန်ဆောင်မှုပေးသည့် အစိတ်အပိုင်းများ (အထောက်အပံ့ဖြစ်စေသော ဝန်းကျင်)

- မူဝါဒများ၊ ဥပဒေများနှင့် လမ်းညွှန်ချက်များ
- အဖွဲ့အစည်းများ (စွမ်းဆောင်ရည် မြှင့်တင်ခြင်း အပါအဝင်)
- လိုအပ်ချက်များကိုဖော်ထုတ်ခြင်း
- ပစ္စည်းရနိုင်မှုနှင့် ဈေးကွက်များ
- ငွေကြေးထောက်ပံ့မှုများ
- စောင့်ကြည့်စစ်ဆေးခြင်းနှင့် စည်းကြပ်ခြင်း
- သာတူညီမျှမှု

**ကဏ္ဍခွဲများ**

- တောထိုင်ဓလေ့ကင်းစင်သော ရပ်ရွာများ
- အိမ်ထောင်စုများတွင် ကောင်းမွန်သန့်ရှင်းသော အိမ်သာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်လှမ်း မီခြင်း
- ကျောင်းများတွင် ကောင်းမွန်သန့်ရှင်းသောအိမ်သာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်လှမ်းမီခြင်း
- ဆေးရုံဆေးခန်းများတွင် ကောင်းမွန်သန့်ရှင်းသောအိမ်သာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်လှမ်း မီခြင်း
- အများပြည်သူနှင့်သက်ဆိုင်သော နေရာများ (ဈေးများ၊ ကားဂိတ်များ၊ ဝတ်ပြုကိုးကွယ်ရာ နေရာများ၊ ပွဲလမ်းသဘင်များ) တွင် ကောင်းမွန်သန့်ရှင်းသောအိမ်သာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်လှမ်းမီခြင်း
- အရေးပေါ် အခြေအနေများတွင် ကောင်းမွန်သန့်ရှင်းသောအိမ်သာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်လှမ်းမီခြင်း

(၁၂) ဝန်ဆောင်မှုပေးခြင်း၏ အစိတ်အပိုင်းများနှင့် ကဏ္ဍခွဲများတစ်ခုစီကို ဤဦးတည် အကြောင်းအရာ များအတိုင်း အသေးစိတ် ရေးဆွဲ တွက်ချက်မည် ဖြစ်ပါသည်။

- အကျိုးရလဒ်၏ ညွှန်ကိန်းများ
- လျာထားချက်များ

- မဟာဗျူဟာမြောက် ချဉ်းကပ်မှု နည်းလမ်းများ
- ကုန်ကျစရိတ်များ

(၁၃) ကုန်ကျစရိတ်များနှင့် ပတ်သက်၍ မြင်သာသော ငွေကြေးဆိုင်ရာ ကုန်ကျစရိတ်များကိုသာ စဉ်းစားပါသည်။ အစိုးရ ဝန်ထမ်းများ၏ အချိန်၊ အခြားတာဝန်ရှိသူများ (ဥပမာ အိမ်ထောင်စုများ)၏ အချိန်နှင့် မမြင်နိုင်သော နောက်ထပ် အပိုကုန်ကျစရိတ်များကို မတွက်ချက်ပါ။ ၎င်းတို့သည် အရေးကြီးသော်လည်း ၎င်းကုန်ကျစရိတ်တို့သည် ဤတွက်ချက်မှု နယ်ပယ်၏ အပြင်တွင်ရှိပါသည်။ ထို့အပြင် အခြေအနေနှင့် ကုန်ကျစရိတ် များအပေါ် စိတ်ချရသော ကိန်းဂဏန်း အချက်အလက်များ မရှိသည့်အတွက် ယူဆချက်များကိုသာ အသုံးပြုရပါသည်။ ရနိုင်သမျှ အကြောင်းအချက် အမှန်များကို အခြေပြု၍ ယူဆချက်များကို တည်ဆောက်ထားပါသည်။

(၁၄) ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များတွင် အိမ်ထောင်စုများ၏ ပစ္စည်း ကုန်ကျစရိတ်များကိုသာ စဉ်းစားပါသည်။ နည်းပညာပံ့ပိုးမှုဆိုင်ရာ ကုန်ကျစရိတ် များကို ကဏ္ဍခွဲများ အားလုံးတွင် သေချာစွာ စဉ်းစားပါသည်။ မူဝါဒနှင့် လက်ရှိ ရေးဆွဲနေဆဲ စံသတ်မှတ်ချက်များကို အခြေခံ၍ ကျောင်းများ၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကဲ့သို့ ကဏ္ဍခွဲများ အတွက် အသေးစိတ် ကုန်ကျစရိတ်ကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများက တွက်ချက်ကြပါမည်။

## ၅။ ရုပ်ဝတ္ထုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ လျာထားချက်များ အကျဉ်းချုပ်

(၁၅) လူဦးရေဆိုင်ရာ အခြေအနေ (၂၀၁၉-၂၀၂၀ ကြားဖြတ် သန်းခေါင်စာရင်းနှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (၂၀၂၀) အချက်အလက် အရ)

| | |
|---|---|
| ပြည်နယ်/တိုင်းဒေသကြီး (နေပြည်တော်) အရေအတွက် | ၁၅ |
| ခရိုင်များ အရေအတွက် | ၇၅ |
| မြို့နယ်များအရေအတွက် | ၃၃၀ |
| မြို့များအရေအတွက် | ၄၅၈ |
| ရပ်ကွက်များ အရေအတွက် | ၃,၄၀၀ |
| ကျေးရွာအုပ်စုများ အရေအတွက် | ၁၃,၅၉၉ |
| ကျေးရွာများ အရေအတွက် | ၆၃,၂၈၂ |
| တိုင်းပြည်အတွင်းရှိ လူဦးရေစုစုပေါင်း | ၅၁.၁ သန်း |

| | |
|---|---|
| ကျေးလက်ဒေသလူဦးရေ (၇၀%) | ၃၆.၄ သန်း |
| အိမ်ထောင်စု စုစုပေါင်း အရေအတွက် | ၁၁.၁ သန်း |
| ကျေးလက်ဒေသ အိမ်ထောင်စု အရေအတွက် | ၈ သန်း |
| အိမ်ထောင်စုတစ်စု ပျမ်းမျှ လူအရေအတွက် | ၅ ယောက် |
| ကျေးလက်ဒေသ အိမ်ထောင်စုတစ်စု ပျမ်းမျှလူအရေအတွက် | ၆ ယောက် |

(၁၆) သန့်ရှင်းရေးဆိုင်ရာ အခြေအနေ (၂၀၁၉–၂၀၂၀ ကြားဖြတ်သန်းခေါင်စာရင်းအရ)

| | |
|---|---|
| အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုရရှိနေသည့် အိမ်ထောင်စုများ (%) | ၇၈[5] |
| အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုရရှိနေသည့် ကျေးလက်ဒေသ အိမ်ထောင်စုများ | ၆.၂ သန်း |
| ကောင်းမွန်သန့်ရှင်းမှုမရှိသောအိမ်သာသုံးစွဲသည့် ကျေးလက်ဒေသအိမ်ထောင်စုများ | ၀.၃ သန်း |
| အိမ်သာမရှိသည့် ကျေးလက်ဒေသအိမ်ထောင်စုများ | ၀.၅ သန်း |

(၁၇) လိုအပ်သောငွေကြေးဆိုင်ရာ ကုန်ကျစရိတ် အကျဉ်းချုပ်




## က။ နည်းပညာထောက်ပံ့မှု

[5] The DHS survey puts this at 42%



နည်းပညာထောက်ပံ့မှု အုပ်စုလိုက် ကုန်ကျစရိတ် ၂၀၂၁-၂၀၃၀ အမေရိကန်ဒေါ်လာ သန်းပေါင်း



နည်းပညာထောက်ပံ့မှု နှစ်အလိုက် ကုန်ကျစရိတ် ၂၀၂၁-၂၀၃၀ အမေရိကန်ဒေါ်လာ သန်းပေါင်း




## ခ။ အခြေခံ အဆောက်အဦ




၅.၁။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ရန်ပုံငွေ ရရှိမှု အရင်းအမြစ်

(၁၈) သန့်ရှင်းရေးအတွက် ရန်ပုံငွေရရှိမှုသည် အိမ်သာများနှင့် အမူအကျင့်တို့၏ ငွေလုံးငွေရင်း အသုံးစရိတ် နှင့် အသုံးပြုမှုအသုံးစရိတ် နှစ်ခုစလုံးကို လွှမ်းခြုံရပါမည်။

(၁၉) ဤရန်ပုံငွေရရှိမှု၏ အရင်းအမြစ်များသည် ပစ္စည်းကို လိုက်၍ ပြောင်းလဲပါမည် - အစိုးရ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ကိုယ်စားလှယ်အဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍ၊ အိမ်ထောင်စုများ၊ စသည်ဖြင့်။ အချို့သော ရန်ပုံငွေရရှိမှုသည် အရင်းအမြစ် တစ်ခုမှ ဖြစ်နိုင်ပါသည်။ အခြား အရင်းအမြစ်များကို အပို သို့မဟုတ် အစားထိုး အရင်းအမြစ်များအဖြစ် အသင့်ပြင်ဆင်ထားရှိနိုင်ပါသည်။

(၂၀) အောက်ပါတို့သည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍတွင် အသုံးစရိတ်ခေါင်းစဉ် အမျိုးမျိုးအတွက် ရန်ပုံငွေရရှိမှု ပုံစံအမျိုးမျိုး ဖြစ်ပါသည်။

ဇယား။ သုံးစွဲမှု အမျိုးအစားအလိုက် ရနိုင်ခြေရှိသော ငွေကြေးအရင်းအမြစ်များ

| အသုံးစရိတ် အမျိုးအစား | | အစိုးရ | ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများ | ပုဂ္ဂလိက ကဏ္ဍ | အဖွဲ့အစည်းများ | အိမ်ထောင်စု |
|---|---|---|---|---|---|---|
| အိမ်ထောင်စု အိမ်သာများ | ငွေလုံးငွေရင်း အသုံးစရိတ် | | - | - | | ၁၀၀ % |
| | လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း အသုံးစရိတ် | | | | | ၁၀၀ % |
| အမူအကျင့် ပြောင်းလဲမှု ဆက်သွယ်ရေး | သန့်ရှင်းရေး | √ | √ | √ | | |
| ကျောင်း သန့်ရှင်းရေး | အိမ်သာများအတွက် ငွေလုံးငွေရင်း အသုံးစရိတ် | ၁၀၀% | ဖြစ်နိုင် | ဖြစ်နိုင် | တစ်စိတ် တစ်ပိုင်း | မသက်ဆိုင် |
| | အိမ်သာများအတွက် လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း | x | x | x | √ | မသက်ဆိုင် |
| | တစ်ကိုယ်ရေ သန့်ရှင်းရေး မြှင့်တင်ခြင်း | x | ဖြစ်နိုင် | ဖြစ်နိုင် | √ | မသက်ဆိုင် |
| ဆေးရုံ ဆေးခန်း | အိမ်သာများအတွက် ငွေလုံးငွေရင်း အသုံးစရိတ် | ၁၀၀% | ဖြစ်နိုင် | ဖြစ်နိုင် | တစ်စိတ် တစ်ပိုင်း | မသက်ဆိုင် |
| | အိမ်သာများအတွက် လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း | x | x | x | √ | မသက်ဆိုင် |
| အများ ပြည်သူနှင့် သက် ဆိုင်သော နေရာ များ | အိမ်သာများအတွက် ငွေလုံးငွေရင်း အသုံးစရိတ် | ၁၀၀% | ဖြစ်နိုင် | ဖြစ်နိုင် | x | မသက်ဆိုင် |
| | အိမ်သာများအတွက် လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း | x | x | x | ၁၀၀% | မသက်ဆိုင် |

| | | | | | | |
|---|---|---|---|---|---|---|
| အရေးပေါ် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး | ငွေလုံးငွေရင်း အသုံးစရိတ် | √ | ဖြစ်နိုင် | x | x | မသက်ဆိုင် |
| | လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း အသုံးစရိတ် | √ | ဖြစ်နိုင် | x | x | မသက်ဆိုင် |

## ၆။ အထောက်အပံ့ဖြစ်စေသောပတ်ဝန်းကျင် – ဥပဒေများနှင့် လမ်းညွှန်ချက်များရေးဆွဲခြင်း

(၂၁) အနိမ့်ဆုံးစံသတ်မှတ်ချက်ပြည့်မီအောင် မဆောင်ရွက်နိုင်ခြင်းသည် ဆောင်ရွက်မှုမရှိခြင်းထက် ဆိုးရွားပါသည်။ အနိမ့်ဆုံးစံသတ်မှတ်ချက်ကို ပြည့်မီအောင် ဖန်တီးနိုင်မှုမရှိပါက သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်များသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး ရောဂါများပြန့်နှံ့မှုကို အထောက်အကူဖြစ်စေကာ လူအများကို ကောင်းမွန်သောအိမ်သာကို လက်လှမ်းမီမှုမှ ဝေးကွာစေပါသည်။ ထို့ကြောင့် ဖန်တီးသမျှ မိလ္လာစနစ်တိုင်းသည် ဆောက်လုပ်ခြင်းသာမဟုတ်၊ သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်း ခြင်းများတွင်ပါ အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် ညီညွတ်ရန် အရေးကြီးပါသည်။

(၂၂) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကဏ္ဍကို ဆောင်ရွက်ရန်အတွက် အချို့ဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များကို လိုအပ်ပါသည်။ ၎င်းတို့အနက် အချို့မှာ အနိမ့်ဆုံး စံသတ်မှတ်ချက်များကို အာဏာတည်စေရန် လိုအပ်သော ဥပဒေများ ဖြစ်ပါသည်။ ဥပမာ– သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုမှ ကာကွယ်သည့် ဥပဒေ။ ဥပဒေများသည် တစ်ခါတစ်ရံ တစ်ခုစီအတွက် ညှိနှိုင်းမရနိုင်ပဲ အားလုံးအပေါ် လွှမ်းခြုံကျင့်သုံးရပါသည်။ အချို့မှာ ဖြည့်ဆည်းရန် လိုအပ်သော်လည်း ကာလဒေသအလိုက် ပြောင်းလဲနိုင်ရန် လိုက်လျောညီထွေမှုရှိသည့် လမ်းညွှန်ချက်များ၊ ဖြစ်ရန်လိုအပ်ပါသည်။ အချို့ ဥပဒေများနှင့် လမ်းညွှန်ချက်များသည် ရှိနှင့်ပြီး ဖြစ်ပါသည်။ ၎င်းတို့၏ ပြည့်စုံမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍ၏ လိုအပ်ချက်များကို ဖြည့်ဆည်းမှု ရှိ/မရှိ တို့ကို ပြန်လည်သုံးသပ်ရပါမည်။ ၎င်းတို့ကို ခိုင်မာတောင့်တင်းစေရန် ပြုလုပ်ခြင်းကို လက်ခံရပါမည်။

- စံသတ်မှတ်ချက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း သို့မဟုတ် ပူးတွဲ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း အစီအစဉ်များ၏ စံသတ်မှတ်ချက်များနှင့် တူညီရမည်။ ၎င်းတို့သည် အစိုးရငွေကြေး သုံးစွဲမှုအောက်တွင်

ရှိသော သန့်ရှင်းရေးနှင့် တစ်ကိုယ် ရေသန့်ရှင်းရေး မြင့်မားမှုအတွက် သို့မဟုတ် ရှားပါး ကိစ္စများ၏ အဆောက်အဦများအတွက် အနိမ့်ဆုံး စံသတ်မှတ်ချက် ဖြစ်ပါသည်။ အခြေခံ အနိမ့်ဆုံးအဆင့်ထက် ပိုမြင့်သော အဆင့်အတန်းများကို ပုဂ္ဂလိက အရင်းအမြစ်များမှ ငွေကြေးကျခံရန် ဖြစ်ပါသည်။

- အချို့ဥပဒေနှင့် လမ်းညွှန်ချက်များသည် တည်ရှိရန် မလိုအပ်တော့ပါ။ ၎င်းတို့ကို အသစ်ရေးဆွဲရန် လိုအပ်ပါသည်။ အကြံပြု မူကြမ်းရေးဆွဲခြင်း လုပ်ငန်း နှင့် အပြီးသတ်ခြင်း တို့ကို ဥပဒေနှင့် လမ်းညွှန်ချက်အသစ်များ ထွက်ပေါ်လာစေရန် ပြုလုပ်ရပါမည်။
- သဘာဝပတ်ဝန်းကျင် ဆန်းစစ်ခြင်းများသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ် တစ်ခုခု၏ အစိတ်အပိုင်း ဖြစ်ရမည်။ ပါဝင်ဆောင်ရွက်မှုတိုင်းသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာချက်များ ပါဝင်သော အားလုံးလွှမ်းခြုံသည့် ချဉ်းကပ်နည်းကို အသုံးပြု ရမည်။ (ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာချက်ဆိုသည်မှာ ရှုပ်ထွေးသော ပါဝင် ဆောင်ရွက်မှုများဖြင့် ဆုံးဖြတ်ထားသော စိစစ်မှုများ၏ ရှုပ်ထွေးသော ဆန်းစစ်မှု ဖြစ်ပါသည်။) စနစ်တကျ အကဲဖြတ်သုံးသပ်မှုများမှ ရရှိလာသည့် ရွေးချယ်စရာ နည်းလမ်းများပေါ် မူတည်၍ ပါဝင်ဆောင်ရွက်မှု အားလုံးတို့ကို အကဲဖြတ်သုံးသပ်ရပါမည်။ နောက်ဆုံးအဆင့်တွင် ရွေးချယ်လိုက်သော ဆောင်ရွက်မှု လုပ်ငန်းစဉ်သည် ကိန်းဂဏန်း ဆိုင်ရာနှင့် အရည်အသွေးဆိုင်ရာမူလအစိတ်အပိုင်းများ အပါအဝင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိခြင်း မရှိခြင်းကို ဆုံးဖြတ်ချက်ချမှတ်ရန် လိုအပ်သော အချက်အလက်တစ်ခုအဖြစ် ကုန်ကျစရိတ်နှင့် အကျိုးအမြတ် စိစစ်တွက်ချက်မှု အပေါ်အခြေခံ၍ စဉ်းစားရပါမည်။ ပါဝင်ဆောင်ရွက်မှုတစ်ခုစီသည် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်နိုင်သည့် အတိုင်းအတာအထိ စီမံလျှော့ချရမည်။ သုံးစွဲမှုလျှော့ချခြင်းနှင့် ပြန်လည်ပြုပြင်အသုံးပြုခြင်း နည်းလမ်းများကို အားပေးမြှင့်တင်ရပါမည်။ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီးမှ ပြန်လည် သန့်စင်ခြင်းထက် သုံးစွဲမှုကိုလျှော့ချခြင်းနှင့် ပြန်လည်ပြုပြင်အသုံးပြုခြင်း အားပေးခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်ပါမည်။ စည်းမျဉ်းစည်းကမ်းဥပဒေများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို စိုးရိမ် တတ်လာစေရန် အတွက် အသိပညာပေးခြင်းနှင့် တင်ပြဆွေးနွေးခြင်း တို့ကို ပြီးပြည့်စုံအောင် ဖြည့်စွက်ပေးရပါမည်။

## ၆.၁။ အကျိုးရလဒ် ညွှန်ကိန်းများ

(၂၃) အောက်ပါတည်ဆဲ သို့မဟုတ် အသစ်ရေးဆွဲထားသည့် ဥပဒေနှင့် စံသတ်မှတ်ချက်တို့ကို ပြန်လည်သုံးသပ်ပြီး ခိုင်မာ ပြည့်စုံအောင်ပြုလုပ်ထားရမည်။

- သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့် စံသတ်မှတ်ချက်များ
- အိမ်သာ စံသတ်မှတ်ချက်များ
- ရွေးချယ်စရာ အိမ်သာများအတွက် လမ်းညွှန်ချက်များ
- ဆောက်လုပ်ရေးဆိုင်ရာ စံသတ်မှတ်ချက်များ
- အိမ်သာကျင်း စုပ်ထုတ်ခြင်း၊ မိလ္လာသယ်ယူပို့ဆောင်ခြင်းနှင့် သန့်စင်ခြင်းတို့အတွက် လမ်းညွှန်ချက်များ

## ၆.၂။ လျာထားချက်များ

(၂၃) မူဝါဒ၏ ရည်ရွယ်ချက်များ ၂၀၃၀ ပြည့်နှစ်တွင် ပြီးမြောက်နိုင်စေရေး လွယ်ကူချောမွေ့စေခြင်း အလို့ငှာ ဤဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များကို စောနိုင်သမျှ စောစွာ ပြီးပြည့်စုံမည်ဟု မျှော်လင့်ပါသည်။

| | |
|---|---|
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့်(စံ)သတ်မှတ်ချက်များ | ၂၀၂၁ နှစ်လယ် |
| အိမ်သာ (စံ)သတ်မှတ်ချက်များ | ၂၀၂၁ နှစ်လယ် |
| အိမ်သာ (အမျိုးအစား)ရွေးချယ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ | ၂၀၂၁ နှစ်လယ် |
| ဆောက်လုပ်ရေးဆိုင်ရာ (စံ)သတ်မှတ်ချက်များ | ၂၀၂၁ နှစ်လယ် |
| မစင်တွင်း(ရေဆိုး/ရေသိုး)စုပ်ထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့်သန့်စင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ | ၂၀၂၁ နှစ်ကုန် |

## ၆.၃။ မဟာဗျူဟာမြောက် ချဉ်းကပ်နည်း

(၂၅) ဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များကို သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာစွာ ပြုစုရမည်။

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့် စံသတ်မှတ်ချက်များ - တည်ဆဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့် စံသတ်မှတ် ချက်များတွင် ပိုမိုခိုင်မာအောင် ပြုလုပ်ရန် လိုအပ်နေသော ကွက်လပ်များရှိမရှိ သိရှိရန်အတွက် သေချာစွာ စစ်ဆေးထုတ်ဖော်ရန် လိုပါမည်။ ပြုပြင်ရန် မဖြစ်နိုင်ပါက စံသတ်မှတ်ချက်များနှင့်အတူ

ဥပဒေအသစ်များကို ပြဋ္ဌာန်းရပါမည်။ ၎င်းတို့တွင် အများပြည်သူဆိုင်ရာ မြေပြင်နှင့် ရေထုတို့ အပါအဝင်ဖြစ်သော သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်သည့် (စွန့်ပစ်ရေနှင့် အနှစ်ချိုးများကို စွန့်ထုတ်ခြင်း၊ အညစ်အကြေးများကို ရုပ်ဝတ္ထုဆိုင်ရာ နည်းလမ်းများဖြင့် ထိန်းချုပ်ခြင်း၊ အညစ်အကြေးများကို သယ်ယူပို့ဆောင်ခြင်း၊) ဥပဒေများ ပါဝင်ရပါမည်။ ၎င်းဥပဒေများ အားလုံးတွင် အနိမ့်ဆုံး စံသတ်မှတ်ချက်များ၊ စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ချိုးဖေါက်ခြင်းအတွက် အပြစ်ဒဏ်တို့ ပါရှိရပါမည်။

- ကောင်းမွန်သန့်ရှင်းသော အိမ်သာနှင့် လက်ဆေးရန်နေရာတစ်ခု၏ စံသတ်မှတ်ချက်များ။ ၎င်းစံသတ်မှတ်ချက်များသည် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များက တင်ပြသည့်




သတ်မှတ်ချက်များ နှင့် တစ်ပြေးညီ ဖြစ်ရပါ မည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အားနည်းလွန်းသောကြောင့် ဖြစ်ပွားသော ကျန်းမာရေးထိခိုက်မှုသည် ၎င်းသတ်မှတ် ချက်များအတွက် အခြေခံဖြစ်ပါသည်။ အရုက်အကြောက်၊ ဂုဏ်သိက္ခာနှင့် အဆင့်အတန်း များပေါ်တွင် အခြေမခံပါ။ ၎င်းသတ်မှတ်ချက်များသည် အသုံးပြုသူ၏ အကြိုက်ပေါ် မူတည်၍ ရွေးချယ်ခြင်း၊ နည်းပညာနှင့် ပစ္စည်းများ စသည့်ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမှုများ အပေါ် အခြေခံပါသည်။



- အိမ်သာအမျိုးအစားများအပေါ် လမ်းညွှန်ချက်များ – တန်ဖိုးမျှခြေ အမျိုးမျိုးနှင့် ကွဲပြား ခြားနားသော လူမှု – ယဉ်ကျေးမှုဆိုင်ရာ၊ မြေပြင်ဆိုင်ရာ အခြေအနေများနှင့် အဆင်ပြေသော အိမ်သာအမျိုးအစား ရွေးချယ်ခြင်း လက်စွဲ။ အိမ်သာအောက်ပိုင်းဖွဲ့စည်းပုံ အမျိုးအစားများ (အညစ်အကြေး စစ်ကန်၊ ရေသိုးကန်၊ မိလ္လာလိုင်းများ)၊ ကြမ်းခင်း (မြေကြီး၊ ပလပ်စတစ်၊ ကွန်ကရစ်၊ ကြွေပြား)နှင့် အိမ်သာ အပေါ်ပိုင်း ဖွဲ့စည်းပုံ (ဒေသထွက် ပစ္စည်းများ၊ အုတ်၊ စသည်ဖြင့်) တို့ကို တန်ဖိုးမျှခြေများ အလိုက် ပေးရမည်။ အိမ်သာများသည် မသန်စွမ်းသူများ၊ ကလေးများနှင့် အခြား လိုအပ်ချက်ရှိသူများအပါအဝင် အသုံးပြုသူအားလုံးအတွက် လွယ်ကူစေရပါမည်။
- ဆောက်လုပ်ရေးဆိုင်ရာ စံသတ်မှတ်ချက်များ – အိမ်သာတစ်လုံး၏ အခြေခံ ဥပဒေသ များသည် သေချာစွာ ရှင်းလင်းရပါမည်။ ဥပမာ– သောက်သုံးရေ အရင်းအမြစ်မှ အကွာအဝေး၊ အခြား စံသတ်မှတ်ချက်များ သို့မဟုတ် ဒီဇိုင်း၏ ရည်ရွယ်ချက်အတိုင်း အသုံးပြု လုပ်ဆောင်နိုင်မှုများ သေချာအောင် အိမ်သာကို ဆောက်လုပ်ရမည်။ ရေစစ်ကန် လိုအပ်ချက်များ၊ မိလ္လာကန်၏ထွက်ပေါက်၊ စသည်တို့လည်း ပါဝင်ရပါမည်။
- အိမ်သာကျင်းမှ ရေဆိုးစုပ်ထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သန့်စင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ – ၎င်းတို့သည် အိမ်သာဆောက်လုပ်ပြီးနောက် စီမံခန့်ခွဲခြင်း အခန်း ကဏ္ဍ၏ လိုအပ်ချက်များ ဖြစ်ပါသည်။ အိမ်သာကျင်းတစ်ခု ပြည့်သွားသည့်အခါ စုပ်ထုတ်ရန်၊ ရေဆိုးများကို သန့်စင်စက်ရုံသို့ လုံခြုံစိတ်ချရစွာ သယ်ယူရန်နှင့် ၎င်းရေဆိုးများကို မစွန့်ပစ်မီ သန့်စင်ရန် လိုအပ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် လုပ်ကိုင်သော အလုပ်သမားများသည် ဘေးအန္တရာယ်ကာကွယ်ရေး အသုံးအဆောင်များ အသုံးပြုကြသည်၊ သယ်ယူပို့ဆောင်မှုကို ဖိတ်စင်ခြင်းမရှိပဲ ပြုလုပ်ကြသည်၊ စသည်ဖြင့် တိကျသော ထိန်းချုပ်ကွပ်ကဲမှု လိုပါသည်။ သို့မှသာ ပတ်ဝန်းကျင်ညစ်ညမ်းစေမှုများ ကင်းစင်မည် ဖြစ်ပါသည်။

(၂၆) ဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များကို ဖွံ့ဖြိုး/ ခိုင်မာစေရန် ချဉ်းကပ်မှုနည်းလမ်းကို သင့်လျော်သော ပညာရှင်အဖွဲ့များ ငှါးရမ်းပြီး ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ အထောက်အကူဖြင့် ဆောင်ရွက်သင့်သည်ဟု အကြံပြုထောက်ခံပါသည်။

## ၆.၄။ ကုန်ကျစရိတ်များ

(၂၇) ဤဥပဒေများ၊ လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များကို ဖွံ့ဖြိုးစေခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များ – ပညာရှင်အဖွဲ့ကို ငှားရမ်းခြင်း၊ ဆွေးနွေးရန်နှင့် အပြီးသတ်ရန် တာဝန်ရှိသူများ၏ အလုပ်ရုံ ဆွေးနွေးပွဲများ ပါဝင်သည့် ခန့်မှန်း ကုန်ကျစရိတ်များကို အောက်တွင် ဖော်ပြထားပါသည်။

(ကုန်ကျစရိတ်များ အားလုံးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်)

| ရလဒ်/လုပ်ဆောင်ချက် | အသေးစိတ် | ပမာဏ |
|---|---|---|
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေများနှင့် စံသတ်မှတ်ချက်များ | တစ်လုံးတစ်ခဲတည်း စရိတ် | ၅၀,၀၀၀ |
| အိမ်သာဆိုင်ရာ စံသတ်မှတ်ချက်များ | တစ်လုံးတစ်ခဲတည်း စရိတ် | ၂၅,၀၀၀ |
| အိမ်သာအမျိုးအစားများ လမ်းညွှန်ချက် | တစ်လုံးတစ်ခဲတည်း စရိတ် | ၂၅,၀၀၀ |
| ဆောက်လုပ်ရေး ဆိုင်ရာ စံသတ်မှတ်ချက်များ | တစ်လုံးတစ်ခဲတည်း စရိတ် | ၂၅,၀၀၀ |
| မိလ္လာ စီမံခန့်ခွဲခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (ရေဆိုး စုပ်ထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သန့်စင်ခြင်း) | တစ်လုံးတစ်ခဲတည်း စရိတ် | ၅၀,၀၀၀ |
| စုစုပေါင်း | | ၁၇၅,၀၀၀* |

*၂၀၂၁ ခုနှစ်အတွက် အသုံးစရိတ်များ

# ၇။ အထောက်အပံ့ဖြစ်စေသောဝန်းကျင် – အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ထူထောင်ခြင်း

(၂၈) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လူထုလှုပ်ရှားမှု လုပ်ငန်းစဉ်ကို စီမံခန့်ခွဲရန် အတွက် အဆင့်များ အားလုံးတွင် စွမ်းဆောင်ရည် ပြည့်ဝသော အဖွဲ့အစည်းများကို သတ်မှတ်ခြင်း သည် ၎င်းအထောက်အပံ့ဖြစ်စေသောဝန်းကျင်၏ ဖွံ့ဖြိုးမှုအတွက် အရေးကြီးပါသည်။ မတူညီသော အဆင့်များမှ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများသည် မတူညီကြပါ။ မူဝါဒမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းအထိ အတိုင်းအတာ ကွာခြားကြပါသည်။

မှန်ကန်သော စွမ်းဆောင်ရည်ရှိသော သူများသည် အကျိုးရလဒ်ကို ရှေ့ရှုသော တိုးတက်မှုကို အဆုံးအဖြတ် ပေးနိုင်ကြပါသည်။

## ၇.၁။ အကျိုးရလဒ် ညွှန်ကိန်းများ

၁ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဝန်ဆောင်မှု ကွင်းဆက်များ၏ ရှုထောင့် အမျိုးမျိုး အတွက် မူဝါဒမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စောင့်ကြည့် စစ်ဆေးခြင်း ရေရှည် တည်တံ့ အောင်ထိန်းသိမ်းခြင်းတို့ကို တာဝန်ရှိသော အဖွဲ့အစည်းများက ရှင်းရှင်းလင်းလင်း သိရှိရမည်။

၂ အထက်ဖော်ပြပါ တာဝန်ရှိသော အဖွဲ့အစည်းများ၏ အဆင့်အားလုံးတွင် ၎င်းတို့၏တာဝန် များကို ထမ်းဆောင်နိုင်ရန် စွမ်းဆောင်ရည် ပြည့်မီသည့် အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း (အနည်းဆုံး ၎င်းတို့အချိန်၏ ၅၀ %) ဝန်ထမ်းများရှိသည့် အဖွဲ့အစည်း များ ရှိရမည်။

၃ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍတွင် ပါဝင်ပတ်သက်သော တာဝန်ရှိသူ များ၏ ညှိနှိုင်းဆောင်ရွက်မှုသည် ထိရောက်မှုရှိရမည်။

## ၈.၂။ လျာထားချက်များ

(၂၉) ပြည်ထောင်စု(ဗဟို)၊ တိုင်းဒေသကြီး/ပြည်နယ် ခရိုင်နှင့် မြို့နယ်အဆင့်များအတွက် လိုအပ်သော ဝန်ထမ်းအရေအတွက်ကို အဆိုပြုထားပါသည်။ ၎င်းတို့သည် အချိန်ပြည့် ဝန်ထမ်း သို့မဟုတ် အနည်းဆုံး ၎င်းတို့အချိန်၏ ၅၀ % ကို ပတ်ဝန်းကျင်သန့်ရှင်းရေး လူထုလှုပ်ရှားမှု အတွက် ထည့်ဝင်နိုင်သည့် အချိန်ပိုင်း ဝန်ထမ်း ဖြစ်နိုင်ပါသည်။ ၎င်းတို့သည် လူထုအခြေပြု လှုပ်ရှားမှုများနှင့် လူမှုအခြေပြု လှုပ်ရှားမှုများ၊ နည်းပညာ၊ ပစ္စည်းရနိုင်မှု ကွင်းဆက်နှင့် ဈေးကွက်များ၊ ဘဏ္ဍာရေး၊ စောင့်ကြည့်စစ်ဆေးခြင်း စသည်တို့ကဲ့သို့သော ကွဲပြားသည့် ကျွမ်းကျင်မှုရှိသည့် အုပ်စုများမှ ဖြစ်နိုင်ပါသည်။ မြို့နယ်အောက်အဆင့်တွင် ကျေးလက်ကျန်းမာရေး ဌာနတစ်ခုစီ၌ ရပ်ရွာလူထုက ဆောင်ရွက်သော လုပ်ငန်းစဉ်များကို ဖြစ်မြောက်လွယ်ကူအောင် ဆောင်ရွက်ပေးရန် တာဝန်ရှိသည့် ကူညီသူတစ်ဦး ရှိရပါမည်။

| | |
|---|---|
| ပြည်ထောင်စု (ဗဟို)အဆင့် | ၅ ဦး |
| တိုင်းဒေသကြီး/ပြည်နယ်အဆင့် | ၅ ဦး |
| ခရိုင်အဆင့် | ၃ ဦး |

| | |
|---|---|
| မြို့နယ်အဆင့် | ၂ ဦး |
| ကျေးလက်ကျန်းမာရေးဌာန | ၁ ဦး |

## ၇.၃။ မဟာဗျူဟာမြောက် ချဉ်းကပ်နည်း

(၃၀) လုပ်ငန်းအစပိုင်းတွင် ဗဟိုမှမြို့နယ် အဆင့်အထိ အဖွဲ့အစည်းများ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုများကို သိရှိလျက် လက်ရှိအခြေအနေများအပေါ် သုံးသပ်နိုင် ရမည်။ ၎င်းသုံးသပ်ချက်ကို အခြေခံ၍ အဖွဲ့အစည်းများအတွင်း ရှင်းရှင်းလင်းလင်း ဖြစ်စေရန် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲခြင်းနှင့် လိုအပ်သော နောက်ဆက်တွဲ လုပ်ဆောင်ချက်များကို စတင်နိုင်ရန်အတွက် အကြံပြုချက်များပေးရပေမည်။

(၃၁) သန့်ရှင်းရေး လူထုလှုပ်ရှားမှုအတွက် စီမံကိန်းရေးဆွဲရန်နှင့် သက်ဆိုင်သော အဆင့်တိုင်းတွင် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ဗဟိုအဆင့်တွင် မူဝါဒချမှတ်ရေးဆွဲခြင်းနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဥပဒေများနှင့် လမ်းညွှန်ချက်များကို သုံးသပ်ခြင်း၊ လုပ်ငန်းများအားလုံးကိုလွှမ်းခြုံ ကြီးကြပ်ခြင်းနှင့် ကွပ်ကဲခြင်း၊ ငွေကြေးထောက်ပံ့မှုနှင့် သုံးစွဲမှုကို စောင့်ကြည့်စစ်ဆေးခြင်း စသည်တို့ ပါဝင်ရပါမည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် ခရိုင်/မြို့နယ်အဆင့်များ၏ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်မှု အထောက်အကူများ ပေးအပ်ရပါမည်။ ခရိုင်အဆင့်များအနေဖြင့် ငွေကြေးထောက်ပံ့မှုနှင့်သုံးစွဲမှုများကို စောင့်ကြည့် စစ်ဆေးခြင်း အပါအဝင် လိုအပ်ချက်များကို ဖော်ထုတ်ခြင်းနှင့်အကောင်အထည်ဖေါ် ဆောင်ရွက်ခြင်း တို့ကို အဓိကတာဝန်ယူဆောင်ရွက်ရမည်။ မြို့နယ်အဆင့်များအနေဖြင့် လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ရမည့်ဧရိယာအတွင်း လုပ်ငန်းစဉ်များကို လွယ်ကူချောမွေ့မှုရှိအောင် စီစဉ်ဆောင်ရွက်ပေးရပါမည်။

(က) ကျေးလက်ဒေသ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍကို ပြည်ထောင်စု အဆင့်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဦးဆောင်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ စံသတ်မှတ်ချက်များကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ပြုစုပြီး လမ်းညွှန်ချက်များကို ထုတ်ပြန်ရပါမည်။ ဥပဒေနှင့် စည်းကြပ်မှု မူဘောင်များကို အထောက်အကူပေးပါမည်။ အလားတူပြည်နယ်များနှင့် တိုင်းဒေသကြီးများကို သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးမြှင့်တင်ရေးကဏ္ဍတွင် လမ်းညွှန်ရပါမည်။

လုပ်ငန်းစဉ်အဆင့်ဆင့် အားလုံးတွင် တက်ကြွစွာ လှုပ်ရှားသည့် မတူကွဲပြားသော တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ အစိုးရအဆောက်အဦများ ဆောက်လုပ်ခြင်းအတွက် ငွေကြေး ထောက်ပံ့ရပါမည်။ ကဏ္ဍအတွင်း တိုးတက်မှုနှင့် ရေရှည်ရှုရာလမ်းကြောင်းများတို့ကို စောင့်ကြည့် စစ်ဆေးရပါမည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြို့နယ်နှင့် အောက်အဆင့်ရှိ ဆေးရုံနှင့် ဆေးခန်းများတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်များ ရှိစေရေးကို သေချာအောင်ပြုလုပ်သော ကြိုးပမ်း အားထုတ်မှုများ ကိုလည်း ဦးဆောင်ရပါမည်။

(ခ) ပညာရေးနှင့် လူမှုဝန်ထမ်းကဲ့သို့ ပြည်ထောင်စုအဆင့် အခြားဝန်ကြီးဌာနများသည် ၎င်းတို့၏ သက်ဆိုင်ရာနယ်ပယ်များတွင် ရေရရှိရေး အပါအဝင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအသုံးအဆောင်များ လိုအပ်ချက်ကို ရှာဖွေခြင်း၊ အစီအစဉ် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် ကြိုးပမ်းအားထုတ်မှုများကို ဦးဆောင်ရပါမည်။ ဥပမာ- ပညာရေးဝန်ကြီးဌာနသည် ပညာရေးဆိုင်ရာ အဖွဲ့အစည်း များတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်များ ရှိစေရေးအတွက် တာဝန်ရှိ ပါသည်။

(ဂ) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး မြှင့်တင်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ လူထုလှုပ်ရှားမှုများကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဝန်ကြီးဌာန/ဦးစီးဌာနများက တာဝန်ယူ ဆောင်ရွက်ရပါမည်။ ၎င်းတို့သည် ရပ်ရွာနှင့် အိမ်ထောင်စုအဆင့်အထိ တာဝန်ရှိသူများသို့ သတင်းအချက်အလက်များ ရရှိခြင်း၊ ထောက်ပံ့ဖြန့်ဖြူးရေး ကွင်းဆက်နှင့် ဈေးကွက်များတို့ကို လွယ်ကူချောမောစေခြင်း၊ ရလဒ်နှင့် အကျိုးရလဒ်တို့ကို စောင့်ကြည့် စစ်ဆေးခြင်းတို့ကို သေချာစေရန်အတွက် လုပ်ငန်းစဉ်ကို ကြပ်မတ်ခြင်း၊ လမ်းညွှန်ခြင်းဆောင်ရွက်ရပါမည်။ တိုင်းဒေသကြီး / ပြည်နယ် အောက်အဆင့် အဖွဲ့အစည်းများရှိ မြို့နယ်နှင့် ကျေးလက်ကျန်းမာရေး ဌာနများသည် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စောင့်ကြည့် စစ်ဆေးမှုတို့ကို ဆောင်ရွက်ရပါမည်။

(ဃ) ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်များသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အဆင့်မြှင့်တင်ခြင်းအတွက် ငွေကြေးနှင့် နည်းပညာ အကူအညီ ထောက်ပံ့ခြင်း၊ ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်များနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ ငွေကြေးထောက်ပံ့မှုဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်း စသည်တို့ပါဝင်သော စနစ်များကို ထူထောင်ခြင်းတို့အားဖြင့် ကဏ္ဍတွင် ပါဝင်ရမည်။ ၎င်းတို့သည် ကဏ္ဍအတွင်း

ပြည်တွင်းနှင့် ပြည်ပမှ အကောင်းဆုံး လုပ်ဆောင်မှုအလေ့အကျင့်များကို မှတ်တမ်းတင်ရန်နှင့် မိမိနိုင်ငံ နှင့် ဆီလျော်သောပုံစံများ ပြောင်းလဲ၍ဖြန့်ဝေရန် အထောက်အကူပြုရပါမည်။

(င) ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အိမ်သာသုံးပစ္စည်း ထုတ်ကုန်များကို အိမ်ထောင်စုများ အသုံးပြုနိုင်ရန် သို့မဟုတ် ရောင်းချသူများ ရောင်းချပေးနိုင်ရန်အတွက် လွယ်ကူသက်သာသော အတိုးနှုန်းနည်းပါးသည့် ချေးငွေများ ထောက်ပံ့နိုင်စေရန်အတွက် ဘဏ်များ၊ ငွေစုငွေချေးသမဝါယမ အသင်းများ၊ အသေးစား ငွေချေးလုပ်ငန်းများ ကဲ့သို့သော ဘဏ္ဍာရေး အဖွဲ့အစည်းများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် သင့်လျော်သော ဦးဆောင်အဖွဲ့အစည်းများက လွယ်ကူချောမွေ့မှု ရှိအောင် ပံ့ပိုးပေးရပါမည်။

(စ) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများသည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကို အထောက်အကူပြုရန်၊ ကဏ္ဍတွင် ပါဝင်သော မိတ်ဖက်အဖွဲ့ အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ ရလဒ်နှင့် အကျိုးရလဒ်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် တာဝန်ခံမှုတို့ကို လွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးရန်နှင့် အကောင်းဆုံး လုပ်ဆောင်မှုအလေ့အကျင့်/များကို မှတ်တမ်းတင်ဖြန့်ဝေခြင်းကို အထောက် အကူပြုရန်တို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသော ကိုယ်စားလှယ်များ အချင်းချင်း လွယ်ကူစွာ လက်တွဲဆောင်ရွက်နိုင်ရန် ပြုလုပ်ပေးရမည်။

(ဆ) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ထုတ်ကုန်များထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှု ပေးခြင်း၊ အဆောက်အဦ ဆောက်လုပ်ခြင်းနှင့် ရေရှည်ပြင်ဆင်ထိန်းသိမ်းခြင်း၊ မိမိဘာသာ ရပ်တည်နိုင်သော ထောက်ပံ့ဖြန့်ဖြူးရေး ကွင်းဆက်နှင့် ဈေးကွက်များကို ထူထောင်ခြင်း၊ အိမ်သာတွင်းများကို စုပ်ထုတ်ခြင်းလုပ်ငန်း၊ သယ်ပို့ခြင်းလုပ်ငန်းနှင့် မစင် အနှစ်နှင့်ချိုးများကို စီမံခန့်ခွဲသည့်လုပ်ငန်းများ ထူထောင်ခြင်းလုပ်ငန်းများအား ပုဂ္ဂလိက ကဏ္ဍများ လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်ရေးအတွက် ပံ့ပိုးမှု ပေးရမည်။

(ဇ) အိမ်ထောင်စုများသည် ၎င်းတို့၏ အိမ်သာများနှင့် လက်ဆေးရန်နေရာများကို အစိုးရက ပြဌာန်းသည့် အနိမ့်ဆုံး စံသတ်မှတ်ချက်အတိုင်း ဆောက်လုပ်ရန်၊ ပြင်ဆင်ထိန်းသိမ်းရန်နှင့် ကောင်းမွန်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အမူအကျင့်တို့ကို လက်ခံကျင့်သုံးရန် တာဝန်ရှိပါသည်။

(ဈ) သက်ဆိုင်ရာကဏ္ဍအသီးသီးအတွက် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီးများ/ပြည်နယ်အဆင့်ဆင့်တွင် ဖွဲ့စည်းရမည်။ ထိုအဖွဲ့များသည် ပြဿနာများအပေါ် ဆွေးနွေးရန်၊ အတွေ့အကြုံများကို ဖလှယ်ရန်နှင့် အဖြေရှာရန်အတွက် ပုံမှန် အစည်းအဝေးများကို ပြုလုပ်ရမည်။

(၃၂) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအစီအစဉ်ကို အကောင်ထည်ဖော် ဆောင်ရွက်ရန် ညွှန်ကြားခံရသော ဦးဆောင်အဖွဲ့အစည်းများသည် လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် စီမံခန့်ခွဲရန် လုံလောက်သော လူအင်အား ရှိရပါမည်။ ဦးဆောင်အဖွဲ့အစည်းများ အတွင်းရှိ အစီအစဉ် စီမံခန့်ခွဲမှု ယူနစ်တွင် အခြေပြုနေသော ဝန်ထမ်းများသည် ဝန်ကြီးဌာန/ ဦးစီးဌာနများအတွင်းမှ လက်ရှိ ဝန်ထမ်းများ၊ အခြား ဝန်ကြီးဌာန/ ဦးစီးဌာနများမှ ကိုယ်စားပြုစေလွှတ်သူများ၊ လုပ်သားဈေးကွက်မှ လုပ်ငန်းအကောင်အထည်ဖော်မှု အချိန်ကာလသက်တမ်းအတွက် ငှါးရမ်းသောသူများ ဖြစ်ပါသည်။ ပထမ ၂ မျိုးသည် ဝန်ထမ်းများ ဖြစ်ပါက ၎င်းတို့သည် အလုပ်ချိန်၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်းကို သန့်ရှင်းရေး လူထုလှုပ်ရှားမှုတွင် ဆောင်ရွက်ရပါမည်။ အတွေ့အကြုံများအရ ထိရောက်သော လူထုလှုပ်ရှားမှုကို ကျယ်ပြန့်ကြီးမားစွာ လုပ်ဆောင်ရန် လုံလောက်သောအဆင့်များ ရှိသည့် လူသားအရင်းအမြစ် သွင်းအားစုများ လိုအပ်ပါသည်။

(က) ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးရွာအဆင့်တွင် အထောက်အကူပေးသော ကိုယ်စားလှယ်များကို အကျိုးနှင့်အကျိုးရလဒ်ကို အခြေခံသော မက်လုံးများအပေါ် အခြေခံ၍ ဆွဲဆောင်နိုင်ပါသည်။ လှုပ်ရှားမှုများ၏ မှတ်တိုင်များ (ဥပမာ - ကျေးရွာများတွင် လူထုကိုနှိုးဆွခြင်း၊ အိမ်ထောင်စုများသို့ သွားရောက် တွေ့ဆုံခြင်း)၊ လုပ်ငန်းစဉ်များ (စောင့်ကြည့်စစ်ဆေးခြင်း)၊ ရလာဒ်များ (အိမ်သာများ အဆင့်မြှင့်ခြင်း/ဆောက်လုပ်ခြင်း)၊ အကျိုးရလဒ် များ(တောထိုင်ဓလေ့ ကင်းစင်သော ရွာများ)၊ နှင့် ရေရှည်တည်တံ့ခြင်း တို့သည် မက်လုံးပေးခြင်းများ၏ အခြေခံ ဖြစ်ပါသည်။

(ခ) အဆင့်တိုင်းးရှိ တာဝန်ရှိသူအားလုံးတို့၏ လုပ်ငန်းအစီအစဉ်ကို ကြီးမားကျယ်ပြန့်စွာ စီမံခန့်ခွဲနိုင်စေရန်အတွက် စွမ်းဆောင်ရည်များ ပြည့်ဝရန် လိုအပ်ပါသည်။ ကနဦး စွမ်းဆောင်ရည် လိုအပ်ချက် ဆန်းစစ်ခြင်းကို စွမ်းဆောင်ရည် ပြည့်ဝအောင် ပြုလုပ်ခြင်း၊ စီမံချက်နယ်ပယ်ရှိ တာဝန်ရှိသူများနှင့် ၎င်းတို့ တစ်ဦးစီ၏ စွမ်းဆောင်ရည် လိုအပ်ချက်ကိုဖေါ်ထုတ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရန် သင်တန်းများနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း အစီအစဉ်များကို အစဉ်လိုက် ဆောင်ရွက်ရပါမည်။

(၃၃) ခရိုင်နှင့် မြို့နယ်အဆင့်များမှ ဝန်ထမ်းများသည် တောထိုင်ဓလေ့ ပပျောက်ရေး အကောင်အထည်ဖော်ခြင်းဆိုင်ရာအကျိုးရလဒ်များနှင့် ရေရှည်တည်တံ့ခြင်း အကျိုးရလဒ်များ ရရှိခြင်းအတွက် ချီးကျူးဂုဏ်ပြုခြင်း စသော မက်လုံးများ ရရှိစေရမည်။ ချီးကျူးဂုဏ်ပြုခြင်း အစီအစဉ်တွင် အစိုးရ ဝန်ထမ်းများသို့မဟုတ် ကျေးလက်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အကောင်အထည် ဖော်ခြင်းဆိုင်ရာကဏ္ဍမှ ဝန်ထမ်းများဖြစ်သည်ကို အခြေခံ၍ အသိအမှတ်ပြုရမည့် အချိုးအဆ ပမာဏကို နိုင်ငံတော်အစိုးရက ပုံစံဒီဇိုင်း ထုတ်ချမှတ်ရမည်။ လုပ်ငန်းအစီအစဉ်သည် တောထိုင် ဓလေ့ကင်းစင်မှု အကျိုးရလဒ်ရရှိသည့် ပထမဖြစ်ရပ်နှင့် သတ်မှတ်ထားသော နှစ်အပိုင်းအခြား ကြာမြင့်ပြီးနောက် ဤအကျိုးရလဒ်များ၏ ရေရှည်တည်တံ့မှု ရှိသည့် ဒုတိယဖြစ်ရပ်များအပေါ် မက်လုံးအဖြစ် ချီးကျူးဂုဏ်ပြုခြင်း များကို ဆောင်ရွက်ပေးရမည်။ ချီးကျူးဂုဏ်ပြုခြင်း အစီအစဉ်၏ အသေးစိတ် လမ်းညွှန်ချက်များကို ပြည်ထောင်စုအစိုးရက ရေးဆွဲရပါမည်။ အကျိုးရလဒ်နှင့် ရေရှည် တည်တံ့ခြင်း နှစ်ခုစလုံးအတွက် မူလအကြောင်းနှင့် ပါဝင်ခြင်း ပြဿနာဆိုင်ရာ အငြင်းပွားခြင်းများ ဥပမာ– မည်သူတို့သည် အောင်မြင်မှုအတွက် တာဝန်ရှိသည်ကို ဤလမ်းညွှန်ချက်များတွင် ရှင်းလင်းဖော်ပြ ထားရမည်။ ဖြစ်ရပ်နှစ်ခုကြားတွင် အချိန်ကွာခြားမှုတစ်ခု ရှိသည့်အတွက် ရည်ရွယ်ချက်များနှင့် ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်များသည် လုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံး အကြား ယုံကြည်မှု တည်ဆောက်ရန် အလွန်ပဓာန ကျပါသည်။

(၃၄) ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ် အဆင့်၊ ခရိုင်နှင့်မြို့နယ်အဆင့်များတွင် ထိရောက်သော ညှိနှိုင်းဆောင်ရွက်ခြင်း ယန္တရားကို တည်ဆောက်ရမည်။ ၎င်းတွင်–

- ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များသည် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အစိုးရနှင့် မိတ်ဖက် အဖွဲ့ အစည်းများနှင့် ၃ လ တစ်ကြိမ် တွေ့ဆုံ၍ တိုးတက်မှုနှင့် ဦးတည်အကြောင်းအရာ ပြဿနာများကို ဆွေးနွေးရန် ဖြစ်ပါသည်။
- နှစ်စဉ် ပူးပေါင်းကဏ္ဍ သုံးသပ်ခြင်းများကို တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စု အဆင့်များတွင် ပိုမိုကျယ်ပြန့်သော မူဝါဒနှင့် မဟာဗျူဟာ အကြောင်းအရာများ၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ရေရှည်တည်တံ့ခြင်းဆိုင်ရာ ပြဿနာများကို ဆွေးနွေးရန်ပါဝင်ပါသည်။

## ၇.၄။ ကုန်ကျစရိတ်များ

(၃၄) တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများကို ငှါးရမ်းခြင်း၊ အရည်အသွေး မြင့်မားအောင် လေ့ကျင့်ခြင်း နှင့် ချီးကျူးဂုဏ်ပြုခြင်းများအတွက် ကုန်ကျစရိတ်များပါဝင်သော အဖွဲ့အစည်းဆိုင်ရာ မူဘောင် ထူထောင်ရန်အတွက် ကုန်ကျစရိတ်များကို ကြိုတင်ခန့်မှန်းထားပါသည်။

(ကုန်ကျစရိတ်များ အားလုံးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်)

| အကျိုးရလဒ်/ လုပ်ဆောင်ချက် | | အသေးစိတ်ဖော်ပြချက် (မြန်မာကျပ်ငွေ) | တစ် ယူနစ် ကုန်ကျ စရိတ် (ဒေါ်လာ) | ယူနစ် အရေ အတွက် | ကုန်ကျငွေ (ဒေါ်လာ) |
|---|---|---|---|---|---|
| ပြန်လည်သုံးသပ် လေ့လာချက်များ | အဖွဲ့အစည်းများနှင့် တာဝန်များကို ပြန်လည်သုံးသပ်ခြင်း | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ် | ၅၀,၀၀၀ | ၁ | ၅၀,၀၀၀ |
| ဝန်ထမ်း ကုန်ကျစရိတ်များ | ပြည်ထောင်စုအဆင့် အစီအစဉ် စီမံခန့်ခွဲမှု ယူနစ်၏ နှစ်စဉ်လစာ | ၅ ဦးx တစ်ဦး တစ်လ ၃၀၀,၀၀၀ကျပ် x ၁၂လ | ၁၂,၀၀၀ | ၁ | ၁၂၀,၀၀၀ |
| | ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစီအစဉ် စီမံခန့်ခွဲမှု ယူနစ်၏ နှစ်စဉ်လစာ | ၅ ဦးx တစ်ဦး တစ်လ ၂၅၀,၀၀၀ကျပ် x ၁၂လ x ပြည်နယ်/တိုင်းဒေသ ကြီး ၁၈ ခု | ၁၀,၀၀၀ | ၁၅ | ၁,၅၀၀,၀၀၀ |
| | ခရိုင်အဆင့် အစီအစဉ် စီမံခန့်ခွဲမှု ယူနစ်၏ နှစ်စဉ်လစာ | ၃ဦးx တစ်ဦး တစ်လ ၂၀၀,၀၀၀ကျပ် x ၁၂လ x ခရိုင် ၇၅ ခု | ၄,၈၀၀ | ၇၅ | ၃,၉၆၀,၀၀၀ |
| | မြို့နယ်အဆင့် အစီအစဉ် စီမံခန့်ခွဲမှု ယူနစ်၏ နှစ်စဉ်လစာ | ၂ဦးx တစ်ဦး တစ်လ ၂၀၀,၀၀၀ကျပ် x ၁၂လ x မြို့နယ် ၃၃၀ ခု | ၃,၂၀၀ | ၃၃၀ | ၁၁,၆၁၆,၀၀၀ |
| ဆုပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များ | | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ် | ၂၅,၀၀၀ | ၁ | ၂၅,၀၀၀ |
| ရပ်ရွာလူထုအကျိုးပြု ခေါင်းဆောင် ဆုပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များ | | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ် | ၂၅,၀၀၀ | ၁ | ၂၅,၀၀၀ |
| ခရိုင်- အကျိုးရလဒ်/ ရေရှည် တည်တံ့မှု ဆိုင်ရာ ဆုပေးခြင်း - | အစီအစဉ် စီမံခန့်ခွဲမှု ယူနစ်၏ အကျိုးရလဒ် အတွက် ဆုပေးခြင်း | ၁ရွာလျှင် ၅၀,၀၀၀ ကျပ် | ၃၃ | ၆၂,၅၄၉ | ၂,၀၈၄,၉၆၇ |

| | | | | | |
|---|---|---|---|---|---|
| | အစီအစဉ် စီမံခန့်ခွဲမှု ယူနစ်၏ ရေရှည်တည် တံ့မှု အတွက် ဆုပေးခြင်း | ၁ ရွာလျှင် ၅၀,၀၀၀ ကျပ် | ၃၃ | ၃၇,၅၂၉ | ၁,၂၅၀,၉၈၀ |
| မြို့နယ်-အကျိုးရလဒ် /ရေရှည်တည်တံ့မှု ဆိုင်ရာ ဆုပေးခြင်း - | အစီအစဉ် စီမံခန့်ခွဲမှု ယူနစ်၏ အကျိုးရလဒ် အတွက် ဆုပေးခြင်း | ၁ ရွာလျှင်၁၀၀,၀၀၀ ကျပ် | ၆၇ | ၆၂,၅၄၉ | ၄,၁၆၉,၉၃၃ |
| | အစီအစဉ် စီမံခန့်ခွဲမှု ယူနစ်၏ ရေရှည်တည် တံ့မှု အတွက် ဆုပေးခြင်း | ၁ ရွာလျှင် ၂၀၀,၀၀၀ ကျပ် | ၁၃၃ | ၃၇,၅၂၉ | ၅,၀၀၃,၉၂၀ |
| ရပ်ရွာလူထုအကျိုးပြု ခေါင်းဆောင်ကို ဆုပေးခြင်း | ရပ်ရွာလူထုအကျိုးပြု ခေါင်းဆောင်အတွက် ဆုပေးခြင်း | အိမ်ထောင်စု အိမ်သာ တစ်လုံးလျှင် ၅၀၀ ကျပ် | ၀ | ၆၂,၅၄၉ | ၁၈,၇၆၅ |
| စွမ်းဆောင်ရည် မြှင့်တင်ခြင်း | စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ လိုအပ်ချက်ကို အကဲဖြတ်ခြင်း | ဒေါ်လာ ၅,၀၀၀ x ၁၈ ပြည်နယ်/တိုင်းဒေသကြီး | | | ၉၀,၀၀၀ |
| | ကူညီသူ သင်တန်း - ကနဦး သင်တန်း | တစ်ဦးလျှင် ဒေါ်လာ ၁၀၀ x ကျေးလက် ကျန်းမာရေး ဌာန ၁ ခု ၁ဦး x ၂၇၂၄ ဌာန | | ၂၇၂၄ | ၂၇၂,၃၆၀ |
| | ကူညီသူ သင်တန်း - မွမ်းမံသင်တန်း | တစ်ဦးလျှင် ဒေါ်လာ ၅၀ x ကျေးရွာအုပ်စု ၅၃ ဦး x ၁၃၆၁၈ အုပ်စု | | ၂,၇၂၄ | ၁၃၆,၁၈၀ |
| | ဒေသအစိုးရ သင်တန်း - ကနဦး သင်တန်း | တစ်ဦးလျှင် ဒေါ်လာ ၁၀၀ x (၂x ၃၃၀ မြို့နယ်) + (၃x၇၅ ခရိုင်) + (၅x ၁၈ ပြည်နယ်/တိုင်းဒေသကြီး) | | | ၉၇,၅၀၀ |
| | ဒေသအစိုးရ သင်တန်း - မွမ်းမံသင်တန်း | တစ်ဦးလျှင် ဒေါ်လာ ၅၀ x (၂x ၃၃၀ မြို့နယ်) + (၃x၇၅ ခရိုင်) + (၅x ၁၈ ပြည်နယ်/တိုင်းဒေသကြီး) | | | ၄၈,၇၅၀ |
| | ရပ်ရွာလူထုအကျိုးပြု ခေါင်းဆောင် သင်တန်း | တစ်ဦးလျှင် ဒေါ်လာ ၂၀ x ရပ်ရွာ ၁ ခု ခေါင်းဆောင် ၅ ဦး x ၆၃၂၆၆ ရွာ | | | ၆,၃၂၆,၆၀၀ |
| | ပန်းရန် သင်တန်း | တစ်ဦးလျှင် ဒေါ်လာ ၅၀ x | | | ၂,၀၄၂,၇၀၀ |

| | | | | | |
|---|---|---|---|---|---|
| | | ကျေးရွာအုပ်စု ၁ ခု- ပန်းရန် ၃ ဦး x ၁၃၆၁၈ အုပ်စု | | | |
| | လုပ်ငန်းရှင် သင်တန်း | တစ်ဦးလျှင် ဒေါ်လာ ၁၀၀ x ကျေးရွာအုပ်စု ၁ ခု- လုပ်ငန်း ရှင်၂ ဦး x ၁၃၆၁၈ အုပ်စု | | | ၂,၇၂၃,၆၀၀ |
| | တန်းတူညီမျှမှု ညှိနှိုင်းခြင်း | တစ်ကြိမ်လျှင် ဒေါ်လာ ၅၀၀ x မြို့နယ် ၁ခု - ၃ကြိမ် x ၃၃၀ မြို့နယ် | | | ၄၉၅,၀၀၀ |
| | ပစ္စည်းရနိုင်မှုကွင်းတက် အလုပ်ရုံဆွေးနွေးပွဲများ | တစ်ကြိမ်လျှင် ဒေါ်လာ ၁၀,၀၀၀ x မြို့နယ် ၁ခု ၃ကြိမ် x ၃၃၀ မြို့နယ် | | | ၉,၉၀၀,၀၀၀ |
| | ဘဏ္ဍာရေး အရာရှိ သင်တန်း | တစ်ဦးလျှင် ဒေါ်လာ ၂၀၀ x ကျေးရွာအုပ်စု ၁ ခု ဘဏ္ဍာရေး အရာရှိ ၁ဦး x ၁၃၆၁၉ အုပ်စု | | | ၂,၇၂၃,၆၀၀ |
| စုစုပေါင်း | | | | | ၅၅,၁၇၂,၈၅၅ |




**၈။ အထောက်အပံ့ဖြစ်စေသောဝန်းကျင် လိုအပ်ချက်များကိုဖော်ထုတ်ခြင်း**

(၃၆) **အိမ်သာအသုံးပြုမှုသည် အမူအကျင့် တစ်ခုဖြစ်ကြောင်း အသိအမှတ် ပြုသည့်အပြင် အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု၊** လိုအပ်ချက်များကိုဖော်ထုတ်ခြင်းနှင့် **ကောင်းမွန်သန့်ရှင်းသော အိမ်သာအတွက် လူထု၏ အမူအကျင့်ပြောင်းလဲခြင်းတို့သည် တောထိုင်ဓလေ့ ကင်းစင်ခြင်း အကျိုး**

**ရလဒ်ကို ရရှိရန် အရေးပါပါသည်။ မြန်မာနိုင်ငံတွင် အိမ်သာသုံးစွဲခြင်း လွှမ်းခြုံမှု မြင့်မားလာသော်လည်း အများစုသည် ကောင်းမွန်သန့်ရှင်းသောအိမ်သာများ မဟုတ်ကြပါ။ ၎င်းအိမ်သာတို့သည် ခြုံအတွင်း သို့မဟုတ် ရေထဲသို့မစင်စွန့်ပစ်ခြင်းများဖြစ်သောကြောင့် သမားရိုးကျတောထိုင်ခြင်းနှင့် တူညီလု နီးပါး ဖြစ်ပါသည်။ အမူအကျင့် ပြောင်းလဲခြင်းသည် သတ်မှတ်ထားသောနေရာတွင် စနစ်တကျ မစင်စွန့်ပစ်ခြင်း သာမက သုံးစွဲနေသောအိမ်သာသည် ကောင်းမွန်သန့်ရှင်းသော အိမ်သာရှိခြင်းနှင့် အတူ မဖြစ်မနေလက်ဆေးခြင်းလည်းပါဝင်သည်။**

**(၃၇) ပြည်သူလူထု၏ အမူအကျင့်ကို ပြောင်းလဲရန် လူအချင်းချင်းဆက်သွယ်ခြင်းနှင့် လူထုဆက်သွယ်ရေးနည်းလမ်း ချဉ်းကပ်နည်းတို့အပါအဝင် ၎င်းတို့ကို လွှမ်းမိုးနိုင်သော နည်းလမ်းအများအပြားကို ဆောင်ရွက်ရပါမည်။**

## ၈.၁။ အကျိုးရလဒ် ညွှန်ကိန်းများ

(၁) ကောင်းမွန်ပြီး လုံခြုံစိတ်ချသော သန့်ရှင်းရေးစနစ်တို့ကို ရရှိလိုခြင်းသည် အိမ်ထောင်စုများ၊ ကျောင်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြားနေရာအားလုံးတွင်ထိုအသုံးအဆောင်များကို ဆောက်လုပ်ခြင်း သို့မဟုတ် ၎င်းတို့၏ လက်ရှိကောင်းမွန်မှုမရှိသော အိမ်သာများကို လုံခြုံစိတ်ချရသော အိမ်သာအဖြစ်သို့ အဆင့်တိုးမြှင့်ခြင်း တို့အတွက် ကြိုတင်သိမြင်စေပါသည်။

(၂) ပိုမိုကောင်းမွန်ပြီး လုံခြုံစိတ်ချသော သန့်ရှင်းရေးစနစ်တို့၏ စံသတ်မှတ်ချက်များကို ပြည့်မီသော အိမ်သာစုစုပေါင်း၏ ရာခိုင်နှုန်းသည် ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀% ရှိရပါမည်။

## ၈.၂။ လျာထားချက်များ

(၃၇) ဤညွှန်ကိန်းအတွက် လျာထားချက်ကို တောထိုင်ဓလေ့ ကင်းစင်လာသော ရပ်ရွာများ၏ အကျိုးရလဒ် ညွှန်ကိန်းတစ်ခုဖြင့် တိုင်းတာရမည်။ ဤအဆင့်အတန်းကို ရောက်ရှိခြင်းသည် အိမ်ထောင်စုများနှင့် အဖွဲ့အစည်းများ အားလုံးသည် အခြေခံ သို့မဟုတ် အဆင့်မြင့် အိမ်သာများကို လက်လှမ်းမီ၍ အသုံးပြုနေသည် ဟုဆိုလိုသည်။

| ~~ပြည်နယ်/ တိုင်းဒေသကြီး~~ | ~~လက်ရှိ တောထိုင် ဓလေ့ ကင်းစင်သော ရပ်ရွာများ %~~ | ~~၂၀၂၂~~ | ~~၂၀၂၅~~ | ~~၂၀၃၀~~ |
|---|---|---|---|---|

| | | | | |
|---|---|---|---|---|
| ~~ပြည်ထောင်စု~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~ကချင်~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~ကယား~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~ကရင်~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~ချင်း~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~စစ်ကိုင်း~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~တနင်္သာရီ~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~ပဲခူး~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~မကွေး~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~မန္တလေး~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~မွန်~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~ရခိုင်~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~ရန်ကုန်~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~ရှမ်း~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~ဧရာဝတီ~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |
| ~~နေပြည်တော်~~ | | ~~၂၀~~ | ~~၆၀~~ | ~~၁၀၀ %~~ |

၈.၃။ ချဉ်းကပ်နည်း

(၃၉) ကောင်းမွန်ပြီး လုံခြုံစိတ်ချသော သန့်ရှင်းရေးစနစ်ကို ရရှိလိုမှု ဖန်တီးခြင်းအတွက် ချဉ်းကပ်မှု နည်းလမ်းသည် အပြုအမူပြောင်းလဲရန် ဆက်သွယ်ခြင်း ခေါင်းစဉ်အောက်မှ ကျယ်ပြန့်သည့် လှုပ်ရှားမှုများအပေါ် အမှီပြု နေပါသည်။ ရည်မှန်းထားသော ပြောင်းလဲခြင်းတွင် (၁) တောထိုင်ဓလေ့မှ သတ်မှတ်ထားသောနေရာတွင် စနစ်တကျမစင်စွန့်ခြင်းဆိုသော အပြုအမူ ပြောင်းလဲခြင်းများနှင့် (၂) ကောင်းမွန်မှုမရှိသော အိမ်သာမှ ကောင်းမွန်ပြီး လုံခြုံစိတ်ချသော သန့်ရှင်းရေးစနစ်သို့ အခြေခံအဆောက်အဦ ပြောင်းလဲခြင်းများ နှစ်ခုလုံး လိုအပ်သည်။

(၁) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို မြှင့်တင်ရန်အတွက် ပါဝင်ဆောင်ရွက်ခြင်း ချဉ်းကပ်မှု နည်းလမ်းကို အသုံးပြုရပါမည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို မြှင့်တင်ရန် ပါဝင်ဆောင်ရွက်ခြင်း ချဉ်းကပ်မှုလုပ်ငန်းစဉ်ကို ပြည်သူလူထုဦးဆောင်သော အလုံးစုံ ပတ်ဝန်းကျင်သန့်ရှင်းရေး/ ပြည်သူလူထုဆောင်ရွက်နိုင်သော အလုံးစုံ ပတ်ဝန်းကျင်

သန့်ရှင်းရေး ချဉ်းကပ်မှု လုပ်ငန်းစဉ်နှင့်အတူ အသုံးပြုရပါမည်။ အိမ်ထောင်စုများ အတွင်း သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး မြှင့်တင်ခြင်းကို ရပ်ရွာလူထုက ဦးဆောင်မှု အခန်းကဏ္ဍကိုယူသော ပါဝင်ဆောင်ရွက်ခြင်း ချဉ်းကပ်မှုနည်းလမ်းကို အသုံးပြု၍ ဆောင်ရွက်ရပါမည်။ ရပ်ရွာလူထုသည် စီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အခြေခံအဆောက်အဦများကို ပြင်ဆင်ထိန်းသိမ်းခြင်း၊ အမူအကျင့် ပြောင်းလဲခြင်းများအပါအဝင်ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်မှု အခန်းကဏ္ဍကို တာဝန်ယူရမည်။

(၂) ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်နိုင်ရေးအတွက် တွန်းအားပေးနိုင်ရန် လူထု၏ အသိပညာ၊ ကျွမ်းကျင်မှုများနှင့် ခံယူချက်သဘောထားများ၏ လက်ရှိအနေအထားကို နားလည်ရန် လိုအပ်ပါသည်။ ၎င်းတို့၏ လက်ရှိ ယုံကြည်မှုများနှင့် အသိအမြင်များကို နားလည်ခြင်းတို့သည် ဆီလျော်သော အပြုအမူ ပြောင်းလဲရန် ဆက်သွယ်မှု သတင်းစကား များနှင့် ချဉ်းကပ်မှု နည်းလမ်းများတို့ကို ဒီဇိုင်းရေးဆွဲရန်အတွက် ပဓါန ကျပါသည်။ ၎င်းကို ကနဦး သုတေသန ပြုလုပ်ခြင်းမှတစ်ဆင့် ဆောင်ရွက်ရပါသည်။ ဤသုတေသနကို သီးခြား ယူနစ် တစ်ခုအဆင့် ဥပမာ- တိုင်းဒေသကြီး/ပြည်နယ် ၊ ခရိုင် သို့မဟုတ် မြို့နယ်တစ်ခုတွင် ပြုလုပ်ရပါမည်။ သို့ရာတွင် လူမှုစီးပွါးရေး အပါအဝင်ယဉ်ကျေးမှု အုပ်စုအမျိုးမျိုးနှင့် တန်းတူညီမျှမှု ပြဿနာများကိုပါ နားလည်သဘောပေါက်ရန် အတွက် ကိုယ်စားပြုနိုင်သည့် လေ့လာမှုမျိုး ဖြစ်ရပါမည်။ ကနဦးသုတေသနသည် လူထု၏ အသိအမြင်များနှင့် လူပုဂ္ဂိုလ်တို့၏ စရိုက်လက္ခဏာများမှ တစ်ဆင့် ပြောင်းလဲခြင်းကို ဖြစ်စေသော အရာများနှင့် အတားအဆီးများ၊ အိမ်ထောင်စုနှင့် ရပ်ရွာလူထု၏ ရှုထောင့်တို့ကို ရှာဖွေရပါမည်။ အမူအကျင့်ပြောင်းလဲရန် အခွင့်အလမ်းများ ဥပမာ-သတင်းအမျိုးအစား၊ သတင်းစကား ရရှိနိုင်သော လမ်းကြောင်းများ၊ စသည်တို့ကို ဖေါ်ထုတ်ရပါမည်။ ၎င်းတို့အားလုံးသည် အပြုအမူပြောင်းလဲရန်ဆက်သွယ်ခြင်း လူထုလှုပ်ရှားမှု ၏ ဒီဇိုင်း ပုံစံကို ဖြစ်ပေါ်စေပါမည်။

(၃) ကနဦးသုတေသနကို အခြေခံ၍ အိမ်ထောင်စုနှင့် ရပ်ရွာအဆင့်များတွင်လူအချင်းချင်း ဆက်သွယ်မှုနှင့် လူမှု ဆက်သွယ်ရေးနည်းလမ်း အပါအဝင် လူထုဆက်သွယ်ရေးနည်းလမ်း တို့ကို ဒီဇိုင်းပုံစံထုတ်၍ ဖြန့်ဝေရမည်။ ကျန်းမာရေးဆိုင်ရာ အချက်အလက်များသည် သတင်းစကားပေးပို့ခြင်း၏ အဓိကအစိတ်အပိုင်းများအနက် တစ်ခုဖြစ်ရပါမည်။ ပြည်သူ လူထုအကြား ကောင်းမွန်ခြင်းမရှိသော အိမ်သာ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေး တို့အကြား ချိတ်ဆက်မှုကို အပြည့်အစုံ နားလည်သဘောပေါက်အောင် အကူအညီပေးရ

ပါမည်။ ရပ်ရွာလူထုကို သတင်းစကား ပေးပို့ခြင်းသည် ဤနားလည် သဘောပေါက်မှု အပေါ်တွင် အခြေပြုရပါမည်။ ရုက်ခြင်း၊ ဂုဏ်သိက္ခာ၊ တစ်ကိုယ်ရေ လွတ်လပ်ခြင်း၊ အဆင့်အတန်း၊ လွယ်ကူသက်သာမှုကဲ့သို့သော အခြားအချက်အလက်ကိုလည်း ဖြည့်စွက် စဉ်းစားရမည်။ ကောင်းမွန်သန့်ရှင်းသော အိမ်သာနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အလေ့ အကျင့်များကို လက်ခံ ကျင့်သုံးရန် ဘဝတူများ၏ တိုက်တွန်း လှုံ့ဆော်မှုနည်းလမ်းကို ရေရှည်တည်တံ့သော အမူအကျင့် ပြောင်းလဲခြင်း တို့အတွက် လက်ခံကျင့်သုံးရမည်။

(၄) လူအချင်းချင်း ဆက်သွယ်ပြောဆိုခြင်းကို အခြေခံ၍ ရပ်ရွာလူထုကို ခေါင်းဆောင်မှု ကဏ္ဍတွင် ထားရှိသည့် ချဉ်းကပ်မှုနည်းလမ်းများကိုအသုံးပြုရပါမည်။ ရပ်ရွာလူထုအား လက်ရှိအခြေအနေကို ခွဲခြမ်းစိတ်ဖြာနိုင်ရန်နှင့် လက်ရှိအနေအထားကို အသွင်ပြောင်းရန် အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် အုပ်စုလိုက် မြင်တွေ့စေခြင်း (group–visual synergy) နည်းလမ်းများ အသုံးပြုပါမည်။ ၎င်းနည်းလမ်းများကို အသုံးပြုပြီး ရပ်ရွာလူထုကို အခြေပြုသော စောင့်ကြည့်စစ်ဆေးခြင်းနှင့် စည်းကြပ်ခြင်းတို့မှတစ်ဆင့် ရေရှည်တည်တံ့ရန် ပြုလုပ်ပါမည်။ ရပ်ရွာလူထုကို ၎င်းတို့၏ အမူအကျင့်ပြောင်းလဲရန် ဆန္ဒရှိလာစေခြင်းအတွက် နှိုးဆွခြင်းဖြစ်စဉ်ကို လွယ်ကူချောမွေ့စေခြင်းနှင့် ဒေသ၏ ရိုးရာဓလေ့ဆိုင်ရာ ဆက်သွယ်ရေး နည်းလမ်းများကို အသုံးပြုခြင်းသည် အမူအကျင့်ပြောင်းလဲခြင်းကို အောင်မြင်အောင် လုပ်ဆောင်ရန်အတွက် လက်ခံကျင့်သုံးရမည့် ချဉ်းကပ်နည်း အချို့ ဖြစ်ပါသည်။

(၅) ရေဒီယို၊ ရုပ်မြင်သံကြားကဲ့သို့ သမားရိုးကျဆက်သွယ်ရေး နည်းလမ်းများနှင့် Facebook, Viber, Messenger ကဲ့သို့ လူမှုဆက်သွယ်ရေးနည်းလမ်းတို့ ပါဝင်သော လူထုဆက်သွယ်ရေး နည်းလမ်းများအား အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာ သတင်းစကားများကို အလေးထား ဂရုစိုက်ရန်အတွက် အရှိန်မြှင့်တင်ပေးရပါမည်။

(၆) အကောင်အထည်ဖေါ်ဆောင်ရွက်မှု ချဉ်းကပ်မှုနည်းလမ်း (ဥပမာ၊ လူအချင်းချင်း ဆက်သွယ်ရေး၊ လူထု ဆက်သွယ်ရေးနည်းလမ်း) ၊ သတင်းစကားပေးပို့ခြင်း စသည်တို့ကို အသုံးပြုပြီး ကနဦးသုတေသနမှ ပေါ်ထွက်ချက်များနှင့် အထောက်အပံ့ဖြစ်စေသော ပတ်ဝန်းကျင်တို့ကို အခြေခံ၍ ဆုံးဖြတ်ပေးရမည်။ ချဉ်းကပ်လုပ်ကိုင်မှု နည်းလမ်းများသည် ခရိုင်/မြို့နယ်တစ်ခုချင်းစီက လက်ခံကျင့်သုံးနိုင်အောင် လိုအပ်ချက်နှင့် ရနိုင်သော အရင်းအမြစ်များကို အခြေခံ၍ ပြောင်းလွယ်ပြင်လွယ် ရှိရမည်။

(၇) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တွင် ကောင်းမွန်၍ လုံခြုံ စိတ်ချသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို ရေရှည်တည်တံ့စွာ အသုံးပြုခြင်း သည် လူ့အဖွဲ့အစည်း၏ စံအဖြစ် ထားရှိရမည်။ ဆောင်ရွက်မှုလုပ်ငန်းစဉ်သည် ကောင်းမွန်၍

လုံခြုံစိတ်ချသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များ အသုံးပြုခြင်းကို ဘဝနေနည်းတစ်ခု၊ လူ့အဖွဲ့အစည်း၏ စွဲမြဲသွားစေမည့် အမူအကျင့်တစ်ခု ဖြစ်လာစေရန် ရေးရှု ဦးတည်ရပါမည်။

(၈) အခမ်းအနားအမျိုးမျိုးနှင့် ဖိုရမ်များကို ကောင်းမွန်၍ လုံခြုံစိတ်ချသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး သတင်းစကားများကို မြှင့်တင်ရန် အသုံးပြုရပါမည်။ ကမ္ဘာ့ရေနေ့၊ ကမ္ဘာ့ရေအိမ်နေ့၊ အမျိုးသား သန့်ရှင်းရေး ရက်သတ္တပတ်ကဲ့သို့သော အခွင့်အလမ်း အမျိုးမျိုး ကို အသုံးပြုရပါမည်။ တာဝန်ရှိသူများ အတွေ့အကြုံရရန်နှင့် မျှဝေနိုင်စေရန် ပုံမှန် အစည်းအဝေးများ၊ ညီလာခံများနှင့် အခြားအခမ်းအနားများကို ကျင်းပ ပေးခြင်းဖြင့် သတင်းစကားများကို အားဖြည့်ရန် ကူညီနိုင်ပါမည်။

(၉) အကူအညီပေးသည့် နည်းပညာဆိုင်ရာ ဖြေရှင်းချက်များသည် နေရာအလိုက် တိကျ ရပါမည်။ ရေကြီးသော၊ ရေရှားသောနေရာများကဲ့သို့ ထူးခြားသောနေရာများ၏ စိန်ခေါ်မှု များကို ဖြေရှင်းရန် စွမ်းဆောင်နိုင်ရပါမည်။ ပြည်သူလူထု၏ အကုန်အကျခံနိုင်မှု အပေါ်မူတည်၍ ရွေးချယ်ဆုံးဖြတ်နိုင်ခွင့်ရှိရပါမည်။

(၁၀) ရပ်ရွာလူထုအကြားလိုက်နာစောင့်ထိန်းရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ် ရှိလာရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်းကို မြှင့်တင်ရမည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ထိခိုက်လွယ်မှုတို့ကို လူအများအကြား သတိပြု မိစေရန်အတွက် လှုပ်ရှားမှုများကို ကျောင်းများ၊ ရပ်ရွာလူထုအတွင်း လူထုဆက်သွယ်ရေးနှင့် လူမှုဆက်သွယ်ရေးလမ်းကြောင်းများမှတဆင့် ပြုလုပ်ရပါမည်။

(၁၁) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များတွင် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးတို့ကို ၎င်းတို့၏ ဦးစားပေးလုပ်ငန်းအဖြစ် ပါဝင်စေရမည်။

(၄၀) ကျေးရွာများတွင် လိုအပ်ချက်များဖော်ထုတ်မှုမြှင့်တင်ရန် လူထုလှုပ်ရှားမှုကို အဆင့်လိုက် ပြုလုပ်ရမည်။ ရွေးချယ်သော ကျေးရွာများ၏ အရေအတွက်ကို နှစ်စဉ်တိုးမြှင့်ပြီး ၂၀၂၅ ခုနှစ်တွင် ကျေးရွာများအားလုံး ပါဝင်ဆောင်ရွက်ပြီး ဖြစ်ရပါမည်။ ၎င်းသည် တိုင်းဒေသကြီး/ပြည်နယ်များ အားလုံး၏ ခရိုင်/မြို့နယ်အားလုံးတွင် အသုံးပြုမည့် ချဉ်းကပ်မှုနည်းလမ်း ဖြစ်ပါသည်။ သို့ရာတွင် ခရိုင်/မြို့နယ်တစ်ခုစီသည် ဆောင်ရွက်မည့် အဆင့်လိုက် ချဉ်းကပ်မှုနည်းလမ်းကို ဒေသ၏အင်အား စွမ်းပကားအရ ဆုံးဖြတ်ရမည်။

## ၈.၄။ ကုန်ကျစရိတ်များ

(ကုန်ကျစရိတ်များ အားလုံးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်)

| အကျိုးရလဒ်/ဆောင်ရွက်ချက် | အသေးစိတ်ဖော်ပြချက်များ | ကုန်ကျငွေ |
|---|---|---|
| ကနဦး သုတေသန | ပြည်နယ်/တိုင်းဒေသကြီး ၁၈ ခု စလုံးတွင် ကနဦး သုတေသန ဆောင်ရွက်ခြင်း ၁ ခု ၂၅,၀၀၀ ဒေါ်လာ | ၄၅၀,၀၀၀ |
| တင်ပြဆွေးနွေးခြင်း လူထုလှုပ်ရှားမှု | ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ် ၊ ခရိုင် ၇၄ ခု တွင် တင်ပြဆွေးနွေးခြင်း လူထု လှုပ်ရှားမှု ပျမ်းမျှ ဒေါ်လာ ၃,၀၀၀ | ၂၇၀,၀၀၀ |
| လူထုဆက်သွယ်ရေး လှုပ်ရှားမှု | လူထုဆက်သွယ်ရေး လူမှုဆက်သွယ်ရေး လှုပ်ရှားမှုများ တိုင်းဒေသကြီး/ ပြည်နယ် ၁ခု လျှင် ဒေါ်လာ ၁၀၀,၀၀၀ | ၁,၈၀၀,၀၀၀ |
| လူလူချင်း ဆက်သွယ်ရေး လူထုလှုပ်ရှားမှုများ | ရွာများတွင် လူလူချင်း ဆက်သွယ်ရေး လူထုလှုပ်ရှားမှု ရွာ ၁ ရွာလျှင် ၅ ကြိမ် x ၆၃၂၆၆ရွာ x တစ်ကြိမ်လျှင် ၁၀၀၀၀ကျပ် | ၂,၁၀၈,၈၆၇ |
| စုစုပေါင်း | | ၄,၆၂၈,၈၆၇ |




## ၉။ အထောက်အပံ့ဖြစ်စေသောဝန်းကျင် - ထောက်ပံ့ဖြန့်ဖြူးရေးနှင့်ဈေးကွက်များ

### ၉.၁။ အကျိုးရလဒ် ညွှန်ကိန်းများ

(၁) အိမ်ထောင်စုများနှင့် အဖွဲ့အစည်းများအားလုံးသည် သန့်ရှင်းရေး ဆိုင်ရာ အဆောက်အဦ များ၏ လိုက်နာရမည့်အခြေခံ စည်းမျဉ်းစည်းကမ်းများ၊ တတ်နိုင်မှုအလိုက် ရွေးချယ်စရာ အိမ်သာအမျိုးအစားများ၊ ရရှိနိုင်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားများ၊ ရနိုင်သောနေရာနှင့် ဈေးနှုန်းဆိုင်ရာ သတင်း အချက်အလက်များကို လက်လှမ်းမီရမည်။

(၂) ကျေးရွာများအားလုံးသည် ငွေကြေးတတ်နိုင်မှု အပေါ်မူတည်သော အိမ်သာပုံစံအမျိုးမျိုး တည်ဆောက်ခြင်းဆိုင်ရာ သင်တန်းဆင်းပြီးသည့် လက်သမား၊ ပန်းရန်ဆရာများကို လက်လှမ်းမီ ရရှိနိုင်ရမည်။

(၃) ဒေသအတွင်း ကျေးရွာများ၏ ပတ်ဝန်းကျင်တွင် အိမ်သာခွက်၊ အိမ်သာပိုက်များစသည့် ထုတ်ကုန်ပစ္စည်းများကို ရောင်းချခြင်း လက်သမား၊ပန်းရန်၊ ကျင်းတူး/ကျင်းဖော်ခြင်းစသည့် ဝန်ဆောင်မှုများတို့ကို လုပ်ဆောင်ပေးသည့် ကောင်းစွာ စီးဆင်းနေသော ဈေးကွက်ကို ရရှိနိုင်ရမည်။ အကယ်၍ ဈေးကွက်များသည် အလှမ်းဝေးနေပါက ဝယ်ယူရေးတွင် စီးပွါးရေးအရ အကျိုးအမြတ် ရနိုင်စေရန် ကောင်းစွာ ဖွဲ့စည်းထားသော စုပေါင်းအားထုတ်မှု ရှိရပါမည်။

(၄) စွန့်ဦးတီထွင်လုပ်ငန်းရှင် များသည် ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုတို့ကို နေရာအနှံ့ လူတိုင်း လက်လှမ်းမီရရှိနိုင်ရေးအတွက် အရောင်းကိုယ်စားလှယ်များ ပါဝင်သော အထောက် အပံ့ဖြစ်စေသော ဝန်းကျင်သန့်ရှင်းရေး ဈေးကွက်များကို ထူထောင်ရမည်။ အခြား လုပ်ငန်း ရှင်များသည် အိမ်သာကျင်းတူး/ ကျင်းဖော်ခြင်း၊ မိလ္လာ/ရေသိုး/ရေဆိုး သယ်ယူ ပို့ဆောင်ခြင်း နှင့် မိလ္လာ/ရေသိုး/ရေဆိုးသန့်စင်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများကို ဖွဲ့စည်း ထူထောင်ကြ ရမည်။

၉.၂။ လျာထားချက်များ

| | |
|---|---|
| အိမ်ထောင်စုအဆင့်တွင် သတိပြုမိစေရေး လှုံ့ဆော်မှု | ၂၀၂၀ – မှစ၍ |
| စီးပွါးရေးလုပ်ငန်းရှင်များကို အသိအမှတ်ပြုခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရန် လွယ်ကူစေခြင်း | ၂၀၂၀ – ၂၀၂၅ |
| ရွာများအားလုံး၌ ပန်းရန်သင်တန်းဖွင့်ခြင်း | ၂၀၂၀ –၂၀၂၅ |

၉.၃။ ချဉ်းကပ်နည်း

(၄၁) ထိရောက်သော ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက် နှင့် ဈေးကွက်များ ရရှိရန်အတွက် ချဉ်းကပ် လုပ်ကိုင်မှု နည်းလမ်းတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အတွက် ပုဂ္ဂလိက ဈေးကွက် များ ဖွံ့ဖြိုးတိုးတက်ရန်လွယ်ကူချောမွေ့စေခြင်းနှင့် တာဝန်ရှိသူများအားလုံး သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များကို လက်ခံသုံးစွဲလာစေရန် သတင်းအချက်အလက်များ ပေး၍ ဆုံးဖြတ်ချက်များ လွယ်လွယ်ကူကူချမှတ်လာနိုင်စေရန် နည်းပညာဆိုင်ရာနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက် အလက်များ ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါသည်။

- ဈေးကွက်ကို အခြေခံသော ချဉ်းကပ်မှုနည်းလမ်းသည် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုတို့ အတွက် ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ပေးခြင်းနှင့်အတူ ထောက်ပံ့ဖြန့်ဖြူးရေး ကွင်းဆက်ကို အခြေခံရပါမည်။ ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ပေးခြင်းသည် အနာဂါတ်ကာလ (၂၀၃၀ ပြည့်နှစ်)တွင် အိမ်ထောင်စုများနှင့် အဖွဲ့အစည်းများက နောင်တစ်ချိန်တွင်အချိန်မရွေး လိုအပ်လာနိုင်မည့် ပစ္စည်းများနှင့် ဝန်ဆောင်မှုပေးခြင်းများကို လူထုလှုပ်ရှားမှုအသွင် ဆောင်ရွက်ချိန်၏ နောက်ပိုင်းတွင်လည်း ဈေးကွက်ဆက်လက် တည်ရှိခြင်းကို သေချာစေ ရမည်။ ဒေသခံ လက်သမားပန်းရန်များ၊ ဒေသမှလက်လီအရောင်းဆိုင်များ၊ ထုတ်ကုန်များ ဖြည့်ဆည်းရောင်းချခြင်း၊ အခြေခံအဆောက်အဦ ဆောက်လုပ်ခြင်း၊ ရေရှည်သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းတို့အတွက် ဒေသခံဝန်ဆောင်မှု ပေးသူများအတွက် ဖြစ်နိုင်သည့် အတိုင်းအတာအထိ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပေးရမည်။
- ဈေးကွက်ကို နားလည်ခြင်း၊ သုံးစွဲသူများ၏အကြိုက်၊ ဈေးကွက်ကို အခြေပြုသော အကြွေးစနစ်ကို လက်လှမ်းမီခြင်းနှင့် အလားတူကိစ္စများအပေါ် လွယ်ကူချောမွေ့အောင် ပုဂ္ဂလိကကဏ္ဍကို အင်အားဖြင့် ပံ့ပိုးနိုင်ရန် အစိုးရဌာနများသည် မိမိတို့ ကိုယ်တိုင် ပါဝင် ဆောင်ရွက်မှုကို ကန့်သတ်ထားရမည်။ ထိုလက်လီလက်ကား ရောင်းချသူများကို ဖြစ်ပေါ် လာနိုင်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဈေးကွက်အရွယ်အစား၊ အမျိုး အစား၊ လုပ်ငန်းအစီအစဉ်ကြောင့် လိုအပ်ချက် မြင့်တက်လာမည့် ပစ္စည်းများ၏ အရည် အသွေးနှင့် တန်ဖိုးများတို့ကို နားလည်လာစေရန် အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြား လှုပ်ရှားမှုများမှ တစ်ဆင့် ကူညီပေးရပါမည်။ အစိုးရအဖွဲ့အစည်းများသည် ခိုင်မာသော အကြောင်းပြချက်ရှိသည့် အခက်ခဲဆုံး အခြေအနေများမှလွဲ၍ ထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် မပါဝင်ရပါ။
- အကျိုးရလာဒ်ပိုမို ရရှိစေရန် မျှတသော ပြိုင်ဆိုင်မှုသည် အရေးကြီးပါသည်။ ပုဂ္ဂလိက ကဏ္ဍနှင့် အစိုးရတို့အတွက် ပွင့်လင်းမြင်သာသော အထောက်အပံ့ဖြစ်စေသော ဝန်းကျင် တစ်ခုကို ရရှိရန် ဖုံးကွယ်ထောက်ပံ့ပေးခြင်းမပါသော မူဝါဒနှင့် စည်းမျဉ်းစည်းကမ်း

ချမှတ်ခြင်းတို့ လိုအပ်ပါသည်။ ၎င်းသည် ကဏ္ဍ၏ ရေရှည်တည်တံ့မှု အတွက် အရေးပါသော ပုဂ္ဂလိကဈေးကွက်များ ပေါ်ပေါက်လာရန် အတွက် မရှိမဖြစ် လိုအပ်ပါသည်။

- သန့်ရှင်းရေး ဆိုင်ရာအဆောက်အဦများ၏ လိုက်နာရမည့်အခြေခံ စည်းမျဉ်းစည်းကမ်းများ ဥပမာ – ရေ အရင်းအမြစ်နှင့် အိမ်သာအကွာအဝေး၊ မိလ္လာကျင်းအတွက် ရေစုပ်ကန်၊ စသည့် သတင်းအချက်အလက်များကို အိမ်ထောင်စုများ အားလုံးအား ရရှိနိုင်စေရမည်။ အိမ်ထောင်စုများက ၎င်းတို့၏ အိမ်သာများသည် သက်ဆိုင်သည့် စံသတ်မှတ်ချက်များနှင့် အညီ ဆောက်လုပ်ထားရှိကြောင်းကို သေချာစေရမည်။ နည်းပညာဆိုင်ရာ သတ်မှတ်ချက်များ ဖြစ်သည့် အိမ်သာ၏ အသေးစိတ် အချက်အလက်များကို လက်သမား၊ ပန်းရန်ဆရာများ နှင့် ကျေးရွာလူထုနှင့် ပံ့ပိုးသော အဖွဲ့အစည်းတို့မှ အခြား ပညာရှင်များကိုပါ သိရှိစေရမည်။ ၎င်းတွင် ဝေးလံခက်ခဲသော ဒေသများ၊ ရေကြီးရေလျှံတတ်သော ဒေသများ၊ ပင်လယ်ကမ်းရိုးတန်းဒေသများ၊ ခြောက်သွေ့ရေရှားဒေသများ စသည်တို့မှ ရွေးချယ်စရာ အိမ်သာ အမျိုးအစားများ၏ အသေးစိတ် အချက်အလက်များကိုပါ ထည့်သွင်းရန် လိုအပ်ပါသည်။ ဤသတင်း အချက်အလက်များသည် အမူအကျင့် ပြောင်းလဲခြင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ခြင်း၊ လူထုလှုပ်ရှားမှု၏ ရရှိလိုမှုတည်ဆောက်ခြင်း အစီအစဉ်တွင် အစိတ်အပိုင်း တစ်ခုအဖြစ် ပါဝင်နိုင်ပါသည်။
- ဤထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ရရှိနိုင်သည့် နေရာများနှင့် ၎င်းတို့၏ ကုန်ကျ စရိတ်များဆိုင်ရာ သတင်းအချက်အလက်များကို အိမ်ထောင်စုများ အားလုံးက ရရှိနိုင်ကြပြီး အိမ်ထောင်စုများသည် ရွေးချယ်စရာများအကြောင်း အသိအမြင် ရှိလာနိုင်သည်။ ရွေးချယ် စရာများကို တန်ဖိုးအမျိုးမျိုးအလိုက် စီစဉ်ထားနိုင်ပါသည်။ စီးပွါးရေး အဆင့်အတန်း အမျိုးမျိုးမှ အိမ်ထောင်စုများသည် တတ်နိုင်သည့် ရွေးချယ်စရာကို ရရှိရန် ရှာဖွေနိုင်ပါသည်။

ပစ္စည်းများနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို အနီးအနားရှိ ဈေးများနှင့်ဈေးကွက်တွင် တတ်နိုင်သော ဈေးနှုန်းဖြင့် ရရှိနိုင်စေရန်အတွက် ထောက်ပံ့ဖြန့်ဖြူးရေး ပစ္စည်းရရှိမှု ကွင်းဆက်ကို ခိုင်မာအောင် ပြုလုပ်ခြင်း –

- ထုတ်ကုန်ပစ္စည်းများတွင် အိမ်သာတစ်လုံး ဆောက်လုပ်ရန် သို့မဟုတ် အဆင့်မြှင့်တင်ရန်အတွက် လိုအပ်သည်များအားလုံး ပါဝင်ရမည်။ ၎င်းတွင် အိမ်သာခွက်များ၊ အိမ်သာပိုက်များ၊ ဘိလပ်မြေ၊ အုတ်၊ တံခါးများ၊ အမိုးပစ္စည်းများနှင့် အခြားလိုအပ်သော ပစ္စည်းများ ပါဝင်ရမည်။ မရှိမဖြစ်လိုအပ်သော ပစ္စည်းများအနက် အိမ်သာခွက်များနှင့် ပိုက်များကို ပုံမှန်ဈေးများတွင် ရလေ့ရှိသည်။ အုတ်ခဲများ ကဲ့သို့သော ပစ္စည်းများကို

အခြေအနေပေါ်မူတည်၍ ဒေသတွင် ရရှိနိုင်ပါသည်။ ဘိလပ်မြေနှင့် တံခါးအစား မြေကြီးနှင့် အဝတ်တံခါးစသည့် ဒေသထွက် ပစ္စည်းများနှင့် အစားထိုးနိုင်ပါသည်။

- လက်သမား၊ ပန်းရန်ဆရာများသည် အိမ်သာများ တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့တွင် အရေးကြီးသော လုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။ ဒေသခံ လက်သမား၊ ပန်းရန်ဖြစ်ခြင်းသည် နည်းပညာဆိုင်ရာအကြံဉာဏ်နှင့် အိမ်သာအမျိုးအစားရွေးချယ်မှုအတွက် အိမ်ထောင်စုများက လက်သမား၊ ပန်းရန်ဆရာအပေါ် ယုံကြည်မှု ရှိစေပါသည်။ ထို့ကြောင့် လက်သမား၊ ပန်းရန်ဆရာများသည် မှန်ကန်သော နည်းပညာ ဆိုင်ရာ ဗဟုသုတ ရှိရပါမည်။ ပုံမှန်အခြေအနေနှင့် ရေကြီးရေလျှံခြင်းနှင့် ပူပြင်းခြောက် သွေ့ခြင်းကဲ့သို့ ခက်ခဲသော အခြေအနေများနှင့် ကိုက်ညီပြီး ဝင်ငွေ အမျိုးမျိုးရှိသော အိမ်ထောင်စုများက တတ်နိုင်သည့် ရွေးချယ်စရာ အိမ်သာအမျိုးမျိုးကို သိရှိရပါမည်။ အိမ်သာများ ဆောက်လုပ်ရန်အတွက် လေ့ကျင့်ထားပြီးသော လက်သမား၊ ပန်းရန်ဆရာများကို ကျေးရွာတွင် သို့မဟုတ် အနီးအနားတွင် ရရှိနိုင်ရမည်။ လက်သမား၊ ပန်းရန်ဆရာ များသည် အိမ်ထောင်စုအားလုံးက တတ်နိုင်ကြမည့် အိမ်သာအမျိုးအစား များ၏ ထူးခြားချက်များနှင့် ကုန်ကျစရိတ် အမျိုးမျိုးတို့ကို ကောင်းစွာ တတ်ကျွမ်း နားလည်ရပါမည်။
- ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အိမ်ထောင်စုများက အနီးအနားမှ နေရာတစ်ခု၊ ဖြစ်နိုင်လျှင် ၎င်းတို့ မိသားစုအတွက် ပုံမှန် ဝယ်ယူရသော ဈေးများတွင် ရရှိနိုင်ရပါမည်။ ဤဈေးများတွင် မရနိုင်ပါက စုပေါင်းဝယ်ယူခြင်းကို ကျေးရွာအဆင့်တွင် ဖြစ်မြောက်အောင် ပြုလုပ်ရပါမည်။ အိမ်ထောင်စုများသည် ဝယ်ယူရန် အတူတကွ လာရောက်နိုင်ကြပြီး ထိုပစ္စည်းများ၏ ဈေးနှုန်းနှင့် အချို့အခြေအနေများတွင် အရေးပါသော သယ်ယူပို့ဆောင်ရေးတို့အပေါ် စီးပွါးရေးအရ အကျိုးထူး သို့မဟုတ် သက်သာခွင့်ကို ခံစားနိုင်ကြပါသည်။
- သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အခြေခံသည့် စီးပွါးရေးလုပ်ငန်းများသည် ဒေသအဆင့်တွင် ဖွံ့ဖြိုးတိုးတက်နေရပါမည်။ ၎င်းတွင် စီးပွါးရေးလုပ်ငန်း ကျွမ်းကျင်မှု ရှိနိုင်မည့်သူများကို ဖော်ထုတ်ရန်၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပစ္စည်းများ၊ ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် အကုန်ရရှိနိုင်မည့်ဆိုင်များ ဖွင့်လှစ်ရန်နှင့် ကျွမ်းကျင်မှုရှိအောင် ဆောင်ရွက်ပေးရန်လိုပါသည်။ အိမ်ထောင်စုများကို ၎င်းတို့၏ အိမ်သာများ ဆောက်လုပ်ရန် သို့မဟုတ် အဆင့်မြှင့်တင်ရန်၊ အိမ်သာကျင်း စုပ်ထုတ်ခြင်း ဝန်ဆောင်မှု အပါအဝင် ပုံမှန် ဝန်ဆောင်မှုပေးခြင်းနှင့် ပစ္စည်းများ

အတွက် သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုများ ရနိုင်စေရန် အသေးစိတ် တွက်ချက်ဆောင်ရွက် ပေးနိုင်သည့် ဒေသအလိုက် ကျွမ်းကျင်သည့် အရောင်းကိုယ်စားလှယ်များဖြင့် ၎င်းလုပ်ငန်းကို အားဖြည့်ပေးရပါမည်။

o ဝန်ဆောင်မှုလုပ်ငန်းများတွင် အညစ်အကြေးစုပ်ထုတ်ခြင်းနှင့် သန့်စင်ခြင်း လုပ်ငန်းများ ပါဝင်ပါသည်။ ဒေသခံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို အညစ်အကြေးစုပ်ထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းလုပ်ငန်းများ ထူထောင်ရာတွင် လွယ်ကူချောမွေ့အောင် ပြုလုပ်ပေးရပါမည်။ ဤသို့ဖြစ်လာစေရန် ဘဏ္ဍာရေးနှင့် ဈေးကွက်ရှာဖွေခြင်း တို့ပါဝင်သည့် အစီအစဉ်က တချို့တဝက် ဈေးလျှော့ပေးထားသော သို့မဟုတ် စိုက်ထုတ်ပေးထားသော လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများကို ဖွင့်လှစ် ရပါမည်။

## ၁၀.၄။ ကုန်ကျစရိတ်များ

(၄၂) ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်ကို ခိုင်မာအောင်ပြုလုပ်ခြင်းတွင် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့်အတူ လက်လီလက်ကား ရောင်းချသူများ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ စီးပွါးရေးလုပ်ငန်းရှင်များနှင့် လက်သမား၊ ပန်းရန်များအတွက် သင်တန်းများပေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများအတွက် ကုန်ကျစရိတ်များ ပါဝင်မည်ဖြစ်သည်။ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းသည် အပြုအမူပြောင်းလဲရန် ဆက်သွယ်ခြင်း လူထုလှုပ်ရှားမှုအောက်တွင် လွှမ်းခြုံ၍ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများသည် သင်တန်းပေးခြင်းများ အောက်ရှိ ဆောင်ရွက်ချက်များ ဖြစ်ပါသည်။

(၄၃) ဤခေါင်းစဉ်အောက်တွင် မည်သည့် အပိုကုန်ကျစရိတ်များကိုမှ ခန့်မှန်းတွက်ချက်ခြင်း မပြုပါ။

## ၁၀။ အထောက်အပံ့ဖြစ်စေသောဝန်းကျင် – ငွေကြေးရရှိမှု

(၄၃) ပစ္စည်းထောက်ပံ့ခြင်းနှင့် နည်းပညာပံ့ပိုးခြင်းများအတွက် ငွေကြေးရရှိမှုသည် လူထု လှုပ်ရှားမှု ပြုလုပ်ရန်နှင့် အကျိုးရရှိရန် အရေးပါသော်လည်း တစ်ခါတစ်ရံ ငွေကြေးကို မရနိုင်ပါ သို့မဟုတ် လိုအပ်ချက်ထက် လျော့နည်း၍ ရရှိနိုင်ပါသည်။ အကြောင်းမှာ သန့်ရှင်းရေးသည် ဖွံ့ဖြိုးမှုအတွက် ဦးစားပေးအစီအစဉ်တွင် ပါဝင်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

၁၀.၁။ အကျိုးရလဒ် ညွှန်ကိန်းများ

- ကျေးလက်ဒေသရှိ နေရာများတွင် ပြောင်းလဲမှု လုပ်ငန်းစဉ်ကို လွယ်ကူစေရန် လိုအပ်ချက်ရှိသော အိမ်ထောင်စုများနှင့် အစိုးရအဖွဲ့အစည်းများအတွက် နည်းပညာပံ့ပိုးခြင်း လှုပ်ရှားမှုများနှင့် အကန့်အသတ်ရှိသော ပစ္စည်း အထောက်အပံ့ များအတွက် မြန်မာနိုင်ငံတော်အစိုးရ၏ ငွေကြေးထောက်ပံ့ခြင်း။
- အိမ်ထောင်စုများနှင့် စီးပွါးရေးလုပ်ငန်းရှင်များကို အိမ်သာများနှင့် လက်ဆေးရန် နေရာများဆောက်လုပ်ခြင်း သို့မဟုတ် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ စီးပွါးရေးလုပ်ငန်းများထူထောင်ခြင်းကို ထောက်ပံ့ရန်အတွက် အသေးစားချေးငွေ ရရှိနိုင်မှု၊ ဘဏ်ရန်ပုံငွေများ သို့မဟုတ် စီးပွါးရေးချေးငွေထက် လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်သော စည်းကမ်းချက်များဖြင့် အခြား ရန်ပုံငွေ အရင်းအမြစ် အမျိုးအစားများမှ ရရှိနိုင်ခြင်း။

၁၀.၂။ လျာထားချက်များ

| | |
|---|---|
| သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် မြန်မာနိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေး အထောက်အပံ့ | ၂၀၂၂-၂၀၃၀ |
| သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် လှည့်ပတ်ရန်ပုံငွေ ထူထောင်ခြင်းနှင့် သုံးစွဲခြင်း | ၂၀၂၂-၂၀၃၀ |

၁၀.၃။ ချဉ်းကပ်နည်း

(၄၅) ဤဘဏ္ဍာငွေကြေးဆိုင်ရာနည်းဗျူဟာသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကဏ္ဍ၏ နည်းပညာ ပံ့ပိုးမှုနှင့် ပစ္စည်းထောက်ပံ့မှု နှစ်ခုလုံး၏ လိုအပ်ချက်များကို အထောက်အကူပြုရန်အတွက် လုံလောက်သော ငွေကြေးရရှိမှုကို သေချာစေနိုင်ပါသည်။ ငွေကြေးရရှိမှု၏ အရင်းအမြစ် များတွင် အဓိကအားဖြင့် ၎င်းတို့၏ ကိုယ်ပိုင်အိမ်သာများကို တည်ဆောက်ခြင်း၊ ကြံ့ခိုင်အောင် ပြုလုပ်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းတို့အတွက် အိမ်ထောင်စုများကိုယ်တိုင်၊ အစိုးရရန်ပုံငွေများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့ ပါဝင်ပါသည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ဘဏ်နှင့် အသေးစားချေးငွေကဲ့သို့ ငွေကြေးရရှိမှု၏ အခြားလမ်းကြောင်းများ တို့ကိုလည်း လွယ်သူချောမွေ့အောင် ပြုလုပ်ပေးရပါမည်။

(၄၆) အရင်းအမြစ်များကို အကျိုးရှိစွာ သုံးစွဲခြင်းသည် သော့ချက် ဖြစ်ပါသည်။ အစိုးရ အရင်းအမြစ်များမှ အကျိုးရှိမှု အများဆုံးရနိုင်သည်ကို သေချာစေရန် ငွေကြေးနှင့် အခြား အရင်းအမြစ်များကို အထူးသတိထား၍ အကျိုးရှိစွာ အသုံးပြုရပါမည်။ အစိုးရ၊ အလှူရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့

အစည်းများ စသည်တို့၏ အများပြည်သူဆိုင်ရာ ငွေကြေးအရင်းအမြစ်များ ကို ကျန်းမာရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လျာထားချက်များကို ပြည့်မီစေရန် လိုအပ်သော အသိပညာမြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း အတွက်သာ အနည်းဆုံး သုံးစွဲရပါမည်။ ထောက်ပံ့ငွေများသည် အိမ်ထောင်စု အိမ်သာများကဲ့သို့ ပုဂ္ဂလိကပစ္စည်းများ မဟုတ်သည့် အစိုးရ အသုံးစရိတ်၊ ဥပမာ- အသိပညာမြှင့်တင်ခြင်း၊ အစိုးရ ကျောင်းအိမ်သာများ သို့ ဦးတည်သုံးစွဲ ရပါမည်။

(က) ပုဂ္ဂလိက လိုအပ်ချက်အတွက် အစိုးရငွေကြေးကိုသုံးစွဲရာတွင် ပွင့်လင်းမြင်သာရှိမှုနှင့် ဓမ္မဓိဋ္ဌာန်ကျကျ ချမှတ်ထားသောမူ တို့အပေါ် အခြေခံရမည်။ ထူးခြားသော ကိစ္စများတွင် အိမ်ထောင်စုအတွက် အိမ်သာဆောက်လုပ်ခြင်းကဲ့သို့ အစိုးရငွေကြေးကို ပုဂ္ဂလိက လိုအပ်ချက်အတွက် သုံးစွဲနိုင်ပါသည်။ ဤကိစ္စသည် ငွေလုံးငွေရင်း သို့မဟုတ် အသုံးပြုစဉ် ကုန်ကျစရိတ်များအတွက် အားလုံး သို့မဟုတ် တစ်ချို့တစ်ဝက်ကို ထောက်ပံ့ခြင်း ဖြစ်ပါသည်။ ပွင့်လင်း မြင်သာရှိမှုနှင့် ဓမ္မဓိဋ္ဌာန်ကျကျ ချမှတ်ထားသောမူကို အခြေခံ၍ မူနှင့် ညီညွတ်သူများအတွက် သုံးစွဲသည်မှာ မှန်ကန်ကြောင်း တင်ပြရန် လိုပါသည်။ အဓိကမူ များမှာ အိမ်ထောင်စု၏ ငွေကြေးဆိုင်ရာ မပြည့်စုံခြင်း၊ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများဖြစ်ခြင်း၊ မိဘတစ်ဦး တည်းရှိသော အိမ်ထောင်စုနှင့် ကိုယ်ကာယဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှု ရှိနေသူများဖြစ်ခြင်း တို့ဖြစ်ပါသည်။ (မူဝါဒတွင်ဆွေးနွေးသည်) ဤမူများသည် ထောက်ပံ့ခြင်းနှင့် အိမ်သာများ ဆောက်လုပ်မှု ပြီးစီးခြင်း၊ အစဉ်တစိုက် သုံးစွဲခြင်း၊ ရေရှည်တည်တံ့ခြင်း စသည့် အလုပ်ပြီးမြောက်မှု ရလဒ်နှင့် အကျိုးရလဒ်များအပေါ် မက်လုံး ပေးနိုင်သည့် အကောင်းဆုံး အထောက်အပံ့ ဖြစ်ပါသည်။ (ပြင်ရန်-စီမံကိန်းရေးဆွဲရေး ဟု မူဝါဒတွင် မှတ်ချက်ပြုထားသည်။)

(ခ) ရလဒ်နှင့် အကျိုးရလဒ်ကို အခြေခံသော ငွေသုံးစွဲခြင်းဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းကို အသုံးပြုရပါမည်။ ထည့်ဝင်သည့် ဘဏ္ဍာငွေ သုံးစွဲမှုပမာဏသည် ရရှိလာမည့် အကျိုး ရလဒ်များနှင့် အချိုးကိုက်ညီရပါမည်။ အဖွဲ့တစ်ခုစီ၏ သုံးစွဲသောငွေကြေးမှ ရလဒ်နှင့် အကျိုးရလဒ် အများဆုံးရရှိစေရန် စီမံချက်ရေးဆွဲခြင်း အစီအစဉ်သည် အဆိုပြုသည့် အတိုင်း လုပ်ဆောင်မှုရှိ/မရှိ သေချာစေရန်အတွက် ခြေရာခံကြည့်ရှုခြင်းတို့သည် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းများ ဖြစ်ကြပါသည်။

(၄၇) တစ်သက်တာ ကုန်ကျစရိတ် ချဉ်းကပ်မှုနည်းလမ်းကို လက်ခံကျင့်သုံးရပါမည်။ ပါဝင် ဆောင်ရွက်မှု တစ်ခုအတွက် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ကို ဆန်းစစ်ရာ၌ စုစုပေါင်း ကုန်ကျ

စရိတ်များတွင် ငွေလုံးငွေရင်း အသုံးစရိတ်၊ သာမန်အသုံး စရိတ်နှင့် အခြားကုန်ကျ စရိတ်များကိုပါ စဉ်းစားရပါမည်။ အကယ်၍ ငွေလုံးငွေရင်း/သာမန် ကုန်ကျစရိတ်တစ်ခုချင်း သည် မြင့်မားနေပါက သို့မဟုတ် နည်းပါးနေပါက ၎င်းတို့ကို အခြေခံပြီး နှိုင်းယှဉ်၍ မရပါ။ သို့သော် အလုံးစုံ တစ်သက်တာ စရိတ်တွင် ထည့်သွင်းတွက်ချက် ရပါမည်။ မည်သို့ပင်ဆိုစေကာမူ သီးသန့် ပါဝင်ဆောင်ရွက်မှု တစ်ခု၏ ကုန်ကျစရိတ် ပြည့်မီမှုအတွက် အစိုးရနှင့် ပုဂ္ဂလိက၏ ငွေကြေး အရင်းအမြစ်များကို ရောထွေးသုံးစွဲရန် လိုအပ်ပါက အစိုးရ၏ ကျခံမှုကို အဓိက ဦးစားပေး စဉ်းစားရပါမည်။

(၄၈) ပါဝင်ဆောင်ရွက်ခြင်းအတွက် ရေရှည်ကုန်ကျစရိတ်ကို ပြင်ဆင် ထားရပါမည်။ သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကဏ္ဍအတွက် လိုအပ်သည့် ကုန်ကျစရိတ်၏ စုစုပေါင်းကို ၎င်း၏ ၂၀၃၀ ပြည့်နှစ် ပန်းတိုင်ကို ပြည့်မီရန် အစိတ်အပိုင်းအလိုက် ကုန်ကျငွေများဖြင့် ခွဲစိတ် တွက်ချက်ရမည်။ ကုန်ကျစရိတ်တွင် အိမ်ထောင်စုများနှင့် အဖွဲ့အစည်းများအတွက် ငွေလုံးငွေရင်း ကုန်ကျစရိတ်များ၊ သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းစရိတ်၊ အသိပညာ မြှင့်တင်ခြင်းစရိတ်၊ စောင့်ကြည့်စစ်ဆေးခြင်းစရိတ်တို့ ပါဝင်ရပါမည်။

(က) သန့်ရှင်းရေးအစီအစဉ်၏ ငွေကြေးဆိုင်ရာ ရေရှည်တည်တံ့မှုကို သေချာစေသည့် ချဉ်းကပ်မှု နည်းလမ်းတွင် အစိုးရ၏ ဘဏ္ဍာငွေ ထောက်ပံ့မှု၊ အခြားအလှူရှင်များနှင့် ပုဂ္ဂလိကကဏ္ဍမှ ရန်ပုံငွေရရှိနိုင်မှုတို့ ပါဝင်ပါသည်။

(ခ) အစိုးရမှ ရန်ပုံငွေထောက်ပံ့ခြင်းအတွက် တင်ပြဆွေးနွေးခြင်းတွင် သန့်ရှင်းရေးသည် ပြည်ထောင်စုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ်အဆင့် ရန်ပုံငွေများအတွင်း အဓိက ကဏ္ဍ တစ်ခုအဖြစ် ထည့်သွင်းနိုင်ခြင်းသည် အလွန်အရေးပါပါသည်။ ဤ တင်ပြဆွေးနွေးခြင်း၌ သန့်ရှင်းရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ကျန်းမာရေး၊ လူ့အခွင့်အရေးဆိုင်ရာ အကြောင်း တရားများအပြင် စီးပွါးရေးဆိုင်ရာ အကြောင်းတရား များလည်းရှိကြောင်း အထောက် အထားဖြင့် ဖော်ပြနိုင်လျှင် သိသိသာသာ အကူအညီရပါမည်။ အဆိုပါ အထောက် အထားကို ရရှိအောင် ဖန်တီးခြင်းသည် အဓိက ပါဝင် ဆောင်ရွက်ခြင်း တစ်ခု ဖြစ်ပါသည်။ သန့်ရှင်းရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု မပြုခြင်းသည် တိုင်းပြည်၏ ပြည်တွင်းထုတ်ကုန် စုစုပေါင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် စီးပွါးရေးအရ သက်ရောက်မှုကို တွက်ချက်နိုင်ရန် လေ့လာခြင်းများနှင့် ဆန်းစစ်ခြင်းများကို ဆောင်ရွက်ရ ပါမည်။ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် ငွေကြေးထောက်ပံ့မှု တိုးတက် လာစေရန် ၎င်းလေ့လာမှုများမှ ပြည်ထောင်စုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ်အဆင့်

တွေ့ရှိချက်များကို ဘဏ္ဍာရေးနှင့်သက်ဆိုင်သောဝန်ကြီးများနှင့် အခြားမူဝါဒ ဆိုင်ရာ အရာရှိများအား တင်ပြဆွေးနွေးခြင်း ပြုလုပ်နေချိန်တွင် ဖြန့်ဝေပေးရပါမည်။

(ဂ) ဘဏ္ဍာငွေရရှိမှုအပေါ်တွင် အခြေခံ၍ တစ်ဖွဲ့ချင်းကို ငွေကြေးထောက်ပံ့ရပါမည်။ သီးခြား တစ်ဖွဲ့ချင်း ဥပမာ တိုင်းဒေသကြီး/ ပြည်နယ် သို့မဟုတ် ရပ်ရွာလူထု တစ်ခုချင်းစီအတွက် ရရှိနိုင်သော ငွေကြေးပမာဏသည် ပြဋ္ဌာန်းစံနှုန်း သို့မဟုတ် ဆောင်ရွက်ချက်များကို အခြေခံ၍ တွက်ချက်ထားသော ပုံသေနည်း တစ်ခုအပေါ်တွင် အခြေခံရပါမည်။ ပြဋ္ဌာန်း စံနှုန်းတွင် လူဦးရေ၊ ဆင်းရဲနွမ်းပါးမှုနှုန်းများ၊ သန့်ရှင်းရေးဆိုင်ရာ ကွာဟမှုများ တို့ပါဝင်ပြီး ဆောင်ရွက်ချက်တွင် အလုံးစုံ လုပ်ဆောင်ချက်များ၊ အစည်းအဝေး၏ အကျိုးရလဒ်ကို အကောင်အထည်ဖော် နိုင်စွမ်းရှိမှု စသည်တို့ ပါဝင်ပါသည်။

(ဃ) ပတ်ဝန်းကျင် သန့်ရှင်းရေး ကဏ္ဍအတွက် လိုအပ်သော ဘဏ္ဍာငွေကို အဓိကအားဖြင့် တာဝန်ရှိသူ အသီးသီး၏ နည်းပညာပံ့ပိုးခြင်း လှုပ်ရှားမှုများနှင့်အတူ အိမ်ထောင်စုများ၊ ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ အများသုံး အိမ်သာများ၊ အရေးပေါ် အခြေအနေများ အတွင်း သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး တို့အတွက် ဆောက်လုပ်ရေး ကုန်ကျ စရိတ်များအတွက် အသုံးပြုပါသည်။ တည်ဆောက်ပြီးချိန် အသုံးပြုခြင်းနှင့် ပြင်ဆင် ထိန်းသိမ်းခြင်းတို့သည် သက်ဆိုင်ရာ အသုံးပြုသူများနှင့် အဖွဲ့အစည်းများ၏ တာဝန် ဖြစ်ပါသည်။

(၄၉) ဤဘဏ္ဍာငွေကြေးဆိုင်ရာနည်းဗျူဟာသည် ပြည်တွင်း အရင်းအမြစ်များနှင့် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေနှင့် အခြားအဖွဲ့များ တို့ကဲ့သို့ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းများမှ ချေးငွေများနှင့် ထောက်ပံ့ငွေများရရှိရန်အတွက် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ရပါမည်။ ၎င်းဆောင်ရွက်ချက်သည် စွမ်းဆောင်ရည် တိုးမြှင့်ခြင်း၊ အမူအကျင့် ပြောင်းလဲရေးအတွက် ဆက်သွယ်ခြင်းများ၊ လူအချင်းချင်း ဆက်သွယ်ရေး လှုပ်ရှားမှုများ၊ စသည့် နည်းပညာပံ့ပိုးခြင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ကျောင်းများကဲ့သို့ အဖွဲ့အစည်းဆိုင်ရာ အိမ်သာ များ၏ ကုန်ကျစရိတ်များကို ပြည့်မီနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်သော အဖွဲ့အစည်းများ၏ ရန်ပုံငွေခိုင်မာစွာ ရရှိမှုအတွက် ပထမ ဦးစားပေးလုပ်ငန်း အဖြစ်သတ်မှတ်ထားရမည်။

(၅၀) အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့အစည်းများသည် ထိခိုက်လွယ်သူများ ပါဝင်သော ကျေးလက်ဒေသမှ မိသားစုများကို သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံး အဆောင်များ ဆောက်လုပ်ရန် အတွက် သင့်လျော်သော လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်သော စည်းမျဉ်းများဖြင့် ချေးငွေများ ပေးအပ်နိုင်ရန် စီးပွါးရေးနှင့် သမဝါယမဘဏ်များ၊ စိုက်ပျိုးရေးဆိုင်ရာ ငွေကြေးဘဏ်များ၊ အခြားကျေးလက်ဒေသ ဖွံ့ဖြိုးရေးချေးငွေ အဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်

ရပါမည်။ ထို့အပြင် ဖြစ်နိုင်သော နေရာများတွင် လိုအပ်နေသော အိမ်ထောင်စုများကို ကူညီရန် သန့်ရှင်းရေး ထုတ်ကုန်ပစ္စည်းများအတွက် စီးပွါးရေးလုပ်ငန်း ငွေချေးခြင်းထက် အတိုးနှုန်း လျော့သော ချေးငွေများ ထုတ်ပေးနိုင်ရန်အတွက် အသေးစားငွေချေးဌာနများကို ကူညီဆောင်ရွက်ပေးရပါမည်။

(၅၁) အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့အစည်းများသည် မိမိတို့ကိုယ်တိုင် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများမှ တစ်ဆင့် ရပ်ရွာလူထုကို ငွေချေးပေးနိုင်သော လှည့်ပတ်ရန်ပုံငွေများကို ထူထောင်ရပါမည်။ အိမ်ထောင်စုများကို ငွေချေးပါသည်။ ချေးငွေကို ပြန်ဆပ်စေပြီးနောက် ထပ်မံချေးပေးပါသည်။ ရပ်ရွာတွင် အားလုံးပြည့်စုံသွားသောအခါ မူလပမာဏကို အခြားရပ်ရွာများသို့ ငွေချေးပေးနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့အစည်းသို့ ပြန်လည်ပေးဆပ်နိုင်ပါသည်။ ရန်ပုံငွေလှည့်ပတ်ခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်းအပေါ်မက်လုံးများ ပေးနိုင်ရန်အတွက် ရည်ရွယ်ချက်များနှင့် ပွင့်လင်းမြင်သာသော လမ်းညွှန်ချက်များကို ရေးဆွဲရန် လိုအပ်ပါသည်။

(၅၂) အထက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်းများသည် ကိုယ်တိုင် သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းများမှ တစ်ဆင့် စီးပွါးရေးလုပ်ငန်းရှင်များကို ထုတ်ကုန်ပစ္စည်းများ ရောင်းချခြင်း နှင့် လက်သမား၊ပန်းရံဝန်ဆောင်မှု လုပ်ငန်း သို့မဟုတ် ရေဆိုး/ရေသိုး စုပ်ထုတ်ခြင်းနှင့် စွန့်ပစ်ခြင်း စသည့် သန့်ရှင်းရေးဆိုင်ရာ စီးပွါးရေးလုပ်ငန်းများကို ထူထောင်နိုင်ရန်အတွက် ချေးငွေ ရရှိမှုကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရပါမည်။ အကောင်အထည်ဖော် ဆောင်ရွက်သည့် အဖွဲ့အစည်းများသည် စီးပွါးရေးလုပ်ငန်းများထက် အတိုးနှုန်းလျှော့ချထားသော ချေးငွေများကို ပေးရန် ကမ်းလှမ်းရပါမည်။ ဤလုပ်ဆောင်ချက်များ အားလုံးသည် တိကျသောမှတ်တမ်းများနှင့် သန့်ရှင်းသော ပွင့်လင်းမြင်သာမှုစံနှုန်း တို့အပေါ် အခြေပြုရပါမည်။

## ၁၀.၄။ ကုန်ကျစရိတ်များ

(၅၃) ကုန်ကျစရိတ်များကို ဤခေါင်းစဉ်အောက်တွင် ကြိုတင်တွက်ချက် ထားပါသည်။ (အချို့သည် အခြားခေါင်းစဉ်များတွင် ပါဝင်ပြီးဖြစ်သောကြောင့် နှစ်ခါ တွက်မည် မဟုတ်ပါ။)

(ကုန်ကျစရိတ်များ အားလုံးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်)

| ဆောင်ရွက်ချက်/ အကျိုးရလဒ် | အသေးစိတ်များ | ကုန်ကျငွေ |
|---|---|---|
| ဦးတည်အကြောင်းအရာများကို လေ့လာခြင်းများ | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ်များ | ၃၀၀,၀၀၀ |
| ဖြန့်ချီရေး အလုပ်ရုံဆွေးနွေးပွဲများ | တစ်လုံးတစ်ခဲတည်း | ၇၀,၀၀၀ |

| | | |
|---|---|---|
| | ကုန်ကျစရိတ်များ | |
| အိမ်ထောင်စုများကို ထောက်ပံ့ခြင်း ဆိုင်ရာ လမ်းညွှန်ချက်များ | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ်များ | ၅၀,၀၀၀ |
| လှည့်ပတ်ရန်ပုံငွေဆိုင်ရာ လမ်းညွှန်ချက်များ | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ်များ | ၃၀,၀၀၀ |
| ပုဂ္ဂလိက အဖွဲ့အစည်းများ ဆိုင်ရာ လမ်းညွှန်ချက်များ | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ်များ | ၃၀,၀၀၀ |
| လှည့်ပတ်ရန်ပုံငွေ၊ လျှော့ပေါ့အတိုး | | ၆၀၀,၀၀၀ |
| မိလ္လာစီမံခန့်ခွဲခြင်း (ရေဆိုးစုပ်ထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်း) ဆိုင်ရာ လမ်းညွှန်ချက်များ | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ်များ | ၅၀,၀၀၀ |
| စုစုပေါင်း | | ၁,၁၃၀,၀၀၀ |




## ၁၁။ အထောက်အပံ့ဖြစ်စေသောဝန်းကျင် – စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်နှင့် အသိပညာ ဆိုင်ရာ စီမံခန့်ခွဲခြင်း

### ၁၁.၁။ မျှော်မှန်း အကျိုးရလဒ်နှင့် ညွှန်ကိန်း

(၁) ထိရောက်သော စီမံကိန်းကို ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို အထောက်အကူပြုရန်အတွက် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို အဆင့်အားလုံးမှ ချက်ချင်းနီးပါး ရရှိနိုင်သော အမျိုးသားအဆင့် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်း စနစ်။

(၂) သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးကဏ္ဍ၏ အခြေအနေနှင့် ရှေ့အလားအလာများကို ခြုံငုံသုံးသပ်ချက်ပေးနိုင်သော နှစ်ပတ်လည် ကဏ္ဍဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း (နှစ်ပတ်လည် ပူးတွဲ ကဏ္ဍ ပြန်လည်သုံးသပ်ခြင်းသို့ထည့်သွင်းခြင်း)။

(၃) အကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ၊ ရလာဒ်များနှင့် အကျိုးရလာဒ်များ၏ ရှုထောင့် အမျိုးမျိုး အပေါ် ကဏ္ဍအကြောင်းအရာဆိုင်ရာ လေ့လာချက်များ။

## ၁၁.၂။ လျာထားချက်များ

| | |
|---|---|
| အမျိုးသားအဆင့် ကျေးလက်ဒေသ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး စောင့်ကြည့်စစ်ဆေးခြင်း စနစ်ကို ပုံစံထုတ်(ဒီဇိုင်းဆွဲ)ခြင်း/ ခိုင်မာအောင် ပြုလုပ်ခြင်းနှင့် အပြည့်အဝ အသုံးပြုခြင်း | ၂၀၂၁ |
| နှစ်ပတ်လည် ကဏ္ဍ ဆောင်ရွက်ချက် ကို ပြန်လည်သုံးသပ်ခြင်းများ | နှစ်စဉ် |
| နှစ်ပတ်လည် ပူးတွဲကဏ္ဍ ပြန်လည်သုံးသပ်ခြင်း | နှစ်စဉ် |
| ဦးတည် အကြောင်းအရာ လေ့လာခြင်းများ | နှစ်စဉ် |

၁၁.၃။ ချဉ်းကပ်နည်း

(၅၄) လက်ရှိ အသုံးပြုနေသော စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်ကို သုံးသပ်ခြင်းနှင့် ၎င်း၏ ညွှန်ကိန်းများ၏ ပြည့်စုံမှု၊ ယေဘုယျမူဘောင်၏ အားသာချက်နှင့် အားနည်းချက်များ၊ အချက်အလက် ကောက်ယူမှုအတွက် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ထားရှိမှု၊ အရည်အသွေး မြင့်မားသော အချက်အလက် ကောက်ယူမှုအတွက် ဆုပေးခြင်းအစီအစဉ်၊ လက်ခံကျင့်သုံးသော လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်၊ အရည်အသွေး ထိန်းသိမ်းခြင်းများ၊ ထုတ်လုပ်သော သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အသုံးပြုခြင်း၊ လုပ်ဆောင်ချက်အပေါ် တုံ့ပြန်မှု စက်ဝိုင်းများ စသည်တို့အတွက် ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

(၅၅) စောင့်ကြည့်စစ်ဆေးခြင်းအတွက် ညွှန်ကိန်းများသည် 'သိရန်လိုအပ်ခြင်း' အပေါ်အခြေခံရမည်။ 'သိလျှင်ကောင်းမည်' သို့မဟုတ် သိလိုခြင်း အပေါ် အခြေမခံရပါ။ သိရန်လိုအပ်ချက်သည် ရပ်ရွာမှ ပြည်ထောင်စု၊ နိုင်ငံတကာအထိ ကွဲပြားသော အဆင့်များအလိုက် ခြားနားပါသည်။ အချို့သည် စီမံချက်ကို နေ့စဉ် စီမံခန့်ခွဲရန် ရည်ရွယ်ချက်များအတွက် ဖြစ်နိုင်ပါသည်။ အချို့မှာမူ ကဏ္ဍ၏ လမ်းကြောင်းကို ရေရှည် ခြေရာခံရန် ဖြစ်နိုင်ပါသည်။

(၅၆) စောင့်ကြည့်စစ်ဆေးခြင်းစနစ် အားလုံးသည် စာရင်းအင်းပညာဆိုင်ရာ ခိုင်လုံသော နည်းလမ်းများဖြင့် အချက်အလက်များကို စုဆောင်းပါသည်။ အချက်အလက်များကို အမှားအမှန်

စစ်ဆေးသောစံ ပါဝင်ပြီး ဖြစ်ရပါမည်။ စောင့်ကြည့်စစ်ဆေးခြင်းစနစ် အားလုံးသည် သန်းခေါင်စာရင်း သို့မဟုတ် နမူနာယူခြင်းကို အခြေခံ၍ အချက်အလက်များကို စုဆောင်းပါသည်။ ကျိုးကြောင်းခိုင်လုံဆီလျော်၍ ယုံကြည်ကိုးစားနိုင်သော နမူနာများရရှိရန် စာရင်းအင်းပညာများကို အခြေခံ၍ အချက်အလက်များကို ကောက်ယူရပါမည်။ ၎င်းကို ယုံကြည်စိတ်ချရမှု အမြင့်ဆုံး အဆင့်တွင် ဆောင်ရွက်ပြီး ကောက်ယူထားသော အချက်အလက်များသည် အမြင့်ဆုံး ယုံကြည်ကိုးစားနိုင်မှု ရှိရပါမည်။

(၅၇) စီမံချက်စီမံခန့်ခွဲခြင်းအား သီးခြားလွတ်လပ်သော တတိယအဖွဲ့၏ ဓမ္မဓိဋ္ဌာန်ကျကျ စောင့်ကြည့်စစ်ဆေးခြင်းဖြင့် အားဖြည့်ဆောင်ရွက်ရပါမည်။ စီမံချက်ကို စောင့်ကြည့် စစ်ဆေးခြင်းသည် နေ့စဉ် ပြဿနာများနှင့် ကဏ္ဍ၏အနေအထားကို နားလည်နိုင်စေရန်အတွက် အရေးပါသော အခြေခံ အချက်အလက်များကို ပုံမှန်ကောက်ယူရပါမည်။ ၎င်းသည် လိုအပ်လျှင် စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ဦးတည်ချက်ကို ပြောင်းလဲရန်အတွက် အခြေခံဖြစ်ပါသည်။ ထို့အပြင် သီးခြားလွတ်လပ်သော တတိယအဖွဲ့၏ ဓမ္မဓိဋ္ဌာန်ကျကျ အချက်အလက် ကောက်ယူခြင်း လုပ်ငန်းစဉ်ကိုလည်း အချက်အလက်များ သုံးပွင့်ဆိုင် ညီညွတ်ခြင်းက သေချာစေရန် အားဖြည့်ပေးပါသည်။ သီးခြားလွတ်လပ်သောတတိယအဖွဲ့များတွင် အတိုင်ပင်ခံအဖွဲ့များ၊ ပညာရေးအဖွဲ့အစည်းများ၊ သမဂ္ဂများ၊ ဥပမာ- လူမှုရေးအဖွဲ့အစည်းများ စသည့် အကောင်အထည် ဖော်ဆောင် ရွက်ခြင်း လုပ်ငန်းစဉ်တွင် မသက်ဆိုင်သောသူများ တို့ပါဝင်ကြပါသည်။

(၅၈) စောင့်ကြည့်စစ်ဆေးခြင်းစနစ်သည် ညွှန်ကိန်းများအတွက် တပြေးညီရှိသော အဓိပ္ပါယ် ဖွင့်ဆိုချက်များနှင့်အတူ ညွှန်ကိန်းအစုံကို တစ်ဖြည်းဖြည်း တိုးတက်ကောင်းမွန်အောင် ဖော်ထုတ်ပြုစုရပါမည်။ စောင့်ကြည့်စစ်ဆေးခြင်း စနစ်သည် ကျေးလက်ဒေသမှစ၍ ပြည်ထောင်စုနှင့် နိုင်ငံတကာ အဆင့်များအထိ စီမံချက်စီမံခန့်ခွဲခြင်းနှင့် ရေရှည်ဆန်းစစ်ခြင်း နှစ်ခုလုံးတို့အတွက် ဆီလျော်သော ညွှန်ကိန်းများကို ပြုစုရပါမည်။ အဖွဲ့အစည်းများသည် ပြောင်းလဲမှုမရှိပဲ နှိုင်းယှဉ်နိုင်သော ညွှန်ကိန်းအစုံနှင့် နည်းလမ်းများကို ပြုစုနိုင်ရန်အတွက် စီမံချက်စီမံခန့်ခွဲခြင်းနှင့် သီးခြား လွတ်လပ်သော တတိယအဖွဲ့မှ စောင့်ကြည့်စစ်ဆေးခြင်း အစီအစဉ်များကို ဆောင်ရွက် ရမည်။

(၅၉) စောင့်ကြည့်စစ်ဆေးခြင်းသည် ရလဒ်နှင့် အကျိုးရလဒ်ကို ဦးစားပေးရမည်။ ထို့အပြင် ထည့်ဝင်သုံးစွဲသည့်အရင်းအမြစ်နှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်အပေါ် အာရုံစိုက်ရမည်။ စောင့်ကြည့်စစ်ဆေးခြင်းအတွက် ညွှန်ကိန်းများတွင် ဆောက်လုပ်ပြီးသော အိမ်သာအရေအတွက်၊ လုပ်ငန်းစဉ်၏ ဆောင်ရွက်နိုင်စွမ်း၊ ရေအရည်အသွေးကဲ့သို့သော အကျိုးရလဒ်ညွှန်ကိန်းများနှင့်၊ တောထိုင်ခလေ့ကင်းစင်သောရပ်ရွာများ စသည်ဖြင့် ပါဝင်ပါသည်။ ငွေကြေးစိုက်ထုတ်မှု၊ အသိပညာ

မြှင့်တင်မှုဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများစသည့် ထည့်ဝင်သုံးစွဲသည့်အရင်းအမြစ်နှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် ဆက်နွယ်သော အခြားစီမံချက်များကို စီမံခန့်ခွဲခြင်း ညွှန်ကိန်းများလည်း ပါဝင်ပါသည်။

(၆၀) ဝန်ဆောင်မှုပေးသူများက ပြုလုပ်သော ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းသည် သီးခြားလွတ်လပ်သော တတိယအဖွဲ့၏ ဓမ္မဓိဋ္ဌာန် စောင့်ကြည့်စစ်ဆေးခြင်းကို အသုံးပြု၍ သုံးပွင့်ဆိုင်ဆောင်ရွက်ခြင်း ဖြစ်ရပါမည်။ ကဏ္ဍကို စောင့်ကြည့်စစ်ဆေးခြင်းသည် စီမံချက်ကို စီမံခန့်ခွဲခြင်းနှင့် အစီရင်ခံခြင်းတို့တွင် အသုံးပြုရမည့် အရေးကြီးသော ညွှန်ကိန်းများအတွက် ပုံမှန်စောင့်ကြည့်စစ်ဆေးသော အချက်အလက်များကို အချိန်မှန် (နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်ပတ်လည်) ကောက်ယူရပါမည်။ သီးခြားလွတ်လပ်သောတတိယအဖွဲ့မှ ဦးဆောင်သော ဓမ္မဓိဋ္ဌာန် စောင့်ကြည့်စစ်ဆေးခြင်းသည် ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းကို သုံးပွင့်ဆိုင်ဆောင်ရွက်ရန် ရည်ရွယ်၍ သတင်းအချက်အလက်များကို နှစ်စဉ်မှ ၅နှစ်ကဲ့သို့ ကာလပိုင်းခြား၍ ကောက်ယူရပါမည်။

(၆၁) စောင့်ကြည့်စစ်ဆေးခြင်းစနစ်သည် ခွဲခြားထားပြီးသော အချက်အလက်များကို ပေးရပါမည်။ စောင့်ကြည့်စစ်ဆေးခြင်းစနစ်သည် ပထဝီအနေအထား (တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်/ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာ) အလိုက်၊ ကျား/မ အလိုက်၊ စီးပွါးရေး အဆင့်အတန်း (အနိမ့်ဆုံး/အမြင့်ဆုံးအုပ်စု) အလိုက်၊ မသန်စွမ်းမှု နှင့် အခြားညွှန်ကိန်းများအလိုက် ခွဲခြားထားသော အချက်အလက်များကို ပေးရမည်။

(၆၂) အထက်အဆင့်များတွင် စုစည်းသည့် စောင့်ကြည့်စစ်ဆေးသည့် သတင်းအချက်အလက် အစုံများအတွက် စံကိုက်ချဉ်းကပ်နည်း(Modular Approach)ကို လက်ခံကျင့်သုံးရမည်။ ကျောင်းများ၏ သန့်ရှင်းရေးကို ပညာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက် စောင့်ကြည့်စစ်ဆေးခြင်းစနစ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ သန့်ရှင်းရေးကို ကျန်းမာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် စောင့်ကြည့်စစ်ဆေးခြင်း စနစ်ဖြင့်လည်းကောင်း ဆောင်ရွက်ပါသည်။ အိမ်ထောင်စုများကို စောင့်ကြည့်စစ်ဆေးခြင်း၊ သောက်သုံးရေအရည်အသွေးကို စောင့်ကြည့်စစ်ဆေးခြင်း၊ စသည်တို့အတွက် စံစနစ်တစ်ခုစီ ရှိရပါမည်။ စုစည်းခိုင်မာစေခြင်းနှင့် ခွဲခြမ်းစိတ်ဖြာစိစစ်ခြင်းတို့အတွက် ဤစံများပေါင်းစုခြင်းကို ကဏ္ဍအဆင့်တွင် ဆောင်ရွက်ရမည်။ ထို့အပြင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး စောင့်ကြည့်စစ်ဆေးခြင်းစနစ်သည် သောက်သုံးရေနှင့် အခြားကဏ္ဍများကို စောင့်ကြည့်စစ်ဆေးခြင်းတို့နှင့်အတူ နှိုင်းယှဉ်ရန်နှင့် ခွဲခြမ်းစိတ်ဖြာ စိစစ်ရန် ညှိနှိုင်းဆွေးနွေး ရပါမည်။

(၆၃) စောင့်ကြည့်စစ်ဆေးမှုစနစ်သည် နှီးနွှယ်ပတ်သက်နေသော တာဝန်ရှိသူအားလုံး ပါဝင်သော ပူးပေါင်းဆောင်ရွက်ခြင်း ချဉ်းကပ်မှုနည်းလမ်းကို လက်ခံကျင့်သုံးရပါမည်။ ရပ်ရွာအဆင့်တွင် ၎င်း၏ ဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့မှုကို စောင့်ကြည့်စစ်ဆေးသောစနစ်တွင် အတူပါဝင်ရပါမည်။ ယူနစ်တစ်ခုစီကို အုပ်စုတူအဖော်များက စောင့်ကြည့်စစ်ဆေးနိုင်သော နေရာများတွင် အုပ်စုတူ အဖွဲ့များ၏ စောင့်ကြည့်စစ်ဆေးခြင်းကို ကျင့်သုံးရမည်။ ဥပမာ– ရပ်ရွာတစ်ခုကို အခြားရပ်ရွာ တစ်ခုဖြင့် သို့မဟုတ် ရပ်ရွာများ အစုအပေါင်းဖြင့်၊ မြို့နယ်တစ်ခုကို အခြားမြို့နယ်(များ)ဖြင့်၊ တိုင်းဒေသကြီးတစ်ခုကို အခြားတိုင်းဒေသ ကြီးများဖြင့်၊ စသည်ဖြင့် စောင့်ကြည့်စစ်ဆေးခြင်း ပြုလုပ် နိုင်ပါသည်။

(၆၄) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အမျိုးသားအဆင့် စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် အသစ်တစ်ခုကို ပုံစံထုတ်ရမည် သို့မဟုတ် လက်ရှိစနစ်ကို ခိုင်မာ အောင် ပြုလုပ်ရမည်။ ၎င်းကို ရေကောင်းရေသန့်ကဏ္ဍ၊ ခရိုင်ကျန်းမာရေးသတင်းအချက်အလက် စနစ် DHIS ကဲ့သို့ ကျန်းမာရေးကဏ္ဍ သို့မဟုတ် အလားတူများတွင် လက်ရှိကျင့်သုံးနေသော စောင့်ကြည့်စစ်ဆေးခြင်း စနစ်များနှင့် ကိုက်ညီအောင် ပြုလုပ်ရပါမည်။

(က) စောင့်ကြည့်စစ်ဆေးခြင်း စနစ်ပုံစံသည် ခြေရာခံရမည့် အရေးကြီးသော လက်လှမ်းမီမှု၊ အကျိုးရလဒ်၊ ရေရှည်တည်တံ့မှုနှင့် အခြားညွှန်ကိန်းများ၊ အချက်အလက် ကောက်ယူခြင်း အတွက် တာဝန်ရှိသော အဖွဲ့အစည်းများ၊ အချက်အလက် ကောက်ယူခြင်း လုပ်ငန်းစဉ် အတွက် သယ်ယူပို့ဆောင်ရေး၊ အစားအစာ၊ အပါအဝင် မက်လုံးများ၊ အချက်အလက် ကောက်ယူခြင်း လုပ်ငန်းစဉ်ကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်း၊ အများပြည်သူ တိုးတက်မှု အစီရင်ခံစာ ရုပ်ပုံကားချပ်များ (public dashboard)နှင့် တုံ့ပြန်မှု စက်ဝိုင်း (feedback loop)တို့ကို တိုင်းဒေသကြီး/ပြည်နယ် အဆင့် အထိ ဖော်ထုတ်ပေးရမည်။

(ခ) စောင့်ကြည့်စစ်ဆေးခြင်း စနစ်သည် ကျေးရွာမှ ရပ်ရွာလူထုအကျိုးပြု ခေါင်းဆောင်များ သို့မဟုတ် ရပ်ရွာအဆင့်ကို အခြေပြုသော ကျန်းမာရေး၊ ပညာရေးတို့နှင့် အခြားဌာန ဆိုင်ရာ ဝန်ထမ်းများကို အချိန်အပိုင်းအခြားအလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ သန်းခေါင်စာရင်း သို့မဟုတ် နမူနာကောက်ယူခြင်း အခြေခံပေါ်တွင် အချက်အလက် စုဆောင်းခြင်းအတွက် အသုံးပြုရ ပါမည်။ ၎င်းတို့ကို အချက်အလက် စုဆောင်းရန်အတွက် ဆုကြေးပေးရပါမည်။ စုဆောင်းရရှိသော အချက်အလက်များ (ရလာဒ်အခြေပြု ချဉ်းကပ် နည်း)နှင့် စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်သို့ ပေးပို့ခြင်းတို့ကို အခြေခံသော ဆုကြေး ဖြစ်ပါသည်။

(ဂ) စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တွင် အချက်အလက် ကောက်ယူသူများက အိမ်ထောင်စုများသို့ အချက်အလက်စုစည်းရန် လူကိုယ်တိုင် သွားရောက်သော သမားရိုးကျ နည်းလမ်းအစား ချဉ်းကပ်နည်း အသစ်အဆန်းများကို စမ်းသပ်သုံးစွဲ ရပါမည်။ဥပမာ-လက်ကိုင်ဖုန်းများ (smart/feature phones) ဖြင့် IVRS သို့မဟုတ် USSD နည်းလမ်းများကို အသုံးပြု၍ အစပိုင်းတွင် ဒေသတစ်ခု၌ စမ်းသပ်ကောက်ယူမှု pilot-at-scale[6] အခြေခံဖြင့် အချက်အလက်ကောက်ယူရန် စမ်းသပ်ကြည့်ရမည်။ ပါဝင်ဖြေကြားသူများသည် mobile recharge သို့မဟုတ် mobile money ပုံစံဖြင့် ဆုကြေးပေးခြင်းကို ခံစားကြရပါမည်။

(ဃ) စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တွင် စိစစ်အတည်ပြုခြင်းနှင့် အရည်အသွေး ထိန်းသိမ်းခြင်းတို့ ပါဝင်ပါသည်။ နမူနာအနည်းငယ်အတွက် လူကိုယ်တိုင် စိစစ်အတည်ပြုခြင်းနှင့် နမူနာအများအပြားအတွက် တယ်လီဖုန်းကို အခြေပြုသော စိစစ်အတည်ပြုခြင်း နှစ်ခုလုံးကို အသုံးပြုပါမည်။

(င) ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းစနစ်ကို အချိန်အပိုင်းအခြားအလိုက် စာရင်း/လုပ်ငန်းစစ်ဆေး ခြင်းများနှင့် ပြင်ပတတိယအဖွဲ့ (external third-party objective actors) က ဆောင်ရွက် သော လေ့လာခြင်းများဖြင့် ဖြည့်စွက်ရပါမည်။ ၎င်းတို့အနက် လုပ်ငန်းအချို့ကို တာဝန်ယူ ဆောင်ရွက်နိုင်ရန် လူမှုအဖွဲ့အစည်းများကို အားပေးရပါမည်။

(၆၅) စီမံကိန်းကို နောက်ခံပြု၍ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို ဆန်းစစ်နိုင်ရန် အချိန်အပိုင်းအခြားအလိုက်သုံးသပ်စစ်ဆေးခြင်းနှင့် နှစ်လယ် သုံးသပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခြင်းနှင့် လိုအပ်ပါက လမ်းကြောင်း တည့်မတ်ခြင်း တို့ကို ဆောင်ရွက်ရမည်။

(၆၆) တန်းတူညီမျှခြင်း၊ ကျား/မရေးရာ၊ နည်းပညာ၊ ဓမ္မတာသန့်ရှင်းရေးအစီအမံ စသည့် ဆီလျော်သော ကဏ္ဍဆိုင်ရာအကြောင်းအချက်များအား လေ့လာခြင်းကို နှစ်စဉ် နှစ်ကြိမ် ဆောင်ရွက်ရပါမည်။

(၆၇) နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များသည် သုံးလပတ်တိုင်းတွင် သီးခြား ခေါင်းစဉ်များအပေါ် အစည်းအဝေး ပြုလုပ်ကြရမည်။ သတင်းအချက်အလက်များ ဖလှယ်ရန်၊ ကဏ္ဍ၏ အခြေအနေကို

[6] Pilot, not covering the entire country, but still at scale – e.g. a district or region/state; uses same institutions, conditions, incentives as being done at scale

တရားဝင်ဖြစ်စေရန်နှင့် ရေရှည်ဆက်ဆောင်ရွက်မည့် စီမံကိန်းရေးဆွဲရန်အတွက် ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ကဏ္ဍပူးတွဲ သုံးသပ်ခြင်း နှင့်အတူ ကဏ္ဍ၏ ဆောင်ရွက်ချက်အပေါ် သုံးသပ်ခြင်း နှစ်ပတ်လည် အလုပ်ရုံ ဆွေးနွေးပွဲတို့ကို ဆောင်ရွက်ကြရမည်။

၁၁.၄။ ကုန်ကျစရိတ်များ

(ကုန်ကျစရိတ်များ အားလုံးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်)

| လုပ်ဆောင်ချက်/ အကျိုးရလဒ် | အသေးစိတ် | ပမာဏ |
|---|---|---|
| စီမံခန့်ခွဲမှု သတင်းအချက်အလက် စနစ် | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ် | ၂၅,၀၀၀ |
| အခြေပြမျဉ်း စစ်တမ်း | ကျေးလက်နေ အိမ်ထောင်စု ၈ သန်း အိမ်ထောင်စု တစ်ခု ၀.၁၀ ဒေါ်လာ | ၈၀၀,၀၀၀ |
| နမူနာစစ်တမ်းများ | အိမ်ထောင်စု၏ ၅% သုံးလတစ်ကြိမ် x ၄ကြိမ် x အိမ်ထောင်စု ၈သန်း x အိမ်ထောင်စုတစ်စုလျှင်၀.၂၅ ဒေါ်လာ | ၄၀၀,၀၀၀ |
| တတိယအဖွဲ့ စာရင်းစစ် | တစ်နှစ်တစ်ကြိမ် ဒေါ်လာ ၅၀,၀၀၀ ၁၁ နှစ် | ၉၂၆,၅၅၈ |
| နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏ အစည်းအဝေးများ | အဖွဲ့ ၃ဖွဲ့ x တစ်နှစ်လျှင် ၄ ကြိမ် တစ်နှစ်လျှင် တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ် ဒေါ်လာ ၅,၀၀၀ | ၉၂,၆၅၆ |
| ကဏ္ဍ၏လုပ်ဆောင်ချက် အစီရင်ခံစာ | နှစ်စဉ် အစီရင်ခံစာ ဒေါ်လာ ၂၀,၀၀၀ | ၃၇၀,၆၂၃ |
| ကဏ္ဍ၏လုပ်ဆောင်ချက် ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ | | ၁,၈၅၃,၁၁၇ |
| ဦးတည်အကြောင်းအရာ လေ့လာချက်များ | နှစ်စဉ် လေ့လာချက်နှစ်ခု တစ်ခုလျှင် ဒေါ်လာ ၁၀,၀၀၀ | ၂၂၀,၀၀၀ |
| စုစုပေါင်း | | ၄,၆၈၇,၉၅၄ |




၁၂။ လွယ်ကူစေမှုဝန်းကျင် - သာတူညီမျှမှု

၁၂.၁။ မျှော်မှန်း အကျိုးရလဒ်နှင့် အညွှန်ကိန်း

(၆၈) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လက်လှမ်းမီမှုကို မတူညီသော လူမှုရေး၊ စီးပွါးရေး၊ ပထဝီ အနေအထားဆိုင်ရာ အုပ်စုများ အကြား ကွာခြားမှုအား ၂၀၃၀ပြည့်နှစ်တွင် သုည အထိ လျှော့ချခြင်း။

၁၂.၂။ လျာထားချက်များ

| | ၂၀၂၂ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|
| % တိုင်းဒေသကြီး/ပြည်နယ်များ အကြား ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လက်လှမ်းမီခြင်း ကွာခြားမှု (အမြင့်ဆုံးနှင့် အနိမ့်ဆုံး) | ၅၀% | ၂၅% | ၀% |
| % ကျား- မ အကြား ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လက်လှမ်းမီခြင်း ကွာခြားမှု | | | ၀% |
| % မသန်စွမ်းသူများနှင့် သာမန် ပြည်သူလူထု အကြား ကောင်းမွန်သန့်ရှင်းသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး လက်လှမ်းမီခြင်း ကွာခြားမှု | | | ၀% |

၁၂.၃။ ချဉ်းကပ်နည်း

(၆၉) ပါဝင်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း အဆင့်များတွင် သာတူညီမျှရှိမှု ပြဿနာများကို အာရုံစိုက်ရမည်။ ထိခိုက်လွယ်သော လူအုပ်စုများကို ပိုမိုကောင်းမွန်သည့် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို လက်လှမ်းမီခြင်းမှ တားဆီးနေသော အဟန့်အတားများ အပေါ်တွင် အထူးအာရုံစိုက်ရန် လိုပါသည်။ ၎င်းတွင် ပထဝီဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ အကြား၊ မြို့ပြနှင့် ကျေးလက်ဒေသများ အကြား၊ ကျားနှင့်မတို့အကြား၊ ချမ်းသာသူနှင့် ဆင်းရဲသူတို့အကြား၊ ကိုယ်လက် သန်စွမ်းသူနှင့် မသန်စွမ်းသူတို့အကြား မတူကွဲပြားခြင်းနှင့် အခွင့်အရေးညီမျှမှု မရှိခြင်းတို့အပေါ် စူးစိုက် ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ၎င်းအုပ်စုများအကြား လက်လှမ်းမီမှုအပေါ် ကာလအပိုင်းအခြားအလိုက် စဉ်ဆက်မပြတ် အာရုံစူးစိုက် စောင့်ကြည့် စစ်ဆေးခြင်းသည် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် နောင်ကာလများတွင် လမ်းကြောင်းကို ပြင်ဆင်တည့်မတ်ခြင်းအတွက် အလွန်အရေး ကြီးပါသည်။

(က) တာဝန်ရှိသူများ သာတူညီမျှရှိမှုရှိခြင်း အပေါ်တွင် ခံစားမှုရှိကြမှ သာတူညီမျှရှိမှုကို အာရုံစူးစိုက်ခြင်းသည် အဆင်ပြေနိုင်ပါမည်။ ထို့ကြောင့် စီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း အဆင့်များတွင် သာတူညီမျှရှိမှု ပြဿနာများကို သတိပြုမိရန် လိုအပ်ချက်ရှိကြောင်း ၎င်းတို့ကို ယုံကြည်လာအောင် ပြုလုပ်ရန် လိုအပ်ပါသည်။ တာဝန်ရှိသူ အမျိုးမျိုးအကြား သာတူညီမျှရှိမှုအပေါ် အာရုံစူးစိုက်လာစေမည့် လှုပ်ရှားမှုများ အစဉ်တစိုက် ပြုလုပ်ပေးခြင်းကို ဆောင်ရွက်ရပါမည်။ ၎င်းတို့အား သာတူညီမျှရှိမှု ပြဿနာများနှင့် လိုအပ်မှုကို နားလည်နိုင်စေရန်နှင့် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို ဝင်ရောက်ဆောင်ရွက်မှုများနှင့် လှုပ်ရှားမှုများတွင် သာတူညီမျှရှိမှု အပေါ် တာဝန်ယူလာစေသော ချဉ်းကပ်နည်းများကို လက်ခံကျင့်သုံးရန် ဖြစ်ပါသည်။

(ခ) အာရုံစူးစိုက်ဆောင်ရွက်ခြင်း မတိုင်မီ မညီမျှမှု၏ အတိုင်းအတာ အချိုးအစားကို နားလည်ခြင်းသည် မရှိမဖြစ် လိုအပ်ပါသည်။ သို့မှသာ စောင့်ကြည့်စစ်ဆေးမှုစနစ်သည် ကျားမ အကြား၊ မသန်စွမ်းသူများနှင့် အခြား ထိခိုက်လွယ်သော အုပ်စုများအကြား တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မညီမျှမှုများကို သေသေချာချာ ခွဲခြားခံထုတ်ဖော် အစီရင်ခံနိုင်ပါမည်။ သီးခြားညွှန်ကိန်းများကို ထုတ်ဖော်၍ စောင့်ကြည့်စစ်ဆေးရပါမည်။ ရရှိသော အချက် အလက်များကို ခွဲခြမ်းစိတ်ဖြာ စစ်ဆေး၍ တာဝန်ရှိသူများကို မျှဝေရပါမည်။ သာတူ ညီမျှရှိမှု မရှိခြင်းကို အချိန်နှင့် တစ်ပြေးညီ စူးစိုက်ဆောင်ရွက်ခြင်းဖြင့် ၎င်းသည် ၂၀၃၀ပြည့်နှစ်တွင် အားလုံးလက်လှမ်းမီရရှိသွားပါမည်။

(ဂ) သာတူညီမျှရှိမှု႕ ပြဿနာများ၊ ၎င်းတို့၏ နောက်ကွယ်မှ အကြောင်းရင်းများ၊ ပြင်ဆင်ရန် အတွက် လိုအပ်သော မဟာဗျူဟာများ၊ အကောင်အထည်ဖော် ဆောင်ရွက်နေစဉ် တွေ့ရမည့် စိန်ခေါ်မှုများတို့ကို နားလည်နိုင်စေရန် ဦးတည်အကြောင်းအရာ လေ့လာခြင်းများကို ဆောင်ရွက် ရမည်။ သင်ခန်းစာများ ရယူခြင်းနှင့် အကြံပြုခြင်းတို့သည် ဤလေ့လာခြင်းများ၏ အစိတ်အပိုင်း ဖြစ်ပါသည်။

၁၂.၄။ ကုန်ကျစရိတ်များ

(၇၀) သာတူညီမျှရှိခြင်းအတွက် ကုန်ကျစရိတ်များတွင် ခံစားမှုမြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ များနှင့် ကဏ္ဍဆိုင်ရာ အကြောင်းအရာကို လေ့လာခြင်းများ၏ ကုန်ကျစရိတ်များတို့ ပါဝင်ပါသည်။ သာတူညီမျှရှိခြင်းဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်စစ်ဆေးခြင်း၏ ကုန်ကျစရိတ်ကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း စနစ်တွင် ထည့်သွင်းထားပါသည်။

(ကုန်ကျစရိတ်များ အားလုံးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်)

| လုပ်ဆောင်ချက် | အသေးစိတ်တွက်ချက်မှုများ | ကုန်ကျငွေ |
|---|---|---|
| ခံစားမှုမြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲများ | ((၂ x ၃၃၀ မြို့နယ်) + (၃ x ၇၅ ခရိုင်) + (၅ x ၁၈ ပြည်နယ်/တိုင်းဒေသကြီး)) x ဒေါ်လာ ၁၀၀ | ၉၇,၅၀၀ |
| ဦးတည် အကြောင်းအရာကို လေ့လာခြင်းများ | တစ်နှစ်လျှင် လေ့လာခြင်း ၂ခု တစ်ခုလျှင် ဒေါ်လာ ၂၅,၀၀၀ x ၁၁နှစ် | ၅၅၀,၀၀၀ |
| စုစုပေါင်း | | ၆၄၇,၅၀၀ |




## ၁၃။ တောထိုင်မလေ့ကင်းစင်သော ကျေးလက်ဒေသ ရပ်ရွာများ

၁၃.၁။ မျှော်မှန်း အကျိုးရလာဒ်နှင့် ညွှန်ကိန်း

(၇၁) မျှော်မှန်းသော အကျိုးရလာဒ်မှာ တောထိုင်ဓလေ့ လုံးဝ ကင်းစင်သောရပ်ရွာများ ဖြစ်ပါသည်။ ၎င်း၏ ညွှန်ကိန်းမှာ တောထိုင်ဓလေ့ ကင်းစင်ကြောင်း အသိအမှတ်ပြုလက်မှတ် အတွက် အစိုးရက ချမှတ်ထားသော လိုအပ်ချက်များ ဖြစ်ပါသည်။ ၎င်းတို့မှာ –

(၁) ရပ်ရွာရှိ အိမ်ထောင်စု အားလုံးသည် ကောင်းမွန်သောအိမ်သာနှင့် ရေ၊ ဆပ်ပြာကို အသုံးပြု၍ လက်ဆေးသော နေရာများကို လက်လှမ်းမီ၍ မိသားစုဝင်အားလုံးက အချိန်တိုင်း အသုံးပြုခြင်း၊

(၂) ရပ်ရွာရှိ ကျောင်းအားလုံးသည် ကောင်းမွန်သောအိမ်သာနှင့် ရေဆပ်ပြာကို အသုံးပြု၍ လက်ဆေးသော နေရာများကို လက်လှမ်းမီ၍ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ အားလုံးက အချိန်တိုင်း အသုံးပြုခြင်း၊

(၃) ရပ်ရွာရှိ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အားလုံးသည် ပိုမိုကောင်းမွန်သော သန့်ရှင်းရေး နှင့် ရေဆပ်ပြာကို အသုံးပြု၍ လက်ဆေးသော နေရာများကို လက်လှမ်းမီ၍ လူနာများ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် ဧည့်သည်များ အားလုံးက အချိန်တိုင်း အသုံးပြုခြင်း၊

(၄) ရပ်ရွာရှိ အဖွဲ့အစည်းများ အားလုံးသည် ပိုမိုကောင်းမွန်သောသန့်ရှင်းရေးနှင့် ရေဆပ်ပြာကို အသုံးပြု၍ လက်ဆေးသော နေရာများကို လက်လှမ်းမီ၍ ဝန်ထမ်းများနှင့် ဧည့်သည်များ အားလုံးက အချိန်တိုင်း အသုံးပြုခြင်း၊

(၅) ရပ်ရွာရှိ အများပြည်သူဆိုင်ရာ နေရာများ ဈေးများနှင့် ကားမှတ်တိုင်များတွင် အများသုံး အိမ်သာနှင့် ရေဆပ်ပြာကို အသုံးပြု၍ လက်ဆေးသော နေရာများကို ဧည့်သည်/ ခရီးသွားများ အသုံးပြုရန် လက်လှမ်းမီခြင်း၊

(၆) ရပ်ရွာ၏ပထဝီ နယ်နိမိတ်အတွင်း မည်သည့်နေရာတွင်မှ တောထိုင်ဓလေ့၏ အထောက်အထားကို မတွေ့ရခြင်း၊

(၇) အိမ်ထောင်စုများနှင့် အခြားအဖွဲ့အစည်းများ အားလုံးတွင် အစာနှင့် ရေအားလုံးကို လုံခြုံစိတ်ချစွာ သိမ်းဆည်းသိုလှောင်ခြင်း၊

(၈) ရပ်ရွာရှိ အမှိုက်နှင့် ရေသိုးကန်အပါအဝင် ရေဆိုးများအားလုံး ကို အိမ်ထောင်စု အဆင့်နှင့် ရပ်ရွာအဆင့်တွင် သန့်စင်ခြင်း။ ပြန်လည် အသုံးပြုခြင်း သို့မဟုတ် သတ်မှတ်ချက်များ အတိုင်း ပတ်ဝန်းကျင်သို့ စွန့်ပစ်ခြင်း။

၁၃.၂။ လျှာထားချက်များ

| | ၂၀၂၂ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|
| တောထိုင်ဓလေ့ကင်းစင်သော ကျေးလက်ဒေသ ရပ်ရွာ အရေအတွက် | ၁၂,၅၀၀ | ၂၅,၀၀၀ | ၆၂,၅၄၉ |
| တောထိုင်ဓလေ့ကင်းစင်သော ကျေးလက်ဒေသ ရပ်ရွာ ရာခိုင်နှုန်း | ၂၀% | ၆၀% | ၁၀၀% |

၁၃.၂။ ချဉ်းကပ်နည်း

(၇၂) ရပ်ရွာတစ်ခုလုံးတွင် ကောင်းမွန်သန့်ရှင်းသော မိလ္လာစနစ် လိုအပ်ခြင်းကို နားလည်စေရန်နှင့် စီမံကိန်း ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် စည်းကြပ်ခြင်းတို့ကို ဦးဆောင်ရန်အတွက် ပြည်သူလူထုက ဦးဆောင်သော ချဉ်းကပ်မှု နည်းလမ်းသည် ရပ်ရွာလူထုကို လုပ်ကိုင်ခွင့် ရရှိစေပါသည်။ များသောအားဖြင့် ပြင်ပကူညီသူ ပုဂ္ဂိုလ်တစ်ဦးက ၎င်းလုပ်ငန်းများကို လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ပါသည်။

လုံခြုံစိတ်ချရသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အလေ့အကျင့်များသို့ ရပ်ရွာလူထု၏ အပြုအမူများ ပြောင်းလဲလာစေရန် လူထုဆက်သွယ်ရေးနှင့် လူမှုဆက်သွယ်ရေး လမ်းကြောင်းမှ လှုံ့ဆော်မှုများ၏ အထောက်အကူများဖြင့် လူအချင်းချင်း ဆက်သွယ်ပြောဆိုခြင်းကို အသုံးပြုရမည်။

(၇၃) ရပ်ရွာသည် အပြည့်အဝ သန့်ရှင်းမှု ရှိ၍ အိမ်ထောင်စုများအားလုံး၊ ကျောင်း၊ ဆေးရုံဆေးခန်း၊ အခြားအဖွဲ့အစည်းများနှင့် အခြား အများပြည်သူဆိုင်ရာ နေရာများတွင် ကောင်းမွန်သောအိမ်သာနှင့် ရေဆပ်ပြာကို အသုံးပြု၍ လက်ဆေးသော နေရာများကို လက်လှမ်းမီခြင်း ရှိပြီး တောထိုင်ဓလေ့ သို့မဟုတ် ကောင်းမွန်မှုမရှိသော အိမ်သာများ မရှိတော့ပါက ရပ်ရွာသည် မိမိကိုယ်တိုင် တောထိုင်ဓလေ့ ကင်းစင်ကြောင်း ကြေညာနိုင်ပါသည်။

(က) ရပ်ရွာသည် မြို့နယ်နှင့် ခရိုင် အုပ်ချုပ်ရေးဌာနများသို့ ၎င်း၏ သန့်ရှင်းရေး အဆင့်အတန်းကို ကြေညာတင်ပြရမည်။ သက်ဆိုင်ရာဌာနများသည် အစိုးရက ချမှတ်ထားသော တောထိုင် ဓလေ့ ကင်းစင်ခြင်းမှာ မှန်ကန်ကြောင်းစိစစ်အတည်ပြုရာတွင် အသုံးပြုမည့် စည်းမျဉ်း များကို အခြေခံ၍ စစ်ဆေးမည့်အဖွဲ့များကို စေလွှတ်ရမည်။ တိုင်းဒေသကြီး/ပြည်နယ် အဆင့် ဌာနများသည် နမူနာကောက်ယူခြင်း နည်းလမ်းကို အခြေခံ၍ မှန်ကန်ကြောင်း စိစစ်အတည်ပြုမှုကို ထပ်မံပြုလုပ်ရမည်။ မှန်ကန်ကြောင်း စိစစ်အတည်ပြုခြင်းသည် အဆင့်တိုင်းတွင် ပွင့်လင်းမြင်သာ၍ ဓမ္မဓိဋ္ဌာန်ကျသော လုပ်ငန်းစဉ်ဖြစ်ကြောင်းကို အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

သတင်းအဖွဲ့အစည်းများ စသည်တို့မှ တာဝန်ရှိသူ အများ ပါဝင်သောအဖွဲ့များက သေချာစေရန် ပြုလုပ်ရမည်။ လုပ်ငန်းစဉ်၏ မှန်ကန်မှုကို ပိုမိုသေချာစေရန်အတွက် လွတ်လပ်သော၊ ဘက်မလိုက်သော တတိယအဖွဲ့၏ မှန်ကန် ကြောင်း စိစစ်အတည်ပြုခြင်းများကိုလည်း ဆောင်ရွက်နိုင်ပါသည်။

(ခ) အစီအစဉ်အတိုင်း မှန်ကန်ကြောင်း စိစစ်အတည်ပြုခံပြီး အောင်မြင်ပါက ရပ်ရွာများသည် တောထိုင်ခလေ့ ကင်းစင်ကြောင်း အတည်ပြုကြေညာခြင်း ခံကြရပါမည်။

(ဂ) နောက်နှစ်များတွင် နှစ်စဉ် သို့မဟုတ် နှစ်နှစ်တစ်ကြိမ်ကျ အားလုံးကိုလွှမ်းခြုံ၍ သို့မဟုတ် နမူနာကောက်၍ တောထိုင်ခလေ့ ကင်းစင်ခြင်း အဆင့်အတန်း ရေရှည်တည်တံ့ခြင်း ရှိမရှိ စစ်ဆေးခြင်းကို ဒေသအလိုက်/ မြို့နယ်/ခရိုင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရများ သို့မဟုတ် ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်ရမည်။ လျော့နည်းသွားခြင်းများ မရှိကြောင်း သေချာစေရန်အတွက် ဖြစ်ပါသည်။ အကယ်၍ ရှိခဲ့ပါက အချိန်မီ အာရုံစူးစိုက် ဆောင်ရွက်ရပါမည်။

၁၃.၄။ ကုန်ကျစရိတ်များ

(၇၄) ဤခေါင်းစဉ်အောက်ရှိ ကုန်ကျစရိတ်များတွင် တောထိုင်ခလေ့ ကင်းစင်ခြင်း မှန်ကန်ကြောင်း စစ်ဆေးခြင်းဆိုင်ရာ စည်းမျဉ်းတို့ကို ရေးဆွဲခြင်း၊ ခိုင်မာအောင် ပြုလုပ်ခြင်းနှင့် မှန်ကန်ကြောင်း စစ်ဆေးခြင်းများကို ဆောင်ရွက်ခြင်း တို့ပါဝင်ပါသည်။

(ကုန်ကျစရိတ်များ အားလုံးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်)

| လုပ်ဆောင်ချက် | အသေးစိတ်တွက်ချက်မှု | ကုန်ကျငွေ |
|---|---|---|
| တောထိုင်ခလေ့ ကင်းစင်ခြင်း မှန်ကန်ကြောင်း စိစစ်အတည်ပြုခြင်းဆိုင်ရာ စည်းမျဉ်းတို့ကို ရေးဆွဲခြင်း/ ခိုင်မာအောင် ပြုလုပ်ခြင်း | တစ်လုံးတစ်ခဲတည်း ကုန်ကျစရိတ် | ၅၀,၀၀၀ |
| တောထိုင်ခလေ့ ကင်းစင်ခြင်း မှန်ကန်ကြောင်း စိစစ်အတည်ပြုခြင်း | ၆၃၂၆၆ ရွာ x တစ်ရွာလျှင် ဒေါ်လာ ၂၀၀ | ၁၃,၈၇၇,၅၆၄ |
| တောထိုင်ခလေ့ ကင်းစင်ခြင်းသည် ရေရှည် တည်တံ့ခြင်း မှန်ကန်ကြောင်း စိစစ်အတည်ပြုခြင်း | ၆၃၂၆၆ ရွာ၏ ၂၅% x တစ်ရွာလျှင် ဒေါ်လာ ၂၀၀ | ၃,၄၆၉,၃၉၁ |
| စုစုပေါင်း | | ၁၇,၃၉၆,၉၅၅ |




## ၁၄။ အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း– အိမ်ထောင်စု

(၇၅) အိမ်ထောင်စုအားလုံးသည် ကောင်းမွန်၍လုံခြုံစိတ်ချရသော အိမ်သာကို လက်လှမ်းမီ၍ အိမ်ထောင်စုဝင် အားလုံးက အချိန်အခါမရွေး အသုံးပြုနိုင်ရမည်။ တစ်ဦး တစ်ယောက်၏ အိမ်သာကို အသုံးပြုရခြင်းအပေါ်တွင် မှီခိုမနေပဲ ၎င်းတို့၏ ကိုယ်ပိုင် အိမ်သာ ရှိရန်အတွက် အိမ်ထောင်စုများကို အကြံပေးရမည်။ အိမ်ထောင်စုတစ်ခုသည် လက်ရှိအချိန်တွင် တောထိုင်နေပါက ၎င်းတို့ ကိုယ်တိုင် ကိုယ်ပိုင်ငွေကြေးဖြင့် အိမ်သာတစ်ခုကို တည်ဆောက်နိုင်သည် သို့မဟုတ် ကောင်းမွန်၍ လုံခြုံစိတ်ချရသော အိမ်သာမရှိသေးပါက အိမ်သာကို အဆင့်မြှင့်တင်နိုင်ပါသည်။ အိမ်ထောင်စုတစ်ခုသည် တန်ဖိုးအနည်းဆုံးအိမ်သာကို တည်ဆောက်ရန်အတွက် လုံလောက်သည့် ငွေကြေးအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းမရှိပါက ရပ်ရွာလူထု၏ လက်ခံအတည်ပြုမှုဖြင့် အများပိုင်/ သက်ဆိုင်ရာ နှင့် နီးနွယ်ဝန်ကြီးဌာနရန်ပုံငွေများမှ ရရှိနိုင်ပါသည်။ အစိုးရသည် အဆိုပါ ငွေကြေးကို ထောက်ပံ့နိုင် ရန်အတွက် ဆုံးဖြတ်ရန်မူများနှင့် လုပ်ငန်းစဉ်များအပေါ် အသေးစိတ်လမ်းညွှန်ချက်များ ထုတ်ပြန် ရပါမည်။

၁၄.၁။ မျှော်မှန်း အကျိုးရလာဒ်နှင့် ညွှန်ကိန်း

(၁) အိမ်ထောင်စု အဆင့်တွင် ကောင်းမွန်၍လုံခြုံစိတ်ချရသော သန့်ရှင်းရေး (မိလ္လာစနစ်)ကို လက်လှမ်းမီခြင်းသည် အောက်ပါတို့ကို ဦးတည်ပါသည်။

(က) အိမ်ထောင်စုတိုင်း၏ အိမ်ထောင်စုဝင်အားလုံးသည် အချိန်အခါမရွေး ကောင်းမွန်သော အိမ်သာတစ်လုံးကို သုံးစွဲကြသည့် ရေရှည်တည်တံ့သော အမူအကျင့်နှင့်

(၁) ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ပန်းတိုင်က အဓိပ္ပါယ်ဖွင့်ဆိုသည့်အတိုင်း ကျေးလက်ဒေသတွင် အိမ်ထောင်စုတိုင်းအတွက် အခြေခံလိုအပ်ချက်နှင့်ပြည့်စုံသည့် (အနိမ့်ဆုံး) အိမ်သာ တစ်လုံးကို လက်လှမ်းမီခြင်း

(၂) အခြေခံ လိုအပ်ချက်နှင့်ပြည့်စုံသည့် အိမ်သာတစ်လုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အောက်ပါတို့ ပါဝင်ပါသည်။

(က) အိမ်သာအောက်ပိုင်း ဖွဲ့စည်းပုံ (အိမ်သာကျင်း)။

မစင်များ ရှိနေသည့်နေရာ – ၎င်းသည် အောက်ပါတို့ ဖြစ်နိုင်ပါသည်။

- စစ်ကျင်း။ ကျင်း၏ဘေးဖက်များတွင် ရေများ စစ်ထွက်ရန် လုံလောက်သော အပေါက်များ ပါရှိသည်။ ကျင်း၏အောက်ခြေတွင် အခင်းမရှိပါ။ အပွင့်အတိုင်း ဖြစ်ပါသည်။ ကျင်း၏ အောက်ခြေနှင့် မြေအောက်ရေအကြား နွေရာသီနှင့် မိုးရာသီ၌ပါ လုံလောက်သော အကွာအဝေး ရှိရပါမည်။ စစ်ကျင်းနှစ်ကျင်းစနစ်တွင် အားသာချက်ရှိပါသည်။ ကျင်းတစ်ကျင်းတွင် မြေဩဇာအဖြစ် အသုံးပြုနိုင်ရန် မိလ္လာများ ဆွေးမြည့်နေချိန်တွင် အခြားကျင်းကို အလှည့်ကျ သုံးနိုင်ပါသည်။
- ရေသိုးကန်။ အောက်ခြေအပါအဝင် နံရံအားလုံးကို ရေစိမ့်မထွက်နိုင်ရန် အပြည့်ကာရံထားပါသည်။ ကန်၏ ဝင်ပေါက်နှင့် ဆန့်ကျင်ဖက်တွင် ရေပိုများ စီးထွက်နိုင်ရန် ထွက်ပေါက် တစ်ခုရှိသည်။ ထွက်ပေါက်သည် မိလ္လာရေကိုစစ်ရန် ရေစစ်ပစ္စည်း အလွှာများပါရှိသော ရေစုပ်ကန်တစ်ခုနှင့် ဆက်သွယ်ထားသည်။ ဓါတ်ငွေ့နှင့်မိလ္လာစုပ်ရန်အတွက် လေထုတ်ပိုက် တစ်ခုပါရှိပါသည်။ အိမ်သာကျင်းသည် ရေထွက်ပင်ရင်းနှင့် အနည်းဆုံးပေ ၅၀ ကွာရမည်။ ရေထွက်ပင်ရင်းထက် မြေနိမ့်သောနေရာတွင်ရှိရမည်။
- ဇီဝဓါတ်ငွေ့စက်ရုံ။ အိမ်သာသည် ဇီဝဓါတ်ငွေ့ စက်ရုံတစ်ခုနှင့် ဆက်သွယ်ထားသည်။
- မိလ္လာစနစ်။ အိမ်သာသည် မိလ္လာကန်တစ်ခုကို ဖြတ်၍ တိုက်ရိုက် သို့မဟုတ် တိုက်ရိုက် မဟုတ်ပဲ မိလ္လာစနစ်တစ်ခုသို့ ဆက်သွယ်ထားသည်။
- အညစ်အကြေးများကို စိတ်ချလုံခြုံစွာ ထိန်းသိမ်းနိုင်သော အခြားအရာတစ်ခုခု ဖြစ်ပါသည်။

(ခ) အိမ်သာခုံ။

အောက်ပိုင်း ဖွဲ့စည်းပုံ (အိမ်သာကျင်း)နှင့် အပေါ်ပိုင်းဖွဲ့စည်းပုံကို ပိုင်းခြားထားသည်။

- လုံလောက်စွာ ကျယ်ဝန်းပြီး လူတစ်ဦး၏အလေးချိန်ကို ကောင်းစွာ ခံနိုင်ရည်ရှိရမည်။ ယင်ကောင်ကဲ့သို့ ရောဂါပိုးသယ်ဆောင်သော အကောင်များ မစင်ရှိရာသို့ ရောက်ရှိပြီး

မစင်ကို ပြန်လည်သယ်ဆောင်နိုင်သည့် အပေါက်များ မရှိရပါ။ မြေကြီး၊ ပလပ်စတစ်၊ ဘိလပ်မြေနှင့် အခြားမည်သည့်ပစ္စည်းနှင့်မဆို ပြုလုပ်နိုင်ပါသည်။

- ၀ အဖုံးပါရှိသော ကျောက်၊ သစ်သား၊ စသည်တို့ဖြင့် ပြုလုပ်ထားသည့် အပေါက်တစ်ခု သို့မဟုတ် ရေစလုပ်ပါရှိသော သို့မဟုတ် ရေစလုတ်မပါပဲ အထက်ပါတိုင်း အဖုံးပါရှိသော ပလပ်စတစ် သို့မဟုတ် ကြွေအိမ်သာခွက်တစ်ခု ပါရှိရမည်။
- ၀ အိမ်သာခုံသည် သန့်ရှင်းရေး ပြုလုပ်ရ လွယ်ကူစေရန် ချောမွေ့သော မျက်နှာပြင် ရှိရမည်။
- ၀ ရေသိုးကန်၊ မိလ္လာကွန်ယက် သို့မဟုတ် လေဝင်လေထွက်ကောင်းသော အဆင့်မြင့်ထားသည့် တွင်းအိမ်သာများတွင် လေဝင်လေထွက်ပိုက် လိုအပ်သည်။ ရေစိမ့်တွင်းများတွင် လေဝင်လေထွက်ပိုက် မလိုအပ်ပါ။

(ဂ) (အရှက်လုံစေရန်) အိမ်သာအပေါ်ပိုင်း ဖွဲ့စည်းပုံ

- ၀ အိမ်သာအပေါ်ပိုင်း ဖွဲ့စည်းပုံသည် အိမ်သာသုံးစွဲသူကို ပြင်ပရှိလူများ မြင်ကွင်းမှ ကာကွယ်နိုင်သည့် ပစ္စည်းတစ်ခုခုဖြင့် ပြုလုပ်ထားသည်။ ဒေသထွက် ပစ္စည်းများ (ဥပမာ- ထန်းရွက်၊ ဓနိရွက်၊ အုန်းလက်၊ သက်ကယ်၊ ဝါးကပ်) နှင့် ပိုမို တာရှည်ခံသည့် ပစ္စည်းများ (သစ်သား၊ သံပြား၊ သွပ်ပြား၊ ဘိလပ်မြေနှင့် အုတ်) ဖြင့်လည်း အသုံးပြုနိုင်ပါသည်။ အရှက်လုံစေရန်မှလွဲ၍ အခြားအသုံးဝင်မှု မရှိခြင်းကြောင့် အိမ်သာအပေါ်ပိုင်းဖွဲ့စည်းပုံအတွက် ငွေကြေးများစွာ သုံးစွဲရန် မလိုအပ်ပါ။

၁၄.၂။ လျာထားချက်များ

(၇၆) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး မူဝါဒ၏ မျှော်မှန်းချက်ကို ၂၀၃၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်း ပြည့်မီရန် အောက်ပါ လျာထားချက်များကို ချမှတ် ထားပါသည်။

| တိုင်းဒေသကြီး /ပြည်နယ် | ဆောက်လုပ်ရန်အိမ်သာ စုစုပေါင်း အရေအတွက် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ | ၂၀၃၀ |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၀၀ | ၁၅ | ၁၅ | ၂၀ | ၁၀ | ၁၀ | ၅ | ၅ | ၅ | ၅ | - |
| မွန် | ၂၂,၁၄၇ | ၃,၃၂၂ | ၄,၄၂၉ | ၄,၄၂၉ | ၃,၃၂၂ | ၂,၂၁၅ | ၁,၁၀၇ | ၁,၁၀၇ | ၁,၁၀၇ | ၁,၁၀၇ | - |
| ရခိုင် | ၁၁၀,၅၇၁ | ၁၆,၅၈၆ | ၂၂,၁၁၄ | ၂၂,၁၁၄ | ၁၆,၅၈၆ | ၁၁,၀၅၇ | ၅,၅၂၉ | ၅,၅၂၉ | ၅,၅၂၉ | ၅,၅၂၉ | |
| ပဲခူး(အရှေ့) | ၄၉,၆၇၇ | ၇,၄၅၂ | ၉,၉၃၅ | ၉,၉၃၅ | ၇,၄၅၂ | ၄,၉၆၈ | ၂,၄၈၄ | ၂,၄၈၄ | ၂,၄၈၄ | ၂,၄၈၄ | |
| ပဲခူး(အနောက်) | ၇,၆၅၄ | ၁,၁၄၈ | ၁,၅၃၁ | ၁,၅၃၁ | ၁,၁၄၈ | ၇၆၅ | ၃၈၃ | ၃၈၃ | ၃၈၃ | ၃၈၃ | - |
| ချင်း | ၈,၈၆၄ | ၁,၃၃၀ | ၁,၇၇၃ | ၁,၇၇၃ | ၁,၃၃၀ | ၈၈၆ | ၄၄၃ | ၄၄၃ | ၄၄၃ | ၄၄၃ | - |
| ကချင် | ၃,၀၅၇ | ၄၅၉ | ၆၁၁ | ၆၁၁ | ၄၅၉ | ၃၀၆ | ၁၅၃ | ၁၅၃ | ၁၅၃ | ၁၅၃ | - |
| ကယား | ၃၇,၇၄၃ | ၅,၆၆၁ | ၇,၅၄၉ | ၇,၅၄၉ | ၅,၆၆၁ | ၃,၇၇၄ | ၁,၈၈၇ | ၁,၈၈၇ | ၁,၈၈၇ | ၁,၈၈၇ | - |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ကရင် | ၅၈,၂၃၅ | ၈,၇၃၅ | ၁၁,၆၄၇ | ၁၁,၆၄၇ | ၈,၇၃၅ | ၅,၈၂၃ | ၂,၉၁၂ | ၂,၉၁၂ | ၂,၉၁၂ | ၂,၉၁၂ | - |
| မကွေး | ၈၄,၂၀၄ | ၁၂,၆၃၁ | ၁၆,၈၄၁ | ၁၆,၈၄၁ | ၁၂,၆၃၁ | ၈,၄၂၀ | ၄,၂၁၀ | ၄,၂၁၀ | ၄,၂၁၀ | ၄,၂၁၀ | - |
| မန္တလေး | ၈,၄၁၅ | ၁,၂၆၂ | ၁,၆၈၃ | ၁,၆၈၃ | ၁,၂၆၂ | ၈၄၂ | ၄၂၁ | ၄၂၁ | ၄၂၁ | ၄၂၁ | - |
| နေပြည်တော် | ၂၅၅,၇၄၆ | ၃၈,၃၆၂ | ၅၁,၁၄၉ | ၅၁,၁၄၉ | ၃၈,၃၆၂ | ၂၅,၅၇၅ | ၁၂,၇၈၇ | ၁၂,၇၈၇ | ၁၂,၇၈၇ | ၁၂,၇၈၇ | - |
| ရခိုင် | ၆၈,၅၈၁ | ၁၀,၂၈၇ | ၁၃,၇၁၆ | ၁၃,၇၁၆ | ၁၀,၂၈၇ | ၆,၈၅၈ | ၃,၄၂၉ | ၃,၄၂၉ | ၃,၄၂၉ | ၃,၄၂၉ | - |
| စစ်ကိုင်း | ၉၉,၈၀၃ | ၁၄,၉၇၂ | ၁၉,၉၆၃ | ၁၉,၉၆၃ | ၁၄,၉၇၂ | ၉,၉၈၀ | ၄,၉၉၀ | ၄,၉၉၀ | ၄,၉၉၀ | ၄,၉၉၀ | - |
| ရှမ်း(ရှေ့) | ၃၂,၈၁၁ | ၄,၉၂၂ | ၆,၅၆၂ | ၆,၅၆၂ | ၄,၉၂၂ | ၃,၂၈၁ | ၁,၆၄၁ | ၁,၆၄၁ | ၁,၆၄၁ | ၁,၆၄၁ | - |
| ရှမ်း(မြောက်) | ၂၁,၁၂၆ | ၃,၁၆၉ | ၄,၂၂၅ | ၄,၂၂၅ | ၃,၁၆၉ | ၂,၁၁၃ | ၁,၀၅၆ | ၁,၀၅၆ | ၁,၀၅၆ | ၁,၀၅၆ | - |
| ရှမ်း(တောင်) | ၈၆၈,၆၄၄ | ၁၃၀,၂၉၇ | ၁၇၃,၇၂၉ | ၁၇၃,၇၂၉ | ၁၃၀,၂၉၇ | ၈၆,၈၆၄ | ၄၃,၄၃၂ | ၄၃,၄၃၂ | ၄၃,၄၃၂ | ၄၃,၄၃၂ | - |
| တနင်္သာရီ | ၁၀၀ | ၃,၃၂၂ | ၄,၄၂၉ | ၄,၄၂၉ | ၃,၃၂၂ | ၂,၂၁၅ | ၁,၁၀၇ | ၁,၁၀၇ | ၁,၁၀၇ | ၁,၁၀၇ | - |
| ရန်ကုန် | ၂၂,၁၄၇ | ၁၆,၅၈၆ | ၂၂,၁၁၄ | ၂၂,၁၁၄ | ၁၆,၅၈၆ | ၁၁,၀၅၇ | ၅,၅၂၉ | ၅,၅၂၉ | ၅,၅၂၉ | ၅,၅၂၉ | - |
| စုစုပေါင်း | ၁၁၀,၅၇၁ | ၇,၄၅၂ | ၉,၉၃၅ | ၉,၉၃၅ | ၇,၄၅၂ | ၄,၉၆၈ | ၂,၄၈၄ | ၂,၄၈၄ | ၂,၄၈၄ | ၂,၄၈၄ | - |

## ၁၄.၃။ ချဉ်းကပ်နည်း

(၇၇) အိမ်ထောင်စု သန့်ရှင်းရေး၏ အကျိုးရလာဒ်များတွင် ရေရှည်တည်တံ့သော ကောင်းမွန် သန့်ရှင်းသည့် အိမ်သာသုံးစွဲခြင်း အမူအကျင့်နှင့် ၎င်းကောင်းမွန်သန့်ရှင်းသည့်အိမ်သာကို လက်လှမ်း မီခြင်းတို့ ပါဝင်ပါသည်။ ကိုယ်ပိုင်အိမ်သာ၊ အတူတူသုံးစွဲနိုင်သော အိမ်နီးချင်း၏အိမ်သာ သို့မဟုတ် အတူတူသုံးရန်အတွက် သတ်မှတ်ချက်များနှင့် ညီညွတ်သော အများသုံးအိမ်သာ တို့ဖြစ်နိုင်ပါသည်။ ဤအဆင့်သို့ ရောက်ရှိရန်အတွက် ချဉ်းကပ်မှုနည်းလမ်းများတွင် နည်းပညာပံ့ပိုးခြင်းနှင့် ပစ္စည်း ရရှိစေခြင်းတို့ ပါဝင်ပါသည်။



သတိပြုမိစေခြင်းနှင့် ရရှိလိုမှုတည်ဆောက်ခြင်း နောက်ဆက်တွဲ ဆောင်ရွက်ချက်များသည် အိမ်ထောင်စု တစ်ခုချင်း၏ အဆင့်ကို ဦးတည်လျာ ထားနိုင်သော်လည်း ရပ်ရွာအဆင့်တွင် တောထိုင် ခြင်း (တွေ့ကရာနေရာတွင်မစင်စွန့်ခြင်း း) သို့မဟုတ် ကောင်းမွန်ခြင်းမရှိသော အိမ်သာ (သတ်မှတ်ထားသော နေရာတွင် မစင်စွန့်ခြင်း) တို့မှ ကောင်းမွန်၍ လုံခြုံစိတ်ချရသော အိမ်သာအတွက် ရရှိလိုမှု တည်ဆောက်ခြင်း ပါဝင်သော ချဉ်းကပ်မှု နည်းလမ်း ကို အသုံးပြု၍ **ပြည်သူလူထု ဦးဆောင်သော အလုံးစုံ သန့်ရှင်းရေး/ ပြည်သူလူထုလုပ်ဆောင်နိုင်သော ချဉ်းကပ်မှုဖြင့် အလုံးစုံသန့်ရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများဖြင့်** ဆောင်ရွက်ရပါမည်။ ရပ်ရွာ တစ်ခုလုံးက တောထိုင်ဓလေ့ ကင်းစင်ခြင်း အကျိုးရလာဒ်ကို လက်ခံကျင့်သုံးစေရန်အတွက်

လူထုကို ဆွဲဆောင်ရာတွင် ရပ်ရွာနှင့်အိမ်ထောင်စု အဆင့်များတွင် လူအချင်းချင်း ဆက်သွယ်ပြောဆိုခြင်း ချဉ်းကပ်မှုနည်းလမ်းများ ပါဝင်ရမည်။ ၎င်းကို လူထုဆက်သွယ်ရေးနှင့် လူမှုဆက်သွယ်ရေး သတင်း ပေးပို့ခြင်းတို့ဖြင့် ဖြည့်စွက်ပေးရပါမည်။ နောက်ဆုံး အကျိုးရလဒ်သည် အိမ်ထောင်စုအတွင်းရှိ မိသားစုဝင်အားလုံးက ကောင်းမွန်သော သန့်ရှင်းရေး အမူအကျင့်ကို အိမ်တွင်ဖြစ်စေ၊ ကျောင်းတွင် ဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ၊ ခရီးသွားစဉ်ဖြစ်စေ၊ ပွဲလမ်းသဘင်များတွင်ဖြစ်စေ အများလက်ခံ ကျင့်သုံးသော စံသတ်မှတ်ချက် အတိုင်း လက်ခံကျင့်သုံးခြင်း ဖြစ်ရပါမည်။

- ကာလတိုအတွင်း ကောင်းမွန်သောအကျိုးရလာဒ်ရရှိရန်အတွက် ရေရှည်တည်တံ့ပြီး ကုန်ကျစရိတ်သက်သာ၍ အကျိုးဖြစ်ထွန်းမှုများစေသော ရပ်ရွာလူထု ဦးဆောင်သော ချဉ်းကပ်နည်းကို အသုံးပြုရန် အကြံပြုပါသည်။ ကောင်းမွန်သောအမူအကျင့်နှင့် (အခြေခံအဆောက်အဦ) တို့၏ ရေရှည်တည်တံ့မှုသည် မိမိတို့ကိုယ်တိုင် လုပ်ငန်းစဉ်နှင့် အကျိုးရလာဒ်တို့၏ ပိုင်ရှင် ဖြစ်ကြောင်း စံတစ်ခုအဖြစ် ခံယူခြင်းအပေါ် မူတည်ပါသည်။ ပြင်ပပုဂ္ဂိုလ်များက ပြောဆို သောကြောင့် ပြောင်းလဲခြင်းထက် မိမိကိုယ်တိုင်အပြုအမူကို ပိုမိုကောင်းမွန်စွာ လက်ခံ ကျင့်သုံး၍ ရေရှည်တည်တံ့ရန် လိုအပ်ကြောင်း ရပ်ရွာလူထုက ခံယူကြရပါမည်။

တောထိုင်ဓလေ့ကင်းစင်သည့် အနေအထားကို ရောက်ရှိနိုင်စေရန် ရပ်ရွာလူထုအချင်းချင်း တိုက်တွန်းအားပေးမှုသည် အိမ်ထောင်စုတစ်ခုကို တောထိုင်ခြင်း သို့မဟုတ် မကောင်းမွန်သော အိမ်သာမှ ကောင်းမွန်၍လုံခြုံစိတ်ချရသောအိမ်သာအဖြစ်သို့ ကူးပြောင်းစေရန် လှုံ့ဆော်နိုင်ပါသည်။ အစပိုင်းတွင် နောက်ကျကျန်ရစ် နေသူများကို ကောင်းမွန်၍လုံခြုံစိတ်ချရသော အိမ်သာရှိသည့် အိမ်ထောင်စုများနှင့် ခွဲခြားရန်အတွက် အရှက်တရားနှင့် စက်ဆုပ်ရွံရှာမှုကို အသုံးပြုနိုင်ပါသည်။ နောက်ပိုင်းတွင် ထိုအိမ်ထောင်စုများကို အဆင့်အတန်းရှိမှုနှင့် ဂုဏ်ယူနိုင်မှုအတွက် လူမှုရေးအရ အသိအမှတ်ပြုခြင်း ၊ လှုံ့ဆော်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

- ရပ်ရွာအုပ်စုခွဲ အစည်းအဝေးများ၊ စနစ်တကျ အချက်အလက် စုဆောင်းခြင်း (transect walk)နှင့် ခေါင်းဆောင်မှုဆိုင်ရာ ဆွေးနွေးပွဲများပါဝင်သော မိတ်ဆွေဆက်ဆံရေး တည်ဆောက်ခြင်းအဆင့်ကို ရပ်ရွာလူထု ရုတ်တရက် နိုးကြားတက်ကြွမှု လုပ်ငန်းစဉ်၏ အရင် ဆောင်ရွက်ရပါမည်။ ဤလုပ်ငန်းစဉ်များကို ကူညီသူများက လွယ်ကူချောမွေ့ စေနိုင်ပါသည်။ ကူညီသူသည် ပုံမှန်အားဖြင့် ၎င်းလုပ်ငန်းစဉ် အတွက် လေ့ကျင့်ပေးထားသော ရပ်ရွာ၏ ပြင်ပမှ ပုဂ္ဂိုလ်ဖြစ်ပါသည်။ လုပ်ငန်းစဉ်သည် အထက်မှ အောက်သို့ အသိပေးခြင်း၊ ညွှန်ကြား

ခြင်းများသာ မဟုတ်သော အပြန်အလှန် ဆက်သွယ်ရေး ဖြစ်ရပါမည်။ အကောင်းဆုံးနှင့် ရေရှည်တည်တံ့သော ပြောင်းလဲခြင်းသည် ရပ်ရွာလူထုက မိမိတို့၏ စုပေါင်းဆန်းစစ်ချက် အပေါ် အခြေခံ၍ ပြောင်းလဲရန် ဆုံးဖြတ်သောအခါ ဖြစ်ပေါ်ပါသည်။ ပြောင်းလဲခြင်း လုပ်ငန်းစဉ်၏ လွယ်ကူချောမွေ့စေခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းကို ဆက်လက် လုပ်ဆောင်နိုင်မည့် ရပ်ရွာလူထုအကျိုးပြု ခေါင်းဆောင်(Natural leader) များကို တွေ့ရှိနိုင် ပါသည်။ ၎င်းရပ်ရွာလူထုအကျိုးပြု ခေါင်းဆောင်များကို လုပ်ငန်းစဉ် (ဥပမာ– အချက်အလက်များကို စောင့်ကြည့်စစ်ဆေးခြင်း) နှင့် အကျိုး (ဥပမာ– တောထိုင်ဓလေ့ ကင်းစင်ခြင်းသို့ ရောက်ရှိခြင်း) အပေါ် အခြေခံသော ထောက်ပံ့ငွေ ချီးမြှင့်ပေးရန် လမ်းညွှန်ချက်များကို ပြည်ထောင်စု အစိုးရက ပြုစုရမည်။ ကနဦးအဆင့်မှ ရပ်ရွာလူထု အကျိုးပြု ခေါင်းဆောင်များသည် ၎င်းတို့၏ ကိုယ်ပိုင် ရပ်ရွာတွင် အတွေ့အကြုံ ရင့်ကျက် လာသောအခါ အခြားရပ်ရွာများအတွက် ကူညီသူများအဖြစ် ကူးပြောင်းသွား ပါမည်။ ကနဦးအဆင့်တွင် ၎င်းတို့၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ခြင်းနှင့် အလေးဂရုပြု ထောက်ပံ့ပေးခြင်းတို့ လိုအပ်နိုင်ပါသည်။ ၎င်းချဉ်းကပ်နည်းသည် ပိုမိုမြန်ဆန်သော သဘောပေါက်မှုနှင့် ရေရှည်တည်တံ့မှုကို ဦးတည်သော အချင်းချင်း လေ့လာသင်ယူခြင်းကို ဖြစ်စေနိုင်ပါသည်။

- ရပ်ရွာလူထု၏ ပြောင်းလဲရန် လိုလားမှုအပေါ် အခြေခံ၍ ကျယ်ပြန့်သော နည်းပညာဆိုင်ရာ အချက် အလက်များ၊ မြေအောက်ရေလွှာမြင့်မားခြင်း သို့မဟုတ် ရေရှားသော ဒေသများကဲ့သို့ သီးခြားစိန်ခေါ်မှုများရှိသည့် ဒေသအခြေအနေများနှင့် ကိုက်ညီပြီး ငွေကြေးတတ်နိုင်သော အိမ်သာအမျိုးအစားများနှင့် ပစ္စည်းများ၊ ပန်းရံလုပ်ငန်းကဲ့သို့ ဝန်ဆောင်မှုရနိုင်သောနေရာများတို့ကို နှီးကြားတက်ကြွမှု ဆောင်ရွက်စဉ် ဆွေးနွေးရပါမည်။

- ✓ အိမ်ထောင်စုများနှင့်တွေ့ဆုံခြင်း
- ✓ အပြုအမူပြောင်းလဲခြင်းနှင့် နည်းပညာဆိုင်ရာ သတင်းအချက် အလက်များကို ခိုင်မာစေခြင်း

နည်းပညာဆိုင်ရာ အထောက်အကူများနှင့် ပိုမိုကောင်းမွန်၍လုံခြုံစိတ်ချရသောအိမ်သာ သို့ ဦးတည်သည့် သတင်းအချက်အလက်များကို အားဖြည့်ရန် ရပ်ရွာလူထုအကျိုးပြု ခေါင်းဆောင်က ဦးဆောင်၍ အိမ်ထောင်စု တစ်ခုချင်းစီသို့ သွားရောက် တွေ့ဆုံခြင်း များကို ဆက်လက် ဆောင်ရွက်ရမည်။ ပစ္စည်းများ၊ ရောင်းချသူများ၏ တည်နေရာ၊ ၎င်းပစ္စည်းများ၏ တန်ဖိုးများပါဝင်သော ရွေးချယ်နိုင်သည့် အိမ်သာအမျိုးအစားများ၏ သတင်းအချက် အလက်များကို သွားရောက်တွေ့ဆုံချိန်များတွင် အသိပေးပြောကြားရမည်။

၎င်းတို့၏ အိမ်သာကို တည်ဆောက်ခြင်း သို့မဟုတ် ခိုင်ခံ့အောင် ပြုလုပ်ခြင်းတို့အတွက် ကုန်ကျ စရိတ်ကို လုံး၀ သို့မဟုတ် တစ်ဝက်တစ်ပျက် မတတ်နိုင်သည့် ဆင်းရဲသော အိမ်ထောင်စုများအတွက် အဖြေ (စကားလုံး) ရရှိစေရန် ရပ်ရွာလူထုကို လှုံ့ဆော်ရမည်။ ရွေးချယ်စရာ နည်းလမ်း များတွင် ရပ်ရွာ ခေါင်းဆောင်များက ၎င်းအိမ်ထောင်စုများ ၏ အခြားမြို့ရွာများရှိ မိသားစုဝင် သို့မဟုတ် အဝေးနေ ဆွေမျိုးများကို အိမ်သာအတွက် ငွေကြေး အကူအညီတောင်းခံရန် ဆက်သွယ်ခြင်းနှင့် ရပ်ရွာလူထုက အိမ်သာခွက်များ၊ ပိုက်များ၊ အုတ်များ ကဲ့သို့ ပစ္စည်းများကို စုဆောင်းပြီး ထည့်ဝင်ပေးခြင်း တို့ပါဝင်သည်။ ထို့အပြင် ၎င်းတို့ကို ကူညီရန် ကိုယ့်အားကိုယ်ကိုး အုပ်စုများရှိခဲ့လျှင် အသေးစား ချေးငွေ အစီအစဉ် တစ်ခုခု၊ စိုက်ပျိုးရေး သို့မဟုတ် ကျေးလက်ဒေသ ငွေချေး အဖွဲ့များနှင့် ဘဏ်များကို အိမ်သာနှင့် လက်ဆေးရန် နေရာများ ဆောက်လုပ်နိုင်ရန် အတွက် စီးပွားရေးလုပ်ငန်းများ၏ ချေးငွေများနှင့် နှိုင်းယှဉ်လျှင် အတိုးနှုန်း လျော့နည်းသည့် လိုက်လျော ညီထွေစွာ ပြောင်းလဲနိုင်သောစည်းကမ်း များရှိသည့် ချေးငွေကို ရရှိနိုင်ရန် စုံစမ်းကြည့်ရပါမည်။

အခြေခံအဆောက်အဦ (စဉ်းစားရန်)

- လက်လှမ်းမီမှု လွှမ်းခြုံခြင်းသည် အိမ်ထောင်စုတစ်ခုချင်းကို အခြေခံသည့် ပိုမိုကောင်းမွန်သည့် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးမှ တစ်ဆင့် ဖြစ်ပေါ်နိုင်ပါသည်။ အိမ်သာသည် လိုအပ်ချက်တစ်ခု ဖြစ်သည်ဟု အိမ်ထောင်စုများအကြား သဘောပေါက်လာပါက ၎င်းတို့သည် အိမ်သာ ဆောက်လုပ်ရန် သို့မဟုတ် ကောင်းမွန်အောင် အဆင့်မြှင့်တင်ရန် အတွက် ၎င်းတို့၏ ကိုယ်ပိုင် ငွေကြေးအရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံရန် မျှော်လင့်နိုင်ပါသည်။ အိမ်ထောင်စု သည် အိမ်သာနှင့် အသုံးအဆောင်၏ ကုန်ကျစရိတ်များကို အပြည့်အဝသုံးစွဲရန် မျှော်လင့် ပါသည်။ ကုန်ကျမည့်ငွေပမာဏသည် အိမ်ထောင်စုက ရွေးချယ်သော အိမ်သာ အမျိုးအစား အပေါ် မူတည်ပါသည်။ အိမ်သာနှင့် လက်ဆေးရန် နေရာများ၏ ပုံမှန် ပြင်ဆင်ထိန်းသိမ်းခြင်း ကိုလည်း အိမ်ထောင်စုများက ကိုယ်ပိုင် ငွေကြေး အရင်းအမြစ်မှ ပြုလုပ်ရပါမည်။
- အိမ်ထောင်စုများနှင့် အခြားအဖွဲ့အစည်းများ၏ အိမ်သာများအတွက် နည်းပညာ မြှင့်တင်ခြင်း ကို သတိပြု၍ လက်ခံကျင့်သုံးရပါမည်။

ပထမဦးစွာ အိမ်သာများသည် ပြည်ထောင်စု သို့မဟုတ်တိုင်းဒေသကြီး/ ပြည်နယ်များမှ အာဏာပိုင် အဖွဲ့အစည်းက ပြဋ္ဌာန်းသည့် ကောင်းမွန်၍လုံခြုံစိတ်ချရသော အိမ်သာနှင့် လုံခြုံစိတ်ချရသော

မိလ္လာစနစ်တို့အတွက် စံသတ်မှတ်ချက်များကို ပြည့်မီရပါမည်။ အိမ်သာများသည် သဘာဝ ပတ်ဝန်းကျင်ကို မညစ်ညမ်းစေရ။ ပတ်ဝန်းကျင် ရပ်ရွာများ၏ ကျန်းမာရေးကို မထိခိုက်စေရ။

- ၎င်းတို့ကို သေချာစေသည့် အိမ်သာ၏ အဓိက အစိတ်အပိုင်းများမှာ အိမ်သာအောက်ပိုင်း ဖွဲ့စည်းပုံနှင့် ကြမ်းခင်းတို့ ဖြစ်ပါသည်။ အိမ်သာအပေါ်ပိုင်း ဖွဲ့စည်းပုံမှာ အရှက်လုံရန် အတွက်သာဖြစ်ပါသည်။ အိမ်သာအောက်ပိုင်း ဖွဲ့စည်းပုံသည် အညစ်အကြေးများကို စိတ်ချ လုံခြုံစွာ ထိန်းသိမ်းနိုင်ရမည်။ မြေအောက်ရေကို မညစ်ညမ်းစေရ။ ထို့ကြောင့် အိမ်သာ အောက်ပိုင်း ဖွဲ့စည်းပုံသည် မြေအောက်ရေအမြင့်၊ မိုးရွာသွန်းပုံ၊ မြေအမျိုးအစားစသည့် ဒေသအခြေအနေများနှင့် လိုက်လျောညီထွေရှိရပါမည်။ အိမ်သာကျင်းသည် ရေစစ်တွင်း အမျိုးအစား သို့မဟုတ် ရေသိုးကန် အမျိုးအစား ဖြစ်နိုင်ပါသည်။
- အညစ်အကြေးအရည်စစ်ကန် တွင်းအိမ်သာများ အထူးသဖြင့် တွင်းနှစ်တွင်းပါသော အိမ်သာများသည် သိုလှောင်သိမ်းဆည်းခြင်းနှင့် သန့်စင်ခြင်းတို့ကိုကို ကျင်းအတွင်းတွင် ၎င်းတို့ဖာသာ ဆောင်ရွက်ပါသည်။ ကျင်းတစ်ကျင်း ပြည့်သောအခါ အခြား ကျင်းကို အသုံးပြုနေချိန်တွင် ကျင်း အဟောင်းကို ဆွေးမြည့်စေရန် တစ်နှစ် အထိ ထားသောအခါ မိလ္လာများသည် စိတ်ချစွာ ကိုင်တွယ်နိုင်ရန်နှင့် စိုက်ပျိုးရေးတွင် အသုံးပြုနိုင်ရန် မြေဆွေး အဖြစ် ပြောင်းလဲသွားပါသည်။ အထောက် အထားများအရ မိသားစု ၅ ဦး ရှိသော အိမ်ထောင်စုတစ်ခုသည် ၃ပေ(အချင်း)x ၈ပေ(အနက်)ကျင်းတစ်ခုကို ပြည့်စေရန် ပျမ်းမျှ ၅ နှစ် ကြာပါသည်။ အကြောင်းမှာ အညစ်အကြေး များရှိ ရေများသည် စစ်သွားပြီးနောက် မိလ္လာအခြောက်များသည် ထုထည် အလွန်သေးငယ် သွားသောကြောင့် ဖြစ်ပါသည်။ ရေစစ်တွင်း၏ အရွယ်အစားသည် ဒေသအခြေအနေ အမျိုးမျိုးအပေါ် မူတည်ပါသည်။ ပေးထားသော လမ်းညွှန်ဇယားသည် ကျင်းအရွယ်အစား လိုအပ်ချက်၏ အခြေခံ အသိပညာ ကို ပေးပါသည်။ (အရင်းအမြစ် – အိမ်သာနည်းပညာ လက်စွဲ၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေနှင့် အခြားအဖွဲ့အစည်းများ၊ ဂါနာနိုင်ငံ) တူညီသော ဇယားတစ်ခုသည် မြန်မာ နိုင်ငံတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များက ပြုစုမည့် အိမ်သာ အမျိုးအစားများအတွက် လမ်းညွှန်မှတ်စုတွင် ပါဝင်ရပါမည်။

| Number of Persons in Household | Operational Period (years) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 |
| 4 | 0.4 | 0.5 | 0.6 | 0.7 | 0.8 | 1.0 | 1.1 | 1.2 | 1.3 | 1.4 |
| 5 | 0.4 | 0.6 | 0.7 | 0.8 | 1.0 | 1.1 | 1.2 | 1.4 | 1.5 | 1.7 |
| 6 | 0.5 | 0.6 | 0.8 | 1.0 | 1.1 | 1.3 | 1.4 | 1.6 | 1.8 | 2.0 |
| 7 | 0.5 | 0.7 | 0.9 | 1.1 | 1.2 | 1.4 | 1.6 | 1.8 | 2.0 | 2.2 |
| 8 | 0.5 | 0.7 | 1.0 | 1.2 | 1.4 | 1.6 | 1.8 | 2.0 | 2.3 | 2.5 |
| 9 | 0.5 | 0.8 | 1.0 | 1.3 | 1.5 | 1.8 | 2.0 | 2.3 | 2.5 | 2.8 |
| 10 | 0.6 | 0.8 | 1.1 | 1.4 | 1.7 | 1.9 | 2.2 | 2.5 | 2.7 | 3.1 |
| 11 | 0.6 | 0.9 | 1.2 | 1.5 | 1.8 | 2.1 | 2.4 | 2.7 | 3.0 | 3.4 |
| 12 | 0.6 | 1.0 | 1.3 | 1.6 | 1.9 | 2.3 | 2.6 | 2.9 | 3.2 | 3.6 |
| 13-20 | 0.73 - 0.96 | 1.1 - 1.5 | 1.4 - 2.1 | 1.8 - 2.6 | 2.2 - 3.1 | 2.1 - 3.7 | 2.9 - 4.2 | 3.2 - 4.8 | 3.6 - 5.3 | 3.9 - 5.9 |
| 21-30 | 1.0 - 1.3 | 1.6 - 2.1 | 2.1 - 2.9 | 2.7 - 3.7 | 3.3 - 4.6 | 3.8 - 5.4 | 4.4 - 6.2 | 5.0 - 7.0 | 5.6 - 7.8 | 6.1 - 8.6 |

- အိမ်သာအောက်ပိုင်းဖွဲ့စည်းပုံ၏ နံရံများကို ကာရံခြင်း သို့မဟုတ် မကာရံခြင်းသည် မြေကြီး၏ အခြေအနေနှင့် တွင်းအမျိုးအစားပေါ်တွင် မူတည်ပါသည်။ ရေစိမ့်တွင်းများတွင် မြေသည် မာကျောပြီး မပြိုနိုင်ပါက ကာရံရန် မလိုသော်လည်း မြေပြိုနိုင်ပါက ဒေသထွက်ပစ္စည်းများ၊ အုတ်၊ ကွန်ကရစ်ခွေများဖြင့် ကာရံရပါမည်။ မည်သို့ပင်ဖြစ်စေ အကာအရံအားလုံးတွင် ရေစိမ့်နိုင်သော အပေါက်များ ပါရပါမည်။ ရေသိုးကန်များ သို့မဟုတ် တူညီသော နည်းပညာများတွင်မူ ကန်အောက်ခြေ အပါအဝင် နံရံအားလုံးကို ရေမစိမ့်နိုင်အောင် ကာရံထားရန် အရေးကြီးပါသည်။ ထို့အပြင် အဝင်ပေါက်၏ အခြားဘက်တွင်ရှိသော အထွက်ပေါက်သည် ကျောက်စရစ်၊ သဲအစရှိသည့် ရေစစ်စကာ အမျိုးမျိုးဖြင့် တည်ဆောက်ထားသည့် ရေစုပ်ကန်တစ်ခုနှင့် ဆက်သွယ်ထားရမည်။
- ကြမ်းခင်းသည် သုံးစွဲသူ၏ ကိုယ်အလေးချိန်ကို ခံနိုင်ရပါမည်။ အိမ်သာပေါက်နှင့် အဖုံး သို့မဟုတ် အိမ်သာအထိုင်နှင့် ရေစလုတ် ပါရှိရမည်။ သို့မှသာ ယင်ကောင်ကဲ့သို့ ရောဂါပိုး သယ်ဆောင်သူများသည် အညစ်အကြေး ဆီသို့ မရောက်နိုင်ပဲ လူများထံ ပြန်လည် သယ်ဆောင်နိုင်ခြင်း မပြုနိုင်ပါ။
- အောက်ဖော်ပြပါ ဆုံးဖြတ်ချက်လမ်းကြောင်းသည် ကောင်းမွန်သော အိမ်သာနှင့် လုံခြုံစိတ်ချရသော မိလ္လာစနစ်များအတွက် မရှိမဖြစ် လိုအပ်သော လက္ခဏာရပ်များကို နားလည်နိုင်စေရန် အကူအညီပေးပါသည်။ ([https://sites.google.com/view/mmr-rusan-policy-and-plan/rural-sh-policy/final-draft](https://sites.google.com/view/mmr-rusan-policy-and-plan/rural-sh-policy/final-draft))



- ဒုတိယအနေဖြင့် အိမ်သာများသည် သုံးစွဲသူများက အကုန်အကျခံနိုင်ရမည်။ အိမ်ထောင်စုများက တတ်နိုင်သော ကုန်ကျစရိတ်မျှခြေများအလိုက် ရွေးချယ်စရာအမျိုးမျိုး ရှိရမည်ဟု ဆိုလိုပါသည်။ ၎င်းကုန်ကျစရိတ်သည် ကနဦး ငွေလုံးငွေရင်း ကုန်ကျငွေ၊ သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များ အပါအဝင် တစ်သက်တာ ကုန်ကျစရိတ် ဖြစ်ရပါမည်။
- မစမ်းသပ်ရသေးသော နည်းပညာအသစ်များကို အိမ်ထောင်စုများသို့ ပေးပို့ခြင်း မပြုရ။ အိမ်ထောင်စုများကို လုပ်ငန်းစဉ်၏ အစမ်းသပ်ခံများ မဖြစ်စေရပါ။
- နည်းပညာ ရရှိနိုင်မှုသည် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် အခြားထိခိုက်လွယ်သော အုပ်စုများနှင့် အဆင်ပြေစေရမည်။
- အစိုးရအဖွဲ့(များ)က ရေးသားထုတ်ဝေရန် အကြံပြုထားသော နည်းပညာများ ပေါင်းချုပ်ကို ဒေသအခြေအနေများနှင့် လိုက်လျောညီထွေရှိသော အပြီးသတ် လမ်းညွှန်ချက်အဖြစ် လိုက်နာရမည်။ မည်သို့ပင်ဖြစ်စေ ဤအကြံပြုထားသော ရွေးချယ်စရာများကို အမိန့်ဟုမယူဆပဲ လမ်းညွှန်ချက်အဖြစ်သာ ယူဆရန် သတိပြုရမည်။ အိမ်သာတစ်ခုသည် ပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ အနိမ့်ဆုံး စံသတ်မှတ်ချက်များနှင့် ညီညွတ်နေသရွေ့ လက်ခံနိုင်ပါသည်။

(၇၈) အိမ်ထောင်စုများ၏ အိမ်သာများကို အဆင့်မြှင့်တင်ခြင်းတွင် အထက်ဖော်ပြပါ ချဉ်းကပ်နည်းများအားလုံး သို့မဟုတ် အချို့ ပါဝင်ပါသည်။ ၎င်းသည် တစ်သားတည်းဖြစ်မှု၊ ရပ်ရွာ၏ လူမှုရေးအရ ပေါင်းစည်းညီညွတ်မှု၊ လူသားအရင်းအမြစ်နှင့် ငွေကြေးအရ လုပ်ဆောင်နိုင်စွမ်း စသည့်

အချက်အလက် အမျိုးမျိုးအပေါ် မူတည်ပါသည်။ ကနဦးသုတေသနသည် လိုအပ်ချက်များကို သိရှိနိုင်ရန်နှင့် ရနိုင်သော ရွေးချယ်စရာများစာရင်းမှ ဆီလျော်သော နည်းဗျူဟာများကို လက်ခံကျင့်သုံးနိုင်ရန် အကူအညီ ပေးပါသည်။

အညစ်အကြေးကိုသန့်စင်ခြင်း

(၇၉) စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များတွင် ပါရှိသော အဓိပ္ပါယ်ဖွင့်ဆိုချက်အရ အညစ်အကြေးများကို ဖြစ်ပေါ်သည့်မှ သဘာဝပတ်ဝန်းကျင်သို့ စွန့်ပစ်သည်အထိ စိတ်ချလုံခြုံစွာ ထိန်းသိမ်းရမည် ဖြစ်ပါသည်။ ၎င်းသည် ကောင်းမွန်၍ လုံခြုံစိတ်ချရသော အိမ်သာကို လက်လှမ်းမီ၍ အမြဲသုံးစွဲခြင်းသာမက အညစ်အကြေးများကို သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို သေချာစေပါသည်။

(၈၀)ကျေးလက်ဒေသရှိ အိမ်ထောင်စုများ၏ အိမ်သာအများစုသည် အညစ်အကြေး အရည်စစ်ကန်တွင်းအိမ်သာများ ဖြစ်ကြပြီး ၃၀% ခန့်သည် ရေသိုးကန်နှင့် ဆက်သွယ်ထားသည်ဟု မျှော်လင့်ရပါသည်။ အိမ်ထောင်စုများနှင့် အဖွဲ့အစည်းများအဆင့်ရှိ ရေသိုးကန်များသည် ပြည့်သွားပါက စုပ်ထုတ်ရန် လိုအပ်ပါသည်။ လူနှင့်ထိတွေ့ခြင်း၊ ညစ်ညမ်းစေခြင်းမရှိပဲ အိမ်သာကျင်းကို စုပ်ထုတ်နိုင်သည့် လူအားကို အသုံးပြုရသည့် ရိုးရိုးရေဆိုးစုပ်စက်များ သို့မဟုတ် လျှပ်စစ် ရေဆိုးစုပ်စက်များစသည်တို့ ပါဝင်သော ရေရှည်တည်တံ့သော ရေဆိုးစုပ်ထုတ်ခြင်းစနစ် လိုအပ်ပါသည်။ စုပ်ထုတ်လိုက်သည့် အညစ်အကြေးများကို ပတ်ဝန်းကျင်သို့ စွန့်ပစ်ခြင်း သို့မဟုတ် စိုက်ပျိုးရေးတွင် ပြန်လည်သုံးစွဲခြင်း မပြုမီ သင့်လျော်သော သတ်မှတ်ချက်များသို့ ရောက်ရှိရန် သန့်စင်ပေးနိုင်သည့် မစင်အနှစ်နှင့် ချိုးများကို စီမံခန့်ခွဲသောလုပ်ငန်းသို့ ပို့ဆောင်ရန် လိုအပ်ပါသည်။ ဤလုပ်ဆောင်ချက်များအားလုံးသည် အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်က ထုတ်ပြန်သည့် ရေဆိုးစုပ်ထုတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရန် လိုအပ်ပါသည်။

(၈၁) မစင်အနှစ်နှင့် ချိုးများကို သန့်စင်နိုင်ရန် လူဦးရေအပေါ် မူတည်၍ ကျေးရွာအုပ်စုအဆင့် သို့မဟုတ် မြို့နယ်အဆင့်တွင် မစင်အနှစ်နှင့် ချိုးများကို စီမံခန့်ခွဲသော လုပ်ငန်းများအား ပုဂ္ဂလိကကဏ္ဍမှ စည်းမျဉ်းစည်းကမ်းနှင့်အညီလွတ်လပ်စွာလုပ်ဆောင်ခွင့်ပေးရန် လိုအပ်ပါသည်။ ဤလုပ်ငန်း တစ်ခုစီသည် အိမ်ထောင်စု ၂၀,၀၀၀ကို ဝန်ဆောင်မှု ပေးနိုင်ပါသည်။ အစိုးရ သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍမှ အရင်းအနှီး ကုန်ကျစရိတ်ကို သုံးစွဲပြီး လုပ်ငန်းများကို ထူထောင်ရပါမည်။ ပုဂ္ဂလိက ကဏ္ဍမှ လုပ်ငန်းများထူထောင်ပြီးနောက်ပိုင်းတွင် လုပ်ငန်းလည်ပတ်စရိတ်၊ အမြတ်ငွေနှင့် ငွေလုံးငွေရင်း အသုံးစရိတ်တို့ကို မိလ္လာ သယ်ယူ ပို့ဆောင်သူတို့ထံမှ ငွေကြေးကောက်ခံခြင်းဖြင့်

မိမိဖာသာ ရပ်တည်ရပါမည်။ မိလ္လာ သယ်ယူပို့ဆောင်သူတို့သည် ဝန်ဆောင်မှုလုပ်ငန်းအတွက် အိမ်ထောင်စုများထံမှအခကြေးငွေ ကောက်ခံရပါမည်။

(၈၂) မြို့နယ်နှင့် အောက်အဆင့်များရှိ မစင်အနှစ်နှင့် ချေးများကို စီမံခန့်ခွဲသော လုပ်ငန်းများ ထူထောင်ရန်အတွက် ကုန်ကျစရိတ်များကို အောက်ပါစာပိုဒ်များတွင် ဖော်ပြထားပါသည်။

၁၄.၄။ ကုန်ကျစရိတ်များ

(၈၃) အိမ်ထောင်စုများ၏ သန့်ရှင်းရေးကို လက်လှမ်းမီစေမည့် ကုန်ကျစရိတ် များတွင် နည်းပညာ ပံ့ပိုးမှု ကုန်ကျစရိတ်များ နှင့် ပစ္စည်းထောက်ပံ့မှု ကုန်ကျစရိတ်များ ပါဝင်သည်။

နည်းပညာပံ့ပိုးမှု ကုန်ကျစရိတ်များ

(၈၄) လိုအပ်ချက်ဖော်ထုတ်ခြင်းကို ရပ်ရွာ သို့မဟုတ် ပိုမို၍ကျယ်ပြန့်သော အဆင့်များတွင် ဆောင်ရွက်ပြီးပါက အိမ်ထောင်စုတစ်ခုအတွက် ၎င်းကုန်ကျစရိတ်ကို ထည့်တွက်ရန် မလိုပါ။ ဤကုန်ကျစရိတ်သည် အထောက်အပံ့ဖြစ်စေသောဝန်းကျင် ဖန်တီးခြင်းအဆင့်တွင် ထည့်သွင်း ပါဝင်ခဲ့ပြီး ဖြစ်သောကြောင့် နှစ်ကြိမ်မတွက်မိစေရန် ဤနေရာတွင် ချန်လှပ်ထားပါသည်။

ပစ္စည်းထောက်ပံ့မှု ကုန်ကျစရိတ်များ

(၈၅) ကောင်းမွန်၍ လုံခြုံစိတ်ချရသောအိမ်သာ၏ စံသတ်မှတ်ချက်နှင့် ကိုက်ညီသော အခြေခံ အိမ်သာတစ်လုံး တည်ဆောက်ခြင်း၏ ကုန်ကျစရိတ်သည် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကွဲပြား ပါသည်။ အောက်ပါဇယားသည် အိမ်ထောင်စု ပတ်ဝန်းကျင်သန့်ရှင်းရေး၏ ပစ္စည်းလိုအပ်ချက်ကို ပြည့်မီစေမည့် စုစုပေါင်း ကုန်ကျငွေကို အိမ်သာအသစ်တစ်လုံးကို အမေရိကန်ဒေါ်လာ ၃၅၀ နှင့် အိမ်သာအဆင့်မြှင့်ခြင်းကို အမေရိကန်ဒေါ်လာ ၁၇၅ တို့ဖြင့် နီးစပ်သည့် ကုန်ကျစရိတ်များကို အခြေခံ၍ တွက်ချက် ဖော်ပြထားပါသည်။ ထို့အပြင် အိမ်သာအားလုံး၏ ပြင်ဆင်ထိန်းသိမ်းခြင်း ကုန်ကျစရိတ် အမေရိကန် ၂၀ ဒေါ်လာသည် ၂၀၃၀ ပြည့်နှစ်အထိ ၁၀ နှစ်စာ စဉ်းစားထားခြင်း ဖြစ်ပါသည်။ ထို့အပြင် ရေဆိုးသန့်စင်စက်ရုံ(Sewage treatement Plant) တည်ဆောက်ရန် ကုန်ကျစရိတ် များလည်း ပါဝင်ပါသည်။


အိမ်ထောင်စု အခြေခံသန့်ရှင်းရေး ဝန်ဆောင်မှုရရှိရန်
ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်းပေါင်း
၅၉.၉ , ၂၅%
၁၈၄.၂ , ၇၅%
အိမ်ထောင်စု ငွေလုံးငွေရင်း "အိမ်သာမရှိခြင်းမှအခြေခံ သန့်ရှင်းရေးဝန်ဆောင်မှု
အိမ်ထောင်စု ငွေလုံးငွေရင်း "ကောင်းမွန်သန့်ရှင်းမှုမရှိသောအိမ်သာမှအခြေခံ သန့်ရှင်းရေးဝန်ဆောင်မှု


အိမ်ထောင်စုအတွက် လိုအပ်သော ငွေလုံးငွေရင်း ကုန်ကျစရိတ် ၂၀၂၁-၂၀၃၀
အမေရိကန်ဒေါ်လာ သန်းပေါင်း
၃၇
၄၉
၄၉
၃၇
၂၄
၁၂
၁၂
၁၂
၁၂
၀
၂၀၂၁
၂၀၂၂
၂၀၂၃
၂၀၂၄
၂၀၂၅
၂၀၂၆
၂၀၂၇
၂၀၂၈
၂၀၂၉
၂၀၃၀


မစင်ချိုးစီမံခန့်ခွဲမှုစက်ရုံများအတွက် ငွေလုံးငွေရင်း ၂၀၂၁-၂၀၃၀
အမေရိကန်ဒေါ်လာသန်းပေါင်း
၁၆.၀
၁၄.၀
၁၂.၀
၁၀.၀
၈.၀
၆.၀
၄.၀
၂.၀
၀.၀
၁၀.၅
၁၄.၀
၁၄.၀
၁၀.၅
၇.၀
၃.၅
၃.၅
၃.၅
၃.၅
၀.၀
၂၀၂၁
၂၀၂၂
၂၀၂၃
၂၀၂၄
၂၀၂၅
၂၀၂၆
၂၀၂၇
၂၀၂၈
၂၀၂၉
၂၀၃၀

## ၁၅။ ပိုမိုကောင်းမွန်သော တစ်ကိုယ်ရေ သန့်ရှင်းခြင်းကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း

### ၁၅.၁။ မျှော်မှန်း အကျိုးရလဒ်နှင့် ညွှန်ကိန်း

(၁) အရေးပါသော အချိန်အခါများ (စကားလုံး) အားလုံးတွင် ဆပ်ပြာရှိသော လက်ဆေးရန် နေရာများကို လက်လှမ်းမီခြင်း၊ ဥပမာ– မစင်စွန့်ပြီးချိန်၊ ကလေးကို သန့်ရှင်းရေး လုပ်ပြီးချိန်၊ အစားအစာများကို မချက်ပြုတ်မီ၊ အစာမစားမီ၊ စသည်ဖြင့်။

(၂) ကလေးအညစ်အကြေးများကို လုံခြုံစိတ်ချရသော နည်းလမ်းဖြင့် စွန့်ပစ်ခြင်း။

(၃) ရေကိုင်တွယ်ထိန်းသိမ်းခြင်းကို အခြေအနေ အမျိုးမျိုးတို့တွင် လုံခြုံစိတ်ချရသော ပြုလုပ်ပုံဖြင့် ဆောင်ရွက်ခြင်း။

### ၁၅.၂။ လျာထားချက်များ

| | ၂၀၂၀ (အခြေခံနှစ်) | ၂၀၂၂ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|---|
| ဆပ်ပြာရှိသော လက်ဆေးရန်နေရာကို လက်လှမ်းမီခြင်း | ၈၀% | ၉၀% | ၉၀% | ၁၀၀% |
| ကလေးမစင်များကို လုံခြုံစိတ်ချရသော စွန့်ပစ်ခြင်း | ၅၉ | ၆၀% | ၇၀% | ၁၀၀% |
| အိမ်တွင် ရေကို လုံခြုံစိတ်ချရသော နည်းလမ်းဖြင့် ကိုင်တွယ်ခြင်း | မသိနိုင် | ၆၀% | ၈၀% | ၁၀၀% |

### ၁၅.၃။ ချဉ်းကပ်နည်း

(၈၆) အိမ်များ၊ ကျောင်းများ၊ ဆေးရုံဆေးခန်းများနှင့် အခြားနေရာများ တစ်ခုခုတွင် အိမ်သာ ဆောက်လုပ်ခြင်းနှင့်အတူ ရေနှင့်ဆပ်ပြာရှိသော လက်ဆေးရန် နေရာတစ်ခုကို ပြုလုပ်ရမည်။ လက်ဆေးရန်နေရာ၏ အမျိုးအစားကို မသတ်မှတ်ထားပါ။ ရေဖြည့်ထားသောရေပုံး သို့မဟုတ် လက်ဆေးခွက်ကဲ့သို့ ရိုးစင်းလွယ်ကူနိုင်ပါသည်။ သို့သော် ရေနှင့်ဆပ်ပြာ ရနိုင်အောင် ပြုလုပ်ထား ရပါမည်။ လက်ဆေးရန်နေရာသည် အိမ်သာမှ သင့်တင့်သောအကွာအဝေးတွင် ရှိရပါမည်။ ၎င်းနေရာသည် သုံးစွဲသူများအတွက် လွယ်ကူမှု ရှိစေရပါမည်။

(၈၇) လက်ဆေးခြင်းကို လိုအပ်သော နေရာများတွင် ရေနှင့်ဆပ်ပြာရှိသော လက်ဆေးရန်နေရာကို ရရှိနိုင်အောင် ပြုလုပ်ရပါမည်။ ၎င်းတွင် အစားအစာ ပြင်ဆင်ခြင်းနှင့် စားသုံးခြင်း ပြုလုပ်သော နေရာများ ပါဝင်ပါသည်။ သို့မှသာ အစားအစာ မပြင်ဆင်မီ သို့မဟုတ် မစားသုံးမီ လက်များကို ဆေးကြောနိုင်မည် ဖြစ်ပါသည်။

(၈၈) ကလေးငယ်များ မစင်စွန့်ခြင်းကို ပြင်ပတွင် သို့မဟုတ် အနှီး/ခါးတောင်းကျိုက်ကဲ့သို့ ဆီးဝမ်းခံ ခါးဝတ်တွင် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ သင့်မြတ်လျောကန်စွာ စွန့်စေရမည်။ ၎င်းမစင်ကို ကောင်းမွန်သော အိမ်သာတစ်ခုအတွင်းသို့ ဆေးလျှော်ခြင်း၊ ဆီးဝမ်းခံခါးဝတ် မပါပဲ မြေဖြင့်ဖုံးအုပ်ခြင်း ၊ သို့မဟုတ် အခြား လုံခြုံစိတ်ချရသော နည်းလမ်းတစ်ခုခုတို့ဖြင့် စွန့်ပစ်ရပါမည်။ စွန့်ပစ်ပြီးပါက လက်ဆေးခြင်းကို မဖြစ်မနေ ဆောင်ရွက်ရပါမည်။

(၈၉) အိမ်တွင် သုံးရေကို ညစ်ညမ်းမှုမရှိအောင် လုံခြုံစိတ်ချစွာ ကိုင်တွယ်ထိန်းသိမ်းရပါမည်။ အချိန်အတိုင်းအတာ တစ်ခုအထိ ကျိုချက်ခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ကလိုရင်း ခတ်ခြင်း၊ စသည်ဖြင့် ရေကို သင့်လျော်သော နည်းလမ်း တစ်ခုဖြင့် သန့်စင်ရပါမည်။ ဖြစ်နိုင်ပါက ရေကို အမြင့်တစ်နေရာတွင် သိုလှောင်ရမည်၊ အမြဲတမ်း ဖုံးအုပ်ထားရမည်။ ရေနှင့်လက် မထိစေရန် သိုလှောင်သည့်နေရာမှ ရေမှုတ်ကဲ့သို့ ခွက်ကိုသုံး၍ ခပ်ယူရပါမည်။

၁၅.၄။ ကုန်ကျစရိတ်များ

(၉၀) အိမ်ထောင်စု သန့်ရှင်းရေးကို လက်လှမ်းမီရန်နှင့် လွယ်ကူစေရန် ကုန်ကျစရိတ်များ တွက်ချက်ရာတွင် နည်းပညာပံ့ပိုးခြင်း ကုန်ကျစရိတ် နှင့် ပစ္စည်းထောက်ပံ့ခြင်းကုန်ကျစရိတ် တို့ ပါဝင်ပါသည်။

နည်းပညာပံ့ပိုးခြင်း ကုန်ကျစရိတ်

(၉၁) တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်များ အတွက် လိုအပ်ချက်ဖော်ထုတ်ခြင်းသည် သန့်ရှင်းရေး အသုံးအဆောင်များအတွက် လိုအပ်ချက်ဖော်ထုတ်ခြင်းနှင့်အတူ ပြုလုပ်ပြီး ဖြစ်သော ကြောင့် ဤကုန်ကျစရိတ်သည် အထောက်အပံ့ဖြစ်စေသောဝန်းကျင်ကို ဖန်တီးခြင်းအဆင့်တွင် ပါဝင်ခဲ့ပြီး ဖြစ်ပါသည်။ ၎င်းကို နှစ်ကြိမ်မတွက်မိစေရန် ဤနေရာတွင် ချန်လှပ်ထားပါသည်။

ပစ္စည်းထောက်ပံ့ခြင်း ကုန်ကျစရိတ်

(၉၂) လက်ဆေးရန်နေရာ တည်ဆောက်ခြင်း၏ ကုန်ကျစရိတ်သည် အိမ်သာတည်ဆောက်ခြင်း ကုန်ကျစရိတ်တွင် ပါဝင်ပြီးဖြစ်သည်။ ကလေးအညစ်အကြေးများ စွန့်ပစ်ခြင်းနှင့် သုံးရေများ ကိုင်တွယ်ခြင်းတို့အတွက် ပစ္စည်း ကုန်ကျစရိတ်များ ထပ်မံ လိုအပ်ခြင်း မရှိပါ။

၁၆။ ပိုမိုကောင်းမွန်၍လုံခြုံစိတ်ချရသောသန့်ရှင်းရေးကို လက်လှမ်းမီခြင်းနှင့် အသုံးပြုခြင်း – ကျောင်းများ

၁၆.၁။ မျှော်မှန်း အကျိုးရလဒ်နှင့် ညွှန်ကိန်း

(၁) မြို့နယ်များနှင့် အောက်အဆင့် ကျေးလက်ဒေသများရှိ ကျောင်းများအားလုံးတွင် ကျား/မ ခွဲခြားထားသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များကို လက်လှမ်းမီမှု ရှိစေရမည်။ ၎င်းတွင် ပညာရေးဌာနမှ ဖွင့်လှစ်သောကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပုဂ္ဂလိက ကျောင်းများနှင့် အခြားကျောင်းများ (စကားလုံး) အားလုံး ပါဝင်ပါသည်။

(၂) ဆီးသွားခွက်များနှင့် အိမ်သာများ၏ အရေအတွက်သည် မိန်းကလေး၊ ယောက်ျားကလေး နှင့် ဝန်ထမ်းများအတွက် အမျိုးသားအဆင့် စံသတ်မှတ်ချက်က ချမှတ်ထားသည့်အတိုင်း အချိုးကျ ဖြစ်ရမည်။

(၃) အိမ်သာများသည် အသုံးပြုသည့် ကလေးများ၏ အသက်အရွယ်အလိုက် ကလေးများ အတွက် လွယ်ကူမှုရှိရမည်။

(၄) အိမ်သာများကို အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ အတွက် သင့်လျော်သော အစီအစဉ်များ ရှိရမည်။

(၅) ကျောင်းများတွင် ဓမ္မတာလာချိန် သန့်ရှင်းရေး အစီအမံအတွက် လဲလှယ်ရန် လုံခြုံသော နေရာများ၊ စွန့်ပစ်ရန် နေရာများ (မြေကျင်း)စသည့် အသုံး အဆောင်များ ရှိရမည်။

(၆) ကျောင်းများအားလုံး၏ သင်ရိုးညွှန်းတမ်းတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အပြုအမူပြောင်းလဲခြင်း သင်ခန်းစာများကို ထည့်သွင်း၊ သင်ကြားရမည်။

၁၆.၂။ လျာထားချက်များ

| | ၂၀၁၉ (အခြေခံနှစ်%) | ၂၀၂၂ (%) | ၂၀၂၅ (%) | ၂၀၃၀ (%) |
|---|---|---|---|---|
| ယောက်ျားလေးများ မိန်းကလေးများ အချိုးအစားအလိုက် အိမ်သာများ | | ၆၀ | ၈၀ | ၁၀၀ |

| | | | | |
|---|---|---|---|---|
| ယောကျ်ားလေးများအတွက် ဆီးသွားခွက်များ | | ၆၀ | ၈၀ | ၁၀၀ |
| မိန်းကလေးများအတွက် ဓမ္မတာသန့်ရှင်းရေး ထိန်းသိမ်းရန် သီးသန့်နေရာ | | ၄၀ | ၇၀ | ၁၀၀ |
| လက်ဆေးရန်နေရာများ | | ၆၀ | ၈၀ | ၁၀၀ |
| မသန်စွမ်းကလေးများအတွက် အိမ်သာများ | | ၆၀ | ၈၀ | ၁၀၀ |
| ဓမ္မတာလာချိန် အသုံးပြုသော ပစ္စည်းများ စွန့်ပစ်ရန် နေရာများ (မီးရှို့စက်) | | ၄၀ | ၇၀ | ၁၀၀ |
| သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အပြုအမူ သင်ခန်းစာများ | | ၁၀၀ | ၁၀၀ | ၁၀၀ |

၁၆.၃။ ချဉ်းကပ်နည်း

(၉၃) ကျောင်းအိမ်သာများကို ကျား/မ ခွဲခြားထားရမည်။ ကျောင်းသူများနှင့် ကျောင်းသားများ နှစ်မျိုးစလုံးအတွက် ဆီးခွက်များနှင့် အိမ်သာများ ရှိရပါမည်။ ကျောင်းသူများနှင့် အမျိုးသမီးများ အတွက် ဓမ္မတာလာချိန် သန့်ရှင်းရေးဆိုင်ရာ အသုံးအဆောင်များ ရှိရပါမည်။

(က) အိမ်သာအရေအတွက်ကို စဉ်းစားရာတွင် အမျိုးသားအဆင့် စံသတ်မှတ်ချက်များ သို့မဟုတ် ကလေးအရေအတွက်အလိုက် သတ်မှတ်ထားသော ဆီးသွားခွက်၊ အိမ်သာနှင့် လက်ဆေး ရန်နေရာ အရေအတွက် မည်မျှရှိရမည် ဟူသော သတ်မှတ်ချက်များကို လိုက်နာရပါမည်။ အိမ်သာများသည် ကလေးများ၏ အသက်အရွယ်အလိုက် အလွယ်တကူ အသုံးပြုနိုင်ရန် လိုက်လျောညီထွေရှိရမည်။ အိမ်သာများသည် လေဝင်လေထွက် ကောင်းမွန်ခြင်း၊ အလင်း ရောင် လုံလောက်ခြင်း၊ အရေးပေါ်အခြေအနေတွင် အကူအညီကို အချိန်မီ ရရှိနိုင်ခြင်း၊ လက်ဆေးခွက်များ၏ အမြင့်သည် ကလေးများ၏ အရပ်အလိုက်ရှိခြင်း စသည် တို့သည် အိမ်သာဒီဇိုင်း၏ အချက်အလက်များ ဖြစ်ပါသည်။ သတ်မှတ်ထားသော ငွေကြေး အတိုင်း အတာအတွင်းတွင် ရရှိနိုင်မည့် ဒေသအလိုက် အကြံဉာဏ်တောင်းခံခြင်း လုပ်ငန်းကို ဒီဇိုင်း ရေးဆွဲရာတွင် လိုက်နာကျင့်သုံးရပါမည်။ အိမ်သာ၏ဘေးကင်း လုံခြုံစိတ်ချရမှုကို သီးခြား စဉ်းစားပေးရမည်။ အိမ်သာအသုံးအဆောင်ပစ္စည်းများသည် ကျောင်းအဆောက်အဦအနီးရှိ အလင်းရောင် ကောင်းစွာရသော နေရာများတွင် ရှိရပါမည်။ တစ်ကိုယ်ရေ လွတ်လပ်ခြင်း ကို အနှောင့်အယှက်မဖြစ်စေပဲ အိမ်သာ၏ အပြင်ဖက်တွင် လုံခြုံရေး ကင်မရာများ တပ်ဆင်ပါက ပိုကောင်းပါသည်။

(ခ) အိမ်သာအသုံးအဆောင် နေရာများသည် ဘီးတပ်ကုလားထိုင် အသုံးပြုသူများအတွက် ဆင်ခြေလျှောများနှင့် ပိုမိုကျယ်ဝန်းသော အခန်းများရှိခြင်း၊ အမြင်အာရုံ ချွတ်ယွင်းသူများအတွက် မျက်မမြင်စာဖြင့် လမ်းညွှန်အမှတ်အသားများရှိခြင်း စသည်ဖြင့် မသန်စွမ်းသူများအတွက် လွယ်ကူစေမှုရှိရမည်။ နိုင်ငံတကာနှင့် အမျိုးသားစံသတ်မှတ်ချက်များ၊ အကောင်းဆုံး အလေ့အထများကို လက်ခံကျင့်သုံးရမည်။

(ဂ) ကျောင်းသူများနှင့် အမျိုးသမီးများအတွက် အိမ်သာနေရာများတွင် ဓမ္မတာ သန့်ရှင်းရေး အစီအမံနှင့် အသုံးအဆောင်များ ရှိရမည်။ အမျိုးသမီးအသုံးအဆောင်များ လဲလှယ်ရန်အတွက် လုံခြုံသော သီးသန့်အခန်းနှင့် အသုံးပြုပြီးသော ပစ္စည်းများကို စွန့်ပစ်ရန် အတွက် နေရာအစီအမံများ ပါဝင်ရပါမည်။

(ဃ) အခြေခံပညာဦးစီးဌာနသည် အိမ်သာများကို ကောင်းမွန်စွာ သုံးစွဲခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းရေး ပြုလုပ်ခြင်းတို့အတွက် ရေရရှိရေးကို သေချာစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရပါမည်။ ရေရရှိရေးသည် ရပ်ရွာရေပေး ဝေရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ရပါမည်။ သို့မဟုတ် ကျောင်းဝန်းအတွင်းတွင် ရှိရပါမည်။ အရေးပေါ်အခြေအနေများအတွက် လုံလောက်သော အစီအမံများ ရှိရပါမည်။ အိမ်သာများ နှင့် ဓမ္မတာအစီအမံနေရာများတွင် ရေပိုက်မှ စီးဆင်းနေသောရေ(running water) ရရှိနိုင်လျှင် ပိုကောင်းပါသည်။

(င) အသုံးအဆောင်များကို အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ကျောင်းက ဆောင်ရွက်ရပါမည်။ ၎င်းတွင် ရေနှင့် ဆပ်ပြာရရှိခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ အိမ်သာနှင့် အခြားဆက်စပ် အသုံးအဆောင်များကို နေ့စဉ်နှင့် အချိန်အပိုင်းအခြားအလိုက် သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် အိမ်သာကျင်းများ ပြည့်ပါက စုပ်ထုတ်ခြင်းသို့မဟုတ် ကျင်းဟောင်းမြှုပ်၍ ကျင်းအသစ်တူးဖော်ခြင်းတို့ ပါဝင်ပါသည်။

(၉၄) ကျောင်းများ၏ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များ တည်ဆောက်ခြင်းနှင့် ခိုင်ခံ့အောင် ပြုလုပ်ခြင်းတို့ အတွက် လိုအပ်သော ငွေကြေးကို သက်ဆိုင်ရာ ပညာရေး ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပုဂ္ဂလိက ကျောင်းပိုင်ရှင်များ၊ သို့မဟုတ် အခြား ပုဂ္ဂလိကကဏ္ဍ ဥပမာ– လူမှုအဖွဲ့အစည်း အကျိုးပြုလုပ်ငန်းများက ကျခံရမည်။ ရရှိနိုင်မှုထက် လိုအပ်ချက်က ပိုလွန်သော အခြေအနေများတွင် ကျောင်း သို့မဟုတ် မိဘဆရာအသင်းက ထည့်ဝင်ခြင်း ကဲ့သို့ အခြား အခြေအနေများ ကို ထည့်သွင်း စဉ်းစားရမည်။

(က) အိမ်သာခွက်တစ်ခုအလိုက်၊ ဆီးသွားခွက် တစ်ခုအလိုက် အိမ်သာများ၊ လက်ဆေးရန် နေရာများနှင့် ဓမ္မတာလာချိန် သန့်ရှင်းရေး အစီအမံများ၏ ဒီဇိုင်းပုံစံများအပေါ် စဉ်းစား၍

ကျောင်းအိမ်သာ တစ်လုံးအတွက် အမျိုးသားအဆင့် ရန်ပုံငွေကို သက်ဆိုင်ရာဝန်ကြီး ဌာနများမှ သတ်မှတ်ရပါမည်။ ဝေးလံခက်ခဲသော နေရာများ သို့မဟုတ် အခြား အခြေအနေ များအတွက် ခက်ခဲမှု ရန်ပုံငွေများကိုလည်း ခွင့်ပြုနိုင်ပါသည်။ ကျောင်းများသည် ခွဲဝေရရှိထားသော ရန်ပုံငွေအပြင် (ကိုယ်ပိုင်ရန်ပုံငွေ၊ မိဘဆရာအသင်းရန်ပုံငွေကဲ့သို့) အခြားအရင်းအမြစ်များမှ ထပ်မံရရှိသော ရန်ပုံငွေများဖြင့် ပိုမိုကောင်းမွန်အောင် လွတ်လပ်စွာ ဆောင်ရွက်နိုင်ပါသည်။ အသုံးအဆောင်များ၏ ဒီဇိုင်းပုံစံကို ဒေသအခြေ အနေများအပေါ် အခြေခံ၍ ဆုံးဖြတ်ရပါမည်။

(၉၅) ကျောင်းများတွင် သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပညာများ သင်ကြားပေးခြင်း။

(က) သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်အတွက် သင်ရိုးညွှန်းတမ်း များကို အားဖြည့် ရေးဆွဲပေးရပါမည်။

(ခ) ဆရာ၊ဆရာမများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရေး စွမ်းဆောင်ရည် မြှင့်တင်ခြင်းကို အားဖြည့် ဆောင်ရွက်ပေးရပါမည်။

(ဂ) နိုင်ငံတစ်ဝှမ်းရှိ ကျောင်းများတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ဓမ္မတာလာချိန် သန့်ရှင်းရေး အစီအမံနှင့် သဘာဝပတ်ဝန်းကျင် ပြဿနာများနှင့် စပ်လျဉ်းသော ပုံမှန်သင်ခန်းစာများကို သင်ကြားပေးရပါမည်။

၁၆.၄။ ကုန်ကျစရိတ်များ

(၉၆) ကျောင်းများ၏ ပိုမိုကောင်းမွန်သော သန့်ရှင်းရေးအတွက် လိုအပ်သော နည်းပညာ ကုန်ကျစရိတ်များကို ဤအကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်တွင် စဉ်းစားထား ပါသည်။ ပစ္စည်းများ၏ ကုန်ကျစရိတ်ကို ပညာရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနအောက်ရှိ ကျောင်းများနှင့် ပုဂ္ဂလိကျောင်းများကကျခံရပါမည်။ ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြုစုရပါမည်။

(ကုန်ကျစရိတ်များ အားလုံးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်)

| လုပ်ဆောင်ချက် | အသေးစိတ်ဖော်ပြချက်များ | ပမာဏ |
|---|---|---|
| ကျောင်းများအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း | တစ်လုံးတစ်ခဲတည်း ကုန်ကျငွေ | ၅၀,၀၀၀ |
| ဆရာများအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း | ဆရာ ၁၇၅,၆၀၇ x တစ်ဦးလျှင် ဒေါ်လာ ၁၀၀ | ၁၇,၅၆၀,၇၀၀ |

| | | |
|---|---|---|
| ဆရာများအတွက် မွမ်းမံသင်တန်း | နှစ်စဉ် ဆရာများ၏ ၁၀% ဆရာ တစ်ဦးလျှင် ဒေါ်လာ ၅၀ | ၇,၀၂၄,၂၈၀ |
| စုစုပေါင်း | | ၂၄,၆၃၄,၉၈၀ |




၁၇။ ပိုမိုကောင်းမွန်သောသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ကိုလက်လှမ်းမီခြင်း နှင့် အသုံးပြုခြင်း- ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ

၁၇.၁။ မျှော်မှန်း အကျိုးရလဒ်နှင့် ညွှန်ကိန်း

ကျေးလက်ဒေသများရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားလုံးတွင် စံသတ်မှတ်ချက်များနှင့်အညီ လုံလောက်သော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များကို ပြည့်စုံစေရမည်။

၁၇.၂။ လျာထားချက်များ

| | ၂၀၂၀ (အခြေခံနှစ်) | ၂၀၂၂ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|---|
| အတွင်းလူနာများ/ ပြင်ပလူနာများ အတွက် ကောင်းမွန်သော အိမ်သာများကို အသုံးပြုခြင်း | ဆွေးနွေးရန် | ၉၀ | ၁၀၀ | ၁၀၀ |
| ဝန်ထမ်းများ အတွက် ကောင်းမွန်သော အိမ်သာများကို အသုံးပြုခြင်း | ဆွေးနွေးရန် | ၉၀ | ၁၀၀ | ၁၀၀ |
| ဆပ်ပြာရှိသော လက်ဆေးရန်နေရာများ ရှိခြင်း | ဆွေးနွေးရန် | ၉၀ | ၁၀၀ | ၁၀၀ |

၁၇.၃။ ချဉ်းကပ်နည်း

(၉၇) မြို့နယ်နှင့် အောက်အဆင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အားလုံးတွင် သန့်ရှင်း၍ စိတ်ချရသော မိလ္လာစနစ် ရှိရမည်။ ၎င်းအသုံးအဆောင်များကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ဆေးရုံ/ဆေးခန်းများအတွက် သက်ဆိုင်ရာ ရန်ပုံငွေမှ ကျခံသုံးစွဲရမည်ဖြစ်ပြီး ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းပိုင်ရှင်များအနေဖြင့် မိမိတို့၏ဆေးရုံဆေးခန်းများအတွက် တာဝန်ယူ၍ ဆောက်လုပ် ရပါမည်။စံသတ်မှတ်ချက်နှင့် မကိုက်ညီသော အိမ်သာများဖြစ်ပါက အဆင့်မြှင့်တင် ရပါမည်။

(က) အသုံးပြုနိုင်သော အိမ်သာများ၏ အရေအတွက်သည် အတွင်းလူနာများ၊ ပြင်ပလူနာများနှင့် ဝန်ထမ်းများ အရေအတွက်အလိုက် သတ်မှတ်ထားသော ဆီးသွားခွက်နှင့် အိမ်သာများ သည် အစိုးရက စံသတ်မှတ်ချက်အတိုင်း ဖြစ်ရမည်။ အိမ်သာများကို ကျား/မ ခွဲခြား ထားရမည်။ လူနာများသည် ယာယီသို့မဟုတ်အမြဲတစေ မသန်စွမ်းမှုရှိနိုင်သဖြင့် ဆေးရုံ ဆေးခန်းများ၏ အိမ်သာများကို၎င်းတို့အသုံးပြုနိုင်စေရန် အတွက်လည်း အထူးတလည် စဉ်းစားပေးရမည်။

(ခ) မည်သည့် ဆေးရုံဆေးခန်းတွင်မဆို သန့်ရှင်းရေးသည် အသက်သွေးကြော ဖြစ်သည့် အတွက် ရေချိုးရန်နှင့် လျှော်ဖွတ်ရန်နေရာများကိုပါ ဖြည့်ဆည်း၍ ထိန်းသိမ်းခြင်းအပြင် ရေအဆက်မပြတ်လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးရပါမည်။ ဆေးရုံအညစ်အကြေး စီမံခန့်ခွဲမှု မူဝါဒ တစ်ဖြည်းဖြည်းဖြစ်တည်လာရန်နှင့် ရောဂါကူးစက်မှုမှ ကာကွယ်တားဆီး ရန်ကို အာရုံစိုက်ရပါမည်။ ဆေးရုံဆေးခန်းများအားလုံးသည် ရောဂါကူးစက်မှုမှ ကာကွယ် တားဆီးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၏ အညစ်အကြေး များ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ယုံကြည်စွာ လိုက်နာ ကျင့်သုံးရမည်။

(ဂ) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များကို လုပ်ထုံးလုပ်နည်းများ နှင့်အညီ ထိန်းသိမ်းရမည်။ ၎င်းကို ဆေးရုံဆေးခန်းများ၏ အသုံးပြုခြင်းနှင့် ပြင်ဆင် ထိန်းသိမ်းခြင်း ပုံမှန် ရန်ပုံငွေမှ တာဝန်ယူ ဆောင်ရွက်ရမည်။

(၁) ကျန်းမာရေးဝန်ထမ်းများကို ဆေးရုံဆေးခန်းများမှ ထွက်ရှိသည့် အမှိုက်များကို စီမံခန့်ခွဲခြင်းနှင့် စနစ်ကျသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အလေ့အကျင့် ကောင်းများကို သင်ကြားလေ့ကျင့်ပေးရမည်။

၁၇.၄။ ကုန်ကျစရိတ်များ

(၉၈) ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၏ အိမ်သာများအတွက် ပစ္စည်း ကုန်ကျစရိတ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သို့မဟုတ် ပုဂ္ဂလိကဆေးရုံ/ ဆေးခန်း ပိုင်ရှင်များ ကျခံမည် ဖြစ်သောကြောင့် ဤခေါင်းစဉ်အောက်တွင် မည်သည့်ကုန်ကျစရိတ်ကိုမျှ မတွက်ထားပါ။ ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရေးဆွဲပါမည်။

၁၈။ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို လက်လှမ်းမီခြင်း

၁၈.၁။ မျှော်မှန်းအကျိုးရလာဒ်နှင့် ညွှန်ကိန်း

(၁) အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင်များကို သုံးစွဲသူအများပြည်သူများသည် အလွယ်တကူ လက်လှမ်းမီမှု ရှိရမည်။

(၂) ဤအများပြည်သူနှင့် သက်ဆိုင်သော နေရာများရှိ အသုံးအဆောင်များကို သုံးစွဲသူများက ပေးသည့် အခကြေးငွေဖြင့် အဓိက ပြုပြင်ထိန်းသိမ်းရမည်။

၁၈.၂။ လျာထားချက်များ

| အများပြည်သူနှင့်ဆိုင်သောနေရာ အမျိုးအစား | ၂၀၂၀ | ၂၀၂၂ | ၂၀၂၅ | ၂၀၃၀ |
|---|---|---|---|---|
| ဈေးများ | မသိ | ၄၀% | ၈၀% | ၁၀၀% |
| ကားဂိတ်များ/အချက်အချာနေရာများ (မြို့တွင်း/လမ်းဆုံ) | မသိ | ၄၀% | ၈၀% | ၁၀၀% |
| ဘာသာရေးပွဲတော်များ | မသိ | ၄၀% | ၈၀% | ၁၀၀% |
| အခြား | မသိ | ၄၀% | ၈၀% | ၁၀၀% |

၁၈.၃။ ချဉ်းကပ်နည်း

(၉၉) အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် တည်ရှိသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အဆောက်အဦများကို လူအမြောက်အများ သွားလာလှုပ်ရှားသော နေရာများ တွင် ဆောက်လုပ်ရပါမည်။ ဈေးများ၊ ဘတ်စ်ကားဂိတ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ပန်းခြံများကဲ့သို့ အမြဲတမ်းနေရာများ ရှိပါသည်။ သို့သော်

လစဉ်/နှစ်စဉ်ကျင်းပသော ပွဲလမ်းသဘင်ကဲ့သို့ ယာယီနေရာများလည်း ရှိပါသည်။ ပွဲကျင်းပခြင်း၏ ကာလအပိုင်းအခြား ကို လိုက်၍ ယာယီ သို့မဟုတ် အမြဲတမ်း အဆောက်အဦများ ရှိနိုင်ပါသည်။

(၁၀၀) အိမ်သာများတွင် ကျား/မ ခွဲခြားထားသော ဆီးသွားခွက်များနှင့် အိမ်သာခွက်များ၊ လက်ဆေးရန် နေရာများ၊ ရင်ခွင်ပိုက်နှင့် ကလေးငယ်များအတွက် နေရာအသုံးအဆောင်များ၊ ဓမ္မတာ သန့်ရှင်းရေး အစီအမံများ၊ ဆီးဝမ်းခံ အဝတ်များနှင့် ဓမ္မတာလာချိန်သုံး ပစ္စည်းများကို စွန့်ပစ်ရန်နေရာတို့ ပါဝင်ရမည်။

(က) အိမ်သာများတွင် မသန်စွမ်းသူများ (လှုပ်ရှားသွားလာရန် ခက်ခဲသူများ၊ အကြားအာရုံ ချွတ်ယွင်း သူများ၊ အမြင်အာရုံချို့တဲ့သူများ) အတွက် အဆင်ပြေသောနေရာများ မဖြစ်မနေ ပါဝင်ရမည်။ အိမ်သာများသည် လွယ်ကူစွာ အသုံးပြုနိုင်သော နေရာများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအတွက် လုံခြုံသောနေရာများ၊ အလင်းရောင် ကောင်းစွာ ရသော နေရာများနှင့် သီးသန့်ဖြစ်သော နေရာများတွင် တည်ရှိရပါမည်။

(၁၀၁) ဆောက်လုပ်မည့်အဆောက်အဦုအံမျိုးအစား၊ ထိုအဆောက်အဦ၏၊ အရွယ်အစားနှင့် အခြား ပါဝင်ရမည့်အသေးစိတ်အချက်များကို လိုအပ်ချက် ဆန်းစစ်လေ့လာခြင်းမှ သိရှိနိုင်ပါသည်။ သုံးစွဲသူများက ပေးသည့် အသုံးပြုခများဖြင့် ကုန်ကျစရိတ်များ ကျခံနိုင်ခြင်းနှင့် အဆောက်အဦ၏ ရေရှည်တည်တံ့စေခြင်းကို သိရှိနားလည်နိုင်စေရန်အတွက် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ကို ဆန်းစစ်ခြင်း ပြုလုပ်ရန်လိုအပ်ပါသည်။

(က) သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင် တစ်ခုစီအတွက် (ဆီးသွားခွက်၊ အိမ်သာအထိုင်၊ ရေပန်း တစ်ခုချင်းအလိုက်) ကုန်ကျစရိတ်များနှင့် အဆောက်အဦများ အတွက် ကုန်ကျငွေကို ပြည်ထောင်စုအဆင့်တွင် လမ်းညွှန်ချက်များအဖြစ် ချမှတ်ရပါမည်။ တစ်ခုချင်းအလိုက် ကုန်ကျစရိတ်နှင့် အရွယ်အစားကို အခြေခံ၍ အဆောက်အဦအတွက် ရန်ပုံငွေကို ဆုံးဖြတ်ရပါမည်။ အချို့သွားလာရန် ခက်ခဲသောဒေသများ သို့မဟုတ် အခြား ထူးခြားချက်ရှိသော နေရာများတွင် ဆောင်ရွက်ပေးရန် အခက်အခဲ ရှိနိုင်ပါသည်။ ဤအသုံး အဆောင်များ၏ ကုန်ကျစရိတ်ကို အစိုးရ ရန်ပုံငွေများမှ သို့မဟုတ် အကြွေးစနစ်ဖြင့် ကျခံရပါမည်။ အစိုးရသည် အထူးကိစ္စများတွင် လည်ပတ်အသုံးပြုမှုနှင့် ပြင်ဆင်ထိန်းသိမ်း ခြင်းကို ထောက်ပံ့နိုင်ရန်အတွက် အလားအလာရှိသောဘဏ္ဍာငွေအရင်းအမြစ်များကိုလည်း ထူထောင်ရမည်။

(၁၀၂) ပုဂ္ဂလိက ကဏ္ဍသည် ဤအသုံးအဆောင်များကို တည်ဆောက်ခြင်း သို့မဟုတ် သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း သို့မဟုတ် နှစ်ခုလုံးတွင်ပါဝင်ပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း

ပုံစံဖြင့် တာဝန်ယူ ဆောင်ရွက်ပါသည်။ ဤနေရာတွင် ပုဂ္ဂလိကကဏ္ဍဆိုသည်မှာ အကြီးစား သို့မဟုတ် ဒေသရှိ ပုဂ္ဂလိက ကုမ္ပဏီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကိုယ်အားကိုယ်ကိုး ကူညီမှုအသင်းများ၊ သို့မဟုတ် မှတ်ပုံတင်ထားသော အသင်းအဖွဲ့တစ်ခုခု၊ ဆောက်လုပ်ခြင်း သို့မဟုတ် သုံးစွဲခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေသော အဖွဲ့အစည်း တို့ကို ဆိုလိုပါသည်။ ဒေသခံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကူညီမှုအသင်း၊ စသည်များကို အထူးစဉ်းစား၍ အဖွဲ့များကို ဈေးနှုန်းယှဉ်ပြိုင်ခြင်းစနစ်ကို အခြေခံ၍တာဝန် ပေးအပ်ရမည်။ ကန်ထရိုက်စည်းကမ်းကို ပြည်ထောင်စုအဆင့် ရေးဆွဲထားသော ပုံစံကို အခြေခံ၍ အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့များ အကြား ရေးဆွဲရပါမည်။

(က) အကယ်၍ ဆောက်လုပ်ရေးလုပ်ငန်းကို ပုဂ္ဂလိကအဖွဲ့များက တာဝန်ယူ ဆောင်ရွက်ရပါက ၎င်းတို့သည် ငွေလုံးငွေရင်း အသုံးစရိတ်ကို ၎င်းတို့ကိုယ်တိုင် သို့မဟုတ် အစိုးရ၏ ရန်ပုံငွေထောက်ပံ့မှုများမှ တင်ပြ သုံးစွဲနိုင်ပါသည်။ ၎င်းတို့ကိုယ်တိုင် စိုက်ထုတ်သုံးစွဲခဲ့ပါက ငွေလုံးငွေရင်း အသုံးစရိတ်၊ အဆောက်အဦများကို လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြင်ဆင် ထိန်းသိမ်းခြင်း အသုံးစရိတ်တို့ကို အသုံးပြုခတို့မှ ပြန်လည်ရရှိမည်ဖြစ်ပါသည်။ ငွေလုံး ငွေရင်း အသုံး စရိတ်သည် အများပိုင် သို့မဟုတ် အစိုးရအရင်းအမြစ်မှ ဖြစ်ခဲ့ပါက စိုက်ထုတ်ပေးသူသည် အသုံးပြုခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း စရိတ်များနှင့် ငွေလုံး ငွေရင်း စီမံခန့်ခွဲမှု အသုံးစရိတ်ကို အသုံးပြုခများမှ ပြန်လည်ရယူရပါမည်။

(၁၀၃) အများသုံးအိမ်သာအသုံးပြုခများကို ပုံမှန်သုံးစွဲသည့် သုံးစွဲသူ လူတန်းစားက တတ်နိုင်စေရန် သတ်မှတ်ပေးရမည်။ အိမ်သာသည် ကျေးလက်ဒေသ ဈေးများတွင် တည်ရှိပါက အသုံးပြုခသည် နည်းနိုင်ပါသည်။ မြို့ဆင်ခြေဖုံး ယာဉ်ရပ်နားစခန်းနှင့် အခြားနေရာများတွင် တည်ရှိပါက အသုံးပြုခသည် ပိုမိုမြင့်မားနိုင်ပါသည်။ ပဏာမ လိုအပ်ချက်ဆန်းစစ်ခြင်းတွင် အိမ်သာဆောက်မည်/ မဆောက်မည် ကို စီမံကိန်းအဆင့်တွင် ဆုံးဖြတ်ရန်အတွက် အသုံးပြုခသည် စဉ်းစားရမည့် အချက် တစ်ခု ဖြစ်စေရပါမည်။ အသုံးပြုခ ကောက်ခံရရှိငွေများကို အသေးစား ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အမြတ်ငွေသို့ ခွဲဝေခြင်းအပြင် မူလသဘောတူထားသော သတ်မှတ်ချက်များအတိုင်း စီမံကိန်း၏ အထွေထွေ သုံးစွဲမှုနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း စရိတ်များတွင်လည်း ထည့်ဝင်စေရပါမည်။

(က) အထူးကိစ္စရပ်များတွင် အသုံးပြုခသည် သုံးစွဲသူများ တတ်နိုင်အောင် သတ်မှတ်ထားရသည့် အတွက် အထွေထွေ သုံးစွဲမှုနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းဆိုင်ရာ စရိတ်များ သို့မဟုတ် အမြတ်ငွေ မရရှိသော်လည်း အိမ်သာကို အသုံးပြုဆဲ ဖြစ်ပါက စီမံခန့်ခွဲသော အဖွဲ့သည်

အစိုးရထံမှ ဆက်လက်ရပ်တည်နိုင်မှု (ရှင်သန်မှု) ရန်ပုံငွေကို တောင်းခံရန် အခွင့်အရေး ရရှိစေရမည်။ သို့သော်လည်း ၎င်းတောင်းခံမှုအတွက် အိမ်သာ၏သုံးစွဲမှု ကုန်ကျစရိတ်များကို အသေးစိတ်လေ့လာခြင်းအား ရှေးဦးစွာ ဆောင်ရွက်ရမည်။ သုံးစွဲမှုနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း စရိတ်များနှင့် အသုံးပြုခ ရရှိမှုတို့ အကြား လိုငွေရှိသည်မှာ မှန်ကန်ကြောင်းနှင့် ဆက်လက်ရပ်တည်နိုင်မှု ရန်ပုံငွေမှ အထောက်အပံ့ပေးရန် လိုအပ်ချက်ရှိကြောင်း သေချာစေရမည်။ ဆက်လက်ရပ်တည်နိုင်မှု ရန်ပုံငွေထောက်ပံ့မှုသည် အိမ်သာကို အထွေထွေသုံးစွဲမှုနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း စရိတ်များ၏ ၄၀% ထက် မပိုစေရ။ ဆက်လက် ရပ်တည်နိုင်မှု ရန်ပုံငွေ ထုတ်ပေးနိုင်ရန် ပွင့်လင်း မြင်သာ၍ ဓမ္မဓိဋ္ဌာန်ကျသော လမ်းညွှန်ချက်များကို ပြည်ထောင်စုအစိုးရက ပြုစုရပါမည်။ ဤလုပ်ငန်းစဉ်ကို လမ်းညွှန်ရပါမည်။

(ခ) အိမ်သာ၏ အကြီးစား ပြင်ဆင်ထိန်းသိမ်းခြင်းသည် ပထမဦးဆုံး ငွေလုံးငွေရင်း အသုံးစရိတ် ကဲ့သို့ အစိုးရ၏ရန်ပုံငွေ သို့မဟုတ် ပုဂ္ဂလိက ချေးငွေတို့ဖြင့် တူညီသော နည်းလမ်းကို လိုက်နာရမည်။

၁၈.၄။ ကုန်ကျစရိတ်များ

(၁၀၄) အများပြည်သူဆိုင်ရာ နေရာများ၏ ကောင်းမွန်၍လုံခြုံစိတ်ချရသော အိမ်သာများ အတွက် လိုအပ်သော နည်းပညာပံ့ပိုးမှုများ၏ ကုန်ကျစရိတ်ကို ဤအကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်တွင် စဉ်းစားတွက်ချက်ပါသည်။ ပစ္စည်းများ၏ ကုန်ကျစရိတ်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများက ကျခံရပါမည်။ ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှုအစီအစဉ်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရေးဆွဲပါမည်။ အောက်ဖော်ပြပါ ကုန်ကျစရိတ်အားလုံးကို ပထမနှစ် – ၂၀၂၀ တွင် ကျခံနိုင်ရန် မျှော်လင့်ပါသည်။

(ကုန်ကျစရိတ်များ အားလုံးကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်)

| လုပ်ဆောင်ချက် | အသေးစိတ်များ | ကုန်ကျငွေ |
|---|---|---|
| အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် တည်ရှိသော သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းများဆိုင်ရာ လမ်းညွှန်ချက်များ | တစ်လုံးတစ်ခဲတည်း ကုန်ကျငွေ | ၅၀,၀၀၀ |
| ဆက်လက် ရပ်တည်နိုင်မှု လိုအပ်ချက် ရန်ပုံငွေဆိုင်ရာ လမ်းညွှန်ချက်များ | တစ်လုံးတစ်ခဲတည်း ကုန်ကျငွေ | ၅၀,၀၀၀ |

| | | |
|---|---|---|
| စုစုပေါင်း | | ၁၀၀,၀၀၀ |

၁၉။ အရေးပေါ် အခြေအနေများတွင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို လက်လှမ်းမီမှု

၁၉.၁။ မျှော်မှန်း အကျိုးရလဒ်နှင့် ညွှန်ကိန်း

(၁) မူဝါဒများ၊ အစီအစဉ်များ၊ စံသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စွမ်းဆောင်ရည် ပြည့်ဝခြင်းများသည် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် လူသားချင်း စာနာထောက်ထားမှုအရ တုံ့ပြန်ခြင်းများအတွက် ပြည်ထောင်စု(ဗဟို)၊ တိုင်းဒေသကြီး/ ပြည်နယ် ၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် အဆင်သင့်ရှိနေရမည်။

(၂) ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်နေကြသည့် အစိုးရဌာနများ၊ ရပ်ရွာလူထုများနှင့် လူသားချင်း စာနာထောက်ထားမှု ဆောင်ရွက်သူများသည် လူသားချင်းစာနာထောက်ထားမှု စည်းမျဉ်းစည်းကမ်းများကို အခြေခံသည့် အမျိုးသားအဆင့် စံသတ်မှတ်ချက်များနှင့်အညီ လျာထားချက်များ ချမှတ်ပြီး အချိန်မီ တုံ့ပြန်ရပါမည်။

(၃) ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းများကို လုပ်ဆောင်နေကြသည့် အစိုးရဌာနများ၊ ရပ်ရွာလူထုများနှင့် လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများသည် ပျက်စီးသွားသော/ အသုံးပြု၍မရနိုင်တော့သော ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြေခံအဆောက်အဦများကို ထိန်းသိမ်းခြင်းနှင့် ကောင်းမွန်အောင် ပြန်လည်တည်ဆောက်ခြင်းတို့ကို ပြုလုပ်ကြပါမည်။

၁၉.၂။ ချဉ်းကပ်နည်း

(၁၀၅) ဘေးအန္တရာယ်နှင့် အရေးပေါ်ခြေအနေများ ကျရောက်တတ်သော ဒေသများတွင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းများသည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ အထူးသဖြင့် မြို့နယ်အဆင့်တွင် ဖွဲ့စည်းထားသည့် သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီများ၏ အလုံးစုံ ဦးဆောင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု လက်အောက်တွင် ရှိရပါမည်။

(က) မြို့နယ်သည် ဘေးအန္တရာယ်ကျရောက်ချိန်နှင့် အရေးပေါ်ခြေအနေများကို ရင်ဆိုင်ရန် အတွက် စီမံခန့်ခွဲမှု အစီအစဉ်တစ်ခုကို စံလုပ်ထုံးလုပ်နည်း များနှင့်အတူ ပြင်ဆင်၍ တာဝန်ရှိသူများ အားလုံးကို ဖြန့်ဝေထားရမည်။ လုပ်ငန်းအစီအစဉ်တွင် အရေးပေါ် ကယ်ဆယ်ရေးနေရာများ၊ ကူညီပံ့ပိုးနိုင်သည့် လူများကို သတ်မှတ်ခြင်း၊ အသင့်ရှိရမည့် ပစ္စည်းများနှင့် ငွေကြေးဆိုင်ရာ လိုအပ်ချက်တို့ ပါဝင်ရပါမည်။

(ခ) ဘေးအန္တရာယ်ကျရောက်ချိန် နှင့် အရေးပေါ်ခြေအနေများတွင် အမြန်တုံ့ပြန် ဆောင်ရွက်နိုင်ရန် အတွက် အမြန်ဆောက်လုပ်နိုင်သည့် အသင့်ပုံသွင်းပြီးပစ္စည်းများ၊ အရေးပေါ် အသုံးအဆောင်များ စသည်တို့ ပါဝင်သော ထောက်ပံ့ဖြန့်ဖြူးရေး ကွင်းဆက်များကို မြို့နယ်အဆင့်တွင် ပြင်ဆင်ထားရပါမည်။

(ဂ) အရေးပေါ်အခြေအနေများ ဖြစ်ပွားသည့်အချိန်များတွင် အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရေးပေါ် အခြေအနေများတွင်သာ အသုံးပြုရန်ဖြစ်သော မြို့နယ်အဆင့် အရေးပေါ် ရန်ပုံငွေတစ်ခုကို အဆင်သင့်ထူထောင် ပြင်ဆင်ထားရပါမည်။

(ဃ) အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်ပြီး အချိန်နှင့်တစ်ပြေးညီ အခြေအနေ၏ အဆင့်အတန်းကို သိရှိစေနိုင်သည့် စောင့်ကြည့်စစ်ဆေးခြင်း စနစ်တစ်ခုကို အရေးပေါ်ချိန်တွင် အဆင်သင့် သုံးစွဲနိုင်စေရန် ရေးဆွဲ စမ်းသပ် လေ့ကျင့် ပြင်ဆင် ထားရပါမည်။

(၁၀၆) အရေးပေါ်အခြေအနေများတွင် လုပ်ဆောင်ရန်လိုအပ်သည့် ကိစ္စရပ်များအပေါ် အထူးသတိပြုမိစေသော အစည်းအဝေးများကို အဖွဲ့အစည်း အမျိုးမျိုးနှင့် ပြည်သူလူထု အကြားတွင် ပြုလုပ်ရပါမည်။

၁၉.၃။ ကုန်ကျစရိတ်များ

(၁၀၇) ပစ္စည်းများအတွက် ကုန်ကျစရိတ်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ သို့မဟုတ် အခြားအဖွဲ့အစည်းများက ကျခံရပါမည်။ ကုန်ကျစရိတ် တွက်ချက်ထားသော အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြုစုရပါမည်။